# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ သောကြာနေ့၊ *(18-9-2015)* (၈၃၂၇)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လူဇင်ဘတ်နိုင်ငံ၊ အီတလီသမ္မတနိုင်ငံနှင့် နယ်သာလန်ဘုရင်နိုင်ငံ သံအမတ်ကြီးများက သံအမတ်ခန့်အပ်လွှာပေးအပ်

သတင်း စာမျက်နှာ » ၃

# သဘာဝတောင်ပြိုရေကန်များနဲ့ပတ်သက်ပြီးတော့ အန္တရာယ်မရှိပါဘူးလို့ပြောချင်ပါတယ်

ဦးမော်မော်နိုင်

မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခဲ့မှုများကြောင့် ချင်းပြည်နယ်တွင် တောင်ပြိုမှုများ ဖြစ်ပွား၍ စီးဆင်းမျောပါလာသောရွှံ့ညွန်မြေများ တောင်ကျရေစီးကြောင်းများကိုပိတ်ဆို့ရာမှ သဘာဝတောင်ပြိုရေကန်များ၊ ရေကာတာများသဖွယ်ဖြစ်ပေါ်မှုများရှိခဲ့သည်။ ထိုသို့ဖြစ်ပေါ်လာမှုအပေါ် ဒေသခံများက စိုးရိမ်ပူပန်နေမှုများ ရှိနေကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ကလေးမြို့ရာဇဂြိုဟ်ဆည်မှ တာဝန်ရှိသူများက သဘာဝတောင်ပြိုရေကန်များ၏ လက်ရှိအခြေအနေ၊ ရေများပြိုကျစီးဆင်းလာနိုင်သည့်အနေအထားနှင့် အန္တရာယ်ရှိ မရှိတို့ကို သွားရောက်လေ့လာတိုင်းတာစစ်ဆေးမှုများ ပြုလုပ်နေသည့်အပေါ် အများပြည်သူ သိရှိနိုင်ရန် မေးမြန်းဖော်ပြပေးလိုက်ပါသည်။


**ဦးမော်မော်နိုင်**
**(လက်ထောက်ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၄)၊ ဆည်မြောင်းဦးစီးဌာန)**

**မေး။ တောင်ပေါ်မှာဖြစ်ပေါ်နေတဲ့ သဘာဝမြေပြိုရေကန်တွေ့ရှိခဲ့ပုံကို ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ဟုတ်ကဲ့ပါ။ တည်နေရာကတော့ ချင်းပြည်နယ် တွန်းဇံမြို့နယ် ဟံဂင်ကျေးရွာအနောက်ဘက်သုံးမိုင်ခန့်အကွာမှာ နေရဥ္စရာချောင်းရဲ့ ချောင်းလက်တက်ပေ့ါ။ တွီလွီချောင်းရဲ့ချောင်းအဖျားပိုင်းလေးမှာ တွေ့ရှိခဲ့ရပါတယ်။

**မေး။ လက်ရှိဆရာတို့ သွားရောက်လေ့လာခဲ့တဲ့ရေကန်ရဲ့ အနေအထားကိုလည်း ပြောပြပေးပါဆရာ။**

ဖြေ။ ကျွန်တော်တို့ ရာဇဂြိုဟ်ဆည်ကနေပြီးတော့ သွားရောက်ခဲ့တာ နှစ်ခေါက်ရှိပါပြီ။ ပထမတစ်ခေါက်ကတော့ ငါးရက်လောက်ကြာပါတယ်။ ချောင်းလမ်းအတိုင်းသွားတာ ၃၂ မိုင်တစ်ခေါက်သွားပါတယ်။ နောက်တောင်ပေါ်လမ်းအတိုင်းသွားတာက သုံးရက်လောက်ကြာတယ်။ ၃၄ မိုင်ရှိပါတယ်။ အဲဒီလိုသွားကြည့်တဲ့အခါ ချောင်းလမ်းအတိုင်းသွားတာက တောင်ပြိုတဲ့ဟာကြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**




ရှင်းလင်းချက်

တိမ်များဖုံးအုပ်ဧရိယာ — ဂြိုဟ်တုမှတွေ့ရှိခဲ့သည့် ရေကန်

ကလေးမြို့နယ် ဆည်တော်ရွာအထက် ၂၃ မိုင်အကွာရှိ တွန်းဇံမြို့နယ် တောင်ပေါ်ဒေသတွင် သဘာဝအလျောက်ဖြစ်ပေါ်လာသော ရေကန်*(Landslide Dam)* နေရာပြ ရေဒါပုံရိပ်ဂြိုဟ်တုဓာတ်ပုံကို တွေ့ရစဉ်။




ကြေးမုံစာတည်းရှုထောင့် ၁၈-၉-၂၀၁၅၊ သောကြာနေ့

# အိုဇုန်းလွှာကိုထိန်းသိမ်း

အိုဇုန်းလွှာသည် ကမ္ဘာကြီးနှင့် လူသားများကို ကာကွယ်စောင့်ရှောက်ပေးထားသော သဘာဝအတားအဆီးဖြစ်ပါသည်။ ထိုအတားအဆီးကို ဖျက်ဆီးနိုင်သောအရာမှာ ဖန်လုံအိမ်ဓာတ်ငွေ့ဖြစ်ပါသည်။ ယခုအခါ ကမ္ဘာကြီးတွင် ဖန်လုံအိမ်ဓာတ်ငွေ့များ တိုးတက်ဖြစ်ပေါ်လာသောကြောင့် ကမ္ဘာကြီးကိုကာကွယ်ထားသောအိုဇုန်းလွှာမှာ ပေါက်ထွက်လာကာ ကမ္ဘာကြီးနှင့်တကွ လူသားများအား ဆိုးကျိုးများ ပေးလာခဲ့ပါသည်။

အိုဇုန်းလွှာသည် ကမ္ဘာ့လေထုအတွင်းရှိ အလွှာကြီးလေးလွှာအနက် ဒုတိယအကြီးဆုံး အလွှာကြီးတစ်ခုဖြစ်သည်။ မြေပြင်အထက် မိုင် ၃၀ ကျော် အကွာအဝေးတွင်ရှိသော စထရာတိုစဖီးယားဟုခေါ်သည့် အပြာရောင်ဓာတ်ငွေ့အလွှာဖြစ်သည်။ ထိုအလွှာတွင် တစ်ကမ္ဘာလုံး၏ အိုဇုန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းရှိသည်။ အိုဇုန်းဓာတ်ငွေ့သည် နေရောင်ခြည်မှလာသည့် ခရမ်းလွန်ရောင်ခြည်များအား ကမ္ဘာမြေပေါ်သို့ ကျရောက်မှုနည်းအောင် စုပ်ယူအကာအကွယ်ပေးထားသည်။

ယခုအခါ အိုဇုန်းလွှာ ပါးလွှာပေါက်ပြဲလာသောကြောင့် ကမ္ဘာမြေပေါ်သို့ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုအညွှန်းကိန်း တစ်နေ့တခြား မြင့်တက်လာသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်လာခြင်းသည် ကမ္ဘာမြေပေါ်မှ စက်ရုံအလုပ်ရုံများ၊ အင်ဂျင်ကျနေသည့် မော်တော်ယာဉ်များ၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်များမှ ထွက်ပေါ်လာသည့်ဓာတ်ငွေ့များမှတစ်ဆင့် ဖန်လုံအိမ်ဓာတ်ငွေ့ဖြစ်ပေါ်လာပေသည်။ သဘာဝအတိုင်း ထွက်သော ဖန်လုံအိမ်ဓာတ်ငွေ့မှာ ၁၈ ရာခိုင်နှုန်းသာရှိပြီး ကျန် ၈၂ ရာခိုင်နှုန်းမှာ လူသားတို့ဖန်တီးလိုက်၍ ပေါ်ထွက်လာခြင်းဖြစ်သည်။

ဖန်လုံအိမ်ဓာတ်ငွေ့ပေါ်ထွက်ပြီး လေထုထဲတွင်စုဆောင်းလာမှုကို ၁၉၇၄ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီးနောက် ဆယ်နှစ်အကြာ ၁၉၈၄ ခုနှစ်တွင် အန္တာတိကတိုက်အပေါ်တွင် အိုဇုန်းလွှာအပေါက်ကြီးကို စတင်တွေ့ရှိခဲ့ကြသည်။ ထိုအချိန်မှစတင်၍ အိုဇုန်းလွှာပေါက်ထွက်မှုသည် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လာခဲ့သည်။ ထို့ကြောင့် အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်နှစ်တိုင်း နိုင်ငံအလိုက်ကျင်းပခဲ့ကြရာ မြန်မာနိုင်ငံလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။

စက်တင်ဘာလ ၁၆ ရက်နေ့က မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် အိုဇုန်းလွှာတိုက်ဖျက်ရေးနေ့လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြပြီး ပြည်သူများအား အသိပညာပေးခဲ့ကြသည်ကို တွေ့ရသည်။သို့သော် အိုဇုန်းလွှာပေါက်ပြဲခြင်းဒဏ်ကြောင့် မြန်မာနိုင်ငံအတွင်းရှိ အချို့သောဒေသများမှ ပြည်သူများ အိုဇုန်းလွှာပေါက်ခြင်း၏ အကျိုးဆက်ဖြစ်သည့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားမှုဒဏ်အား ပြင်းထန်စွာခံစားခဲ့ကြရသည်ကို မှတ်မိနေဦးမည်ဖြစ်သည်။

ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက် လူသားများအားလုံးအတွက် ကမ္ဘာ့လေထုအတွင်းရှိ အိုဇုန်းလွှာကိုပျက်စီးစေသည့် ဒြပ်ပစ္စည်းများ လျော့ပါးစေရန် ခက်ခဲစွာကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်သည်။ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုအာမခံသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများအားလုံး အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းပါဝင်လာရန် ကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်သည်။ အိုဇုန်းလွှာကို ထိခိုက်မှုနည်းစေမည့် ပတ်ဝန်းကျင်ကောင်းမွန်မှုကို အစဉ်တည်တံ့စေနိုင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး အလေ့အထကောင်းများကို အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်နေဦးမည်ဖြစ်သည်။

လူတို့၏ သဘာဝအရ မိမိအကျိုးစီးပွားကိုသာ ရှေးရှုဆောင်ရွက်တတ်သည့် သဘောရှိသည်။ ကမ္ဘာ့လေထုလွှာကြီးအတွင်းမှ ကမ္ဘာကို ကာကွယ်စောင့်ရှောက်ထားသော အိုဇုန်းလွှာကြီးမပျက်စီးအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကို မဆိုထားနှင့် မိမိပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အလေးထားကာကွယ်စောင့်ရှောက်ရန်အတွက်ကိုပင် စိတ်ဝင်စားမှုနည်းပါးကြသူ အများစုဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာကြီးနှင့်ကမ္ဘာ့လူသားများအား ကာကွယ်စောင့်ရှောက်ပေးသည့် သဘာဝအတားအဆီးကြီး ပျက်စီးယိုယွင်းလာမှုကို အသိပညာပေးခြင်းဖြင့် ပိုမိုသိရှိနားလည်လာအောင် ဦးစွာဆောင်ရွက်နေကြသည့် ယနေ့ကာလတွင် အိုဇုန်းလွှာမပျက်စီးရေး ပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် တိုက်တွန်းချင်ပါသည်။ ။



# ဂျပန်ယန်း ၄၁၈၂ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ သုံးခု လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Tateshi Higuchi ဦးဆောင်သည့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် Economic and Social Development စီမံချက်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းအဆင့်မြှင့် တည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေးစီမံချက်နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်း (အပိုင်း-၂) တို့အတွက် ဂျပန်ယန်း ၄၁၈၂ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ သုံးခုကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်းနှင့် ဂျပန်နိုင်ငံ အစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Tateshi Higuchi တို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။ **(အပေါ်ပုံ)**

ယခု စာချွန်လွှာ သုံးခုကို လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ယခုလက်ရှိ လူ့စွမ်းအားအရင်းအမြစ်ထက် ပိုမိုသာလွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၆၉၆၀၀ | - | ၇၇၀၆၀၀ |
| မန္တလေး | ရွှေဈေး | ၇၆၉၂၀၀ | - | ၇၇၀၂၀၀ |


**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က ) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၉၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၅၉.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၂.၈၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၆.၀၄၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၃.၆၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉.၄၉၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၇၁.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၀.၂၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၂၈.၄၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၂၃.၇၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




# သုံးခွမြို့တွင် မဲဆန္ဒရှင်စာရင်းများကြေညာ

**သုံးခွ စက်တင်ဘာ ၁၇**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ၌ ထုတ်ပြန်ကြေညာလျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၉) ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတွင် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းမှ စတင်၍ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် မိမိတို့၏ အမည်စာရင်း ပါ၊ မပါ လာရောက်ကြည့်ရှုနေကြပြီး မိမိအမည်မပါရှိပါက သတ်မှတ်ပုံစံများနှင့် ပြန်လည်လျှောက်ထားကြရမည်ဖြစ်သည်။

ယင်းရပ်ကွက်နှင့် မြို့ပေါ်ရပ်ကွက်များသို့ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဇော်ဝိတ်နှင့် အဖွဲ့ခွဲဝင်များက လိုက်လံကြည့်ရှုစစ်ဆေး အားပေးခဲ့ကြသည်။

**ကြည်စိုးလွင်(ပြန်/ဆက်)**

# လိပ်သိုမြို့၌ မဲစာရင်းများကြေညာ

**လိပ်သို စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် လိပ်သိုမြို့ပေါ်နှင့် ကျေးရွာများတွင် နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံရွေးကောက်ပွဲတွင် မဲပေးနိုင်သည့် အခြေခံမဲစာရင်းများကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် တစ်ပြိုင်တည်း ကပ်၍ အသိပေးကြေညာခဲ့ကြောင်း သိရသည်။

**မနွယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လူဇင်ဘတ်နိုင်ငံ၊ အီတလီသမ္မတနိုင်ငံနှင့် နယ်သာလန်ဘုရင်နိုင်ငံ သံအမတ်ကြီးများက သံအမတ်ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လူဇင်ဘတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ရောဘတ် လောအာ ၎င်း၏ သံအမတ်ခန့်အပ်လွှာကိုပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပီရာ ဂျော်ဂျီယို ဖီဒယ်ရီကို အယ်လီဘာတီ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နယ်သာလန်ဘုရင်နိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကာရယ် ဂျိုဟန်း(စ်)နက် ဟာတော့ဂ် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လူဇင်ဘတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ရောဘတ်လောအာသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပီရာ ဂျော်ဂျီယို ဖီဒယ်ရီကို အယ်လီဘာတီသည် နံနက် ၁၁ နာရီတွင် လည်းကောင်း၊ နယ်သာလန်ဘုရင်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကာရယ် ဂျိုဟန်း(စ်)နက် ဟာတော့ဂ် သည် နံနက် ၁၁နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်းတို့၏သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းသည် မြန်မာပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကို လျစ်လျူပြုရာရောက်

### သတင်းထုတ်ပြန်ချက်

ရန်ကုန်မြို့အခြေစိုက် ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ နော်ဝေ၊ ဂျပန်၊ ဆွီဒင်၊ ဗြိတိန်နှင့် အမေရိကန်သံရုံးများမှ ပူးတွဲကြေညာချက် တစ်ခုကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

မကြာမီ ကာလအတွင်း ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲများသည် မြန်မာနိုင်ငံအတွက် အရေးကြီးသည်ကို အလေးထားသည့်အလျောက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် ပူးတွဲကြေညာချက်ပါ အားပေးထောက်ခံမှုကို အသိအမှတ်ပြုပါသည်။ တစ်ဖက်၌လည်း မြန်မာပြည်သူများအားလုံး တည်ငြိမ်အေးချမ်းစွာဖြင့် တက်ကြွစွာ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ပြင်ဆင်ဆောင်ရွက်နေသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်ချောမွေ့စွာ တိုးတက်ဖြစ်ပေါ်နေချိန်တွင် ပူးတွဲကြေညာချက်ကြောင့် အပြုသဘောမဆောင်သည့် မလိုလားအပ်သော အခြေအနေများဖြစ်ပေါ်စေနိုင်သည်ကို စိုးရိမ်မကင်းဖြစ်မိပါသည်။

ပူးတွဲကြေညာချက်၌ ဖော်ပြပါရှိသော နိုင်ငံများ၏ စိုးရိမ်မကင်းဖြစ်ရသည်ဆိုသည့် အကြောင်းတရားများကြောင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ကိစ္စရပ်ကြီးငယ်များကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘက်လိုက်ခွဲခြားမှုမရှိဘဲ တရားမျှတစွာဖြေရှင်းပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၁၅-၉-၂၀၁၅ ရက်နေ့ နိုင်ငံတကာ ဒီမိုကရေစီနေ့ သဝဏ်လွှာတွင်လည်း "မြန်မာနိုင်ငံသည် ဓလေ့ထုံးတမ်းပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံရှိသည့် လူမျိုးများစွာနေထိုင်သော နိုင်ငံဖြစ်သည့်အတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံ၏ လူမှုသဟဇာတဖြစ်မှုနှင့် မတူညီသည့် ကိုးကွယ်ယုံကြည်မှုများကို ထိခိုက်နစ်နာစေသည့် ကိစ္စရပ်များ မပေါ်ပေါက်စေရန် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင် ပြည်သူများအားလုံး ရှောင်ရှားရန် လိုအပ်ကြောင်း" အတိအလင်း ဖော်ပြထားပါသည်။ ယင်းမှာ မြန်မာနိုင်ငံအနေဖြင့် လူမှုအဖွဲ့အစည်းများအတွင်း လူမျိုးရေး၊ ဘာသာရေးသဟဇာတဖြစ်မှုကို အလေးထားကြောင်း ဖော်ပြနေခြင်းဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်သူများနှင့်သက်ဆိုင်သူများ အားလုံးသည် တရားမျှတပြီး လွတ်လပ်သည့်ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသူနိုင်ငံသား အားလုံးတန်းတူရည်တူ အခွင့်အရေးကို လူမျိုး၊ ဘာသာ၊ ကျား/မ မရွေးခံစားခွင့်ရှိကြောင်း အတိအလင်း ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်း၌ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းစဉ်နှင့် မဲဆွယ်စည်းရုံးရေးကာလအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အထူးအလေးပေးဆောင်ရွက်နေချိန်တွင် ပူးတွဲကြေညာချက်သည် ဘာသာရေး၊ လူမျိုးရေးအရ အထင်အမြင်လွဲမှားမှုများ၊ သံသယများပေါ်ပေါက်စေနိုင်သည့် တစ်ဖက်သတ် သုံးသပ်ဖော်ပြချက်များဖြစ်သည်ကို တွေ့ရှိရပါသည်။

ယခုကဲ့သို့ သိမ်မွေ့နက်နဲသည့် အချိန်အခါတွင် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းသည် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အေးချမ်းကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ရပ်ကို ကြိုးစားဖန်တီးနေကြသည့် မြန်မာပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကို လျစ်လျူပြုရာရောက်ပါသည်။ သို့ဖြစ်၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပူးတွဲကြေညာချက်ပါ ပြည်သူများအကြား အထင်အမြင်လွဲမှားမှုများကို ဖြစ်ပေါ်စေနိုင်သည့် ဖော်ပြချက်များကို ပြတ်ပြတ်သားသား ဆန့်ကျင်ပယ်ချပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၇**

ကမန်အမျိုးသားတိုးတက်ရေးပါတီ၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၈ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## ဟသ်ာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟသ်ာမြို့တွင် တစ်ပေခွဲခန့်နှင့် ဇလွန်မြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟသ်ာတခရိုင်(ဧရာဝတီမြစ်)အတွင်းနှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။ **(ကြေးမုံ)**



# ဂျပန်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းများ အထက်လွှတ်တော် အတည်ပြုနိုင်ရေး အာဏာရပါတီကြိုးပမ်း

**တိုကျို စက်တင်ဘာ ၁၇**

ဂျပန်နိုင်ငံ၏အာဏာရပါတီဖြစ်သော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)သည် အငြင်းပွားဖွယ်ရာ လုံခြုံရေးဥပဒေကြမ်းများအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ယင်းဥပဒေကြမ်းများကို ပါလီမန်ရှိ ကော်မတီတစ်ရပ်ထံ စက်တင်ဘာ ၁၇ ရက်တွင် တင်သွင်းလိုက်ကြောင်း ကျိုဒိုသတင်းဌာနက စက်တင်ဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အယ်လ်ဒီပီပါတီနှင့် ယင်း၏နိုင်ငံရေးညွန့်ပေါင်းမဟာမိတ်ပါတီဖြစ်သော ကိုမေတိုးပါတီတို့သည် အထက်လွှတ်တော်ရှိ ကော်မတီတစ်ခုမှတစ်ဆင့် လုံခြုံရေးဥပဒေကြမ်းများကို အတည်ပြုလာစေရန် ကြိုးပမ်းရာမှ ပါလီမန်အတွင်း အုတ်အုတ်သဲသဲ ဖြစ်ခဲ့ရသည်။ **(အပေါ်ပုံ)**

ဂျပန်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာအခန်းကဏ္ဍကို မြှင့်တင်ရေးနှင့်ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သည်မှာ နှစ်နှင့်ချီကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်တွင် ဂျပန်တပ်ဖွဲ့ရှုံးနိမ့်ခဲ့ပြီးနောက် ကန့်သတ်ချုပ်ချယ်ခံခဲ့ရသော ဂျပန်တပ်မတော်၏ အနာဂတ်အခန်းကဏ္ဍကို ပြန်လည်မြှင့်တင်ရန် အာဏာရပါတီက လိုလားသည်။

စစ်ပြီးခေတ်လွန်ကာလ ဂျပန်နိုင်ငံ၏လုံခြုံရေးမူဝါဒတွင် ကြီးမားသော ပြောင်းလဲမှုဖြစ်ပေါ်စေရန် အဆိုပါလုံခြုံရေးဥပဒေကြမ်းများက ရည်မှန်းသည်။

အဆိုပါဥပဒေကြမ်းများကို ပိုမိုအင်အားကြီးမားသည့် အောက်လွှတ်တော်က ဇူလိုင်လတွင် အတည်ပြုပေးခဲ့ပြီး အထက်လွှတ်တော်၏ အတည်ပြုချက်ရယူရန် အာဏာရပါတီမှ အမတ်များကြိုးပမ်းနေသော်လည်း အတိုက်အခံအမတ်များက အပြင်းအထန်ကန့်ကွက်မှုများပြုလုပ်လျက်ရှိသည်။

**ကျိုဒို။**

# ဂျိုလီနှင့် ဟွန်ဆန် သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးဆွေးနွေး

**ဖနောင်ပင် စက်တင်ဘာ ၁၇**

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်နှင့် အမေရိကန်ရုပ်ရှင်မင်းသမီး အိန်ဂျလီနာဂျိုလီတို့သည် စက်တင်ဘာ ၁၇ ရက်တွင် တွေ့ဆုံ၍ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မှတ်တမ်းရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်ကူးရန် ဆွေးနွေးခဲ့ကြသည်ဟု ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဝန်ကြီးချုပ်၏ လက်ထောက်အရာရှိ အန်းဆိုပါးလက်က ဝန်ကြီးချုပ် ဟွန်ဆန်နှင့် ဂျိုလီတို့သည် ၂၀၀၄ ခုနှစ်တွင် တွေ့ဆုံ၍ ဟွန်ဆန်က ဂျိုလီအား ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဆမ်လော့ဒေသရှိ သစ်တောဧရိယာ ဟက်တာ ၆၀၀၀၀ ခန့်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ခွင့်ပြုပေးခဲ့ပြီးနောက်ပိုင်း ယခုအကြိမ်သည် ဒုတိယအကြိမ်တွေ့ဆုံခြင်းဖြစ်သည်ဟု ပြောကြားသည်။




"ဂျိုလီက သူ့ရဲ့ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းဟာ အဆင်ပြေ ချောချောမွေ့မွေ့ရှိတဲ့ အကြောင်းနဲ့ သစ်တောဧရိယာတွေ စိမ်းစိုလှပနေတာဟာ ကမ္ဘောဒီးယားနိုင်ငံရဲ့ သဘာဝသယံဇာတတွေကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အထောက်အကူဖြစ်စေတဲ့အကြောင်း ဝန်ကြီးချုပ်ကို ပြောပါတယ်"ဟု အန်းဆိုပါးလက်က သတင်းထောက်များကို ပြောကြားသည်။

ဂျိုလီက ကမ္ဘောဒီးယားနိုင်ငံတွင် ရိုက်ကူးမည့် မှတ်တမ်းရုပ်ရှင်ဇာတ်ကားတစ်ကားနှင့် ပတ်သက်၍လည်း ဟွန်ဆန်ကို အသိပေးအကြောင်းကြားခဲ့သည်။ ဟွန်ဆန်က ဂျိုလီ၏ ကမ္ဘောဒီးယား နိုင်ငံအကြောင်း မှတ်တမ်းရုပ်ရှင်ကို အားပေးထောက်ခံခဲ့သည်။ အဆိုပါ မှတ်တမ်းရုပ်ရှင်ကားသည် ကမ္ဘောဒီးယားနိုင်ငံ၏ အတိတ်ကဖြစ်ရပ်မှန်များကို ထင်ဟပ်စေမည်ဟု သိရသည်။

ဂျိုလီသည် ကမ္ဘောဒီးယားနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ် တစ်ခုဖြစ်သည့် အန်ကောဝပ် ဘုရားကျောင်းတွင် ၂၀၀၁ ခုနှစ်က ရိုက်ကူးခဲ့သည့် စွန့်စားမှုအက်ရှင်ဇာတ်ကား Tomb Raider တွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထို့ပြင် ဂျိုလီသည် ၂၀၀၂ ခုနှစ်တွင် ကမ္ဘောဒီးယားမိဘမဲ့ကလေးများဂေဟာတစ်ခုမှ ဖို့ဒ်မက်ဒေါက် အမည်ရှိ ယောက်ျားလေးတစ်ယောက်ကို လည်း မွေးစားခဲ့သည်။ **ဆင်ဟွာ။**

# ထိုင်းနိုင်ငံပါတီစုံရွေးကောက်ပွဲ ၂၀၁၇ ခုနှစ်တွင် ကျင်းပမည်

**ဘန်ကောက် စက်တင်ဘာ ၁၇**

ထိုင်းနိုင်ငံ၏ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဇူလိုင်လမတိုင်မီ ကျင်းပသွားမည်ဟု ကြားဖြတ်အစိုးရက ပြောကြားလိုက်သည်။

အဆိုပါရွေးကောက်ပွဲကျင်းပမည့် အချိန်ကာလကို စက်တင်ဘာ ၁၆ ရက်က ထိုင်းနိုင်ငံဆိုင်ရာသံအမတ်ကြီးများနှင့် အခြားတာဝန်ရှိသူများထံသို့ ထုတ်ပြန်ကြေညာခဲ့ကြောင်း ကြားဖြတ်အစိုးရ ဒုတိယဝန်ကြီးချုပ် ဝီဆန်နုကရီယာနမ်က ဆိုသည်။

လက်ရှိရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့်အညီ လာမည့်နှစ် ဩဂုတ်လတွင် လူထုဆန္ဒခံယူပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်သည်။ ယင်းနောက် ၂၀၁၇ ခုနှစ် ဇူလိုင်လမတိုင်မီတွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်သည်။

လွန်ခဲ့သည့်နှစ် မေလက ထိုင်းနိုင်ငံတွင် နိုင်ငံရေးအခြေအနေ ရှုပ်ထွေးနေစဉ် စစ်တပ်ကအာဏာသိမ်းပြီးနောက် ကြားဖြတ်အစိုးရတစ်ရပ် ဖွဲ့စည်းခဲ့သည်။

ယခုလအစောပိုင်းတွင် ကြားဖြတ်အစိုးရကရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအပေါ် ပြည်သူများ၏ ဝေဖန်ထောက်ပြချက်များရှိခဲ့ခြင်းကြောင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပမည့် အချိန်ကာလကို သတ်မှတ်နိုင်ရန် နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ခြင်းဖြစ်သည်ဟု ကြားဖြတ်အစိုးရ ဒုတိယဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ယခုရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသစ်တွင် ရွေးကောက်ပွဲကျင်းပမည့်အချိန်ကာလကို ဖော်ပြထားသည့်အတွက် ကြားဖြတ်အစိုးရက အာဏာသက်တမ်းကို အချိန်အတော်ကြာယူထားမည်ဟု နိုင်ငံတကာ၏ဝေဖန်ထောက်ပြချက်များကို ငြင်းဆိုရာရောက်သည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# ဘူကီနာဖာဆို၌ သမ္မတအစောင့်တပ်ဖွဲ့က ကြားဖြတ်သမ္မတအား ဖမ်းဆီး

**အိုကာဒူဂူ စက်တင်ဘာ ၁၇**

ဘူကီနာဖာဆိုနိုင်ငံ၌ သမ္မတ၏အစောင့်တပ်ဖွဲ့က စက်တင်ဘာ ၁၆ ရက်တွင် သမ္မတနန်းတော်အတွင်း အစိုးရအဖွဲ့အစည်းအဝေး ပြုလုပ်နေစဉ်အတွင်း ကြားဖြတ်အစိုးရအဖွဲ့၏ သမ္မတအားဖမ်းဆီးလိုက်ပြီးနောက် သမ္မတနန်းတော်ပြင်ပတွင် စုဝေးနေသည့် ဆန္ဒပြသမားများကို လူစုခွဲနိုင်ရန် သတိပေးပစ်ခတ်မှုများပြုလုပ်ခဲ့ပြီး ရာနှင့်ချီသောဆန္ဒပြသမားများ အရပ်လေးမျက်နှာသို့ ပြိုကွဲထွက်ပြေးခဲ့ရကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် စစ်ဘက်က အာဏာသိမ်းမှုပြုလုပ်မည်ကို စိုးရိမ်မှုများ ပေါ်ထွက်လာကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဘူကီနာဖာဆိုနိုင်ငံ၌ ကာလရှည်ကြာစွာ အုပ်စိုးခဲ့သူတစ်ဦးကို ယမန်နှစ်က လူထုဆန့်ကျင် လှုပ်ရှားမှုဖြင့်ရာထူးမှဖြုတ်ချခဲ့ပြီးနောက် ဒီမိုကရေစီကို ပြန်လည်အသက်သွင်းမည့် ရွေးကောက်ပွဲကျင်းပရန် ရှိနေစဉ်တွင် ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အာရ်အက်စ်ပီဟု လူသိများသည့် သမ္မတအစောင့်တပ်ဖွဲ့သည် လူထုဆန္ဒပြမှုများ မပေါ်ပေါက်မီကာလအထိ သမ္မတ၏အခြေခံကျောရိုး လုံခြုံရေးအဖွဲ့ဖြစ်ခဲ့သည်။ ဘူကီနာဖာဆို သမ္မတ ဘလိုက်ကွန်ပါအိုးသည် သမ္မတရာထူး၌ ၂၇ နှစ်တာမျှကာလရှည်စွာ အုပ်စိုးခဲ့ပြီးနောက် အခြေခံဥပဒေအား ပြင်ဆင်ရေး ကြိုးပမ်းရာမှ လူထုဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး ရာထူးမှဆင်းပေးခဲ့ရသည်။

သမ္မတဟောင်း ကွန်ပါအိုးသည် ၁၉၈၇ခုနှစ်တွင် အာဖရိကအနောက်ပိုင်းမှ ဆင်းရဲနွမ်းပါးသော ဘူကီနာဖာဆိုနိုင်ငံ၌ စစ်အာဏာသိမ်းမှုပြုကာ အာဏာရယူခဲ့သူဖြစ်သည်။ **ရိုက်တာ။**

# ဆီးရီးယား၌ ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့မှု စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အာဂျင်တီးနားဦးဆောင်မည်

**ကုလသမဂ္ဂ စက်တင်ဘာ ၁၇**

ဆီးရီးယားနိုင်ငံ၌ ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့မှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို စုံစမ်းဖော်ထုတ်မည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ရန် အာဂျင်တီးနားနိုင်ငံမှ လက်နက်ဖျက်သိမ်းရေးကျွမ်းကျင်သူ ပညာရှင်တစ်ဦးကို ခန့်အပ်လိုက်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ကြေညာသည်။

လွန်ခဲ့သည့် နှစ်နှစ်တာကာလတွင် ကုလသမဂ္ဂလက်နက်ဖျက်သိမ်းရေးရုံး၏ အကြီးအကဲအဖြစ် တာဝန်ယူခဲ့သူ ဗာဂျီးနီးယား ဂမ်ဘားသည် လက်ထောက်နှစ်ဦးနှင့်အတူ တစ်နှစ်ကြာမျှ စုံစမ်းစစ်ဆေးမှုပြုလုပ်မည့် အဖွဲ့တစ်ရပ်ကို ဦးဆောင်မည်ဖြစ်သည်။ ဆီးရီးယားနိုင်ငံ၌ အသုံးမပြုရန် တားမြစ်ပိတ်ပင်ထားသည့် ဓာတုပစ္စည်းများဖြင့် တိုက်ခိုက်မှုများရှိခဲ့သည်ဟု စွပ်စွဲမှုများ ပေါ်ထွက်ခဲ့သည်။

အာဂျင်တီးနားကျွမ်းကျင်သူ ပညာရှင်ဂမ်ဘားသည် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ပေါင်း ၃၀ ကျော်မျှ ကိုင်တွယ်ဆောင်ရွက်လာခဲ့သူဖြစ်သည်။ ပုဂ္ဂိုလ်သုံးဦးပါဝင်သော စုံစမ်းဆေးရေးအဖွဲ့သည် နယ်သာလန်နိုင်ငံသည် ဟိတ်မြို့အခြေစိုက် ဓာတုလက်နက်တားမြစ်ရေးအဖွဲ့နှင့်အတူ လုပ်ကိုင်သွားမည်ဖြစ်သည်။ **ရိုက်တာ။**

## ပြည်တွင်းရေးရာ

● ကျောဖုံးမှ

ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး၊ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်ရေး၊ BCIM (၄)နိုင်ငံ စီးပွားရေးစင်္ကြံထူထောင်ရေး၊ တရုတ်နိုင်ငံ၏ ပိုးလမ်းမစီးပွားရေးရပ်ဝန်းနှင့် (၂၁)ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမကြီး တည်ထောင်ရေးတို့တွင် နှစ်နိုင်ငံအကျိုးစီးပွား ပိုမိုဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များအား တရုတ်နိုင်ငံသို့ ပိုမိုတိုးမြှင့်ရောင်းချနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိက လိယွမ်အစိုးရဧည့်ဂေဟာ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် ဒုတိယသမ္မတသည် လိယွမ်အစိုးရဧည့်ဂေဟာ၌ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ချန်းဝူအား လက်ခံတွေ့ဆုံသည်။

ယခုနှစ် (၁၂) ကြိမ်မြောက် အာဆီယံ-တရုတ် ကုန်စည်ပြပွဲကို "၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမကို ပူးတွဲတည်ဆောက်ရာတွင် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခြေပြမြေပုံတစ်ရပ် ပေါ်ပေါက်လာစေရေး" ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

☆ အာရှယူ-၁၉မှ

မြန်မာယူ-၁၉ အသင်းသည် ခြေစစ်ပွဲအကြို ပြင်ဆင်မှုအဖြစ် စက်တင်ဘာ ၂၀ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ထိုင်းယူ-၁၉ အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် အာရှခြေစစ်ပွဲယှဉ်ပြိုင်ရန်အတွက် စက်တင်ဘာ ၄ ရက်ကတည်းက လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး လက်ရှိတွင် ပဏ္ဍာမကစားသမား ၂၃ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာယူ-၁၉ အသင်းသည် ဩဂုတ်လအတွင်း ကျင်းပခဲ့သည့် အာဆီယံယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် အသင်းကို အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်ဒရစ်၊ လက်ထောက် နည်းပြများအဖြစ် ဦးညီညီလတ်နှင့် ဦးအောင်ခိုင်၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်တို့က ကိုင်တွယ်လျက်ရှိသည်။ မြန်မာယူ-၁၉ အသင်းသည် "ခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ပြည်တွင်းအသင်းများနှင့် ခြေစမ်းပွဲများ ဆက်တိုက်ကစားလျက်ရှိပြီး ထိုင်းနှင့် ခြေစမ်းပွဲမှာ ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးကစားသည့် ခြေစမ်းပွဲလည်းဖြစ်သည်။ ထိုင်းယူ-၁၉ အသင်းမှာ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် ပူပူနွေးနွေး ဗိုလ်စွဲထားသည့် အသင်းဖြစ်ပြီး ယင်းအသင်းကိုပင် အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့မှာ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် တွေ့ဆုံခဲ့ဖူးခြင်းမရှိသော်လည်း ပြိုင်ပွဲမတိုင်ခင် ထိုင်းနိုင်ငံ၌ ခြေစမ်းကစားခဲ့ရာ မြန်မာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အာရှယူ-၁၉ ခြေစစ်ပွဲတွင် မြန်မာအသင်းမှာ အုပ်စု (G) ၌ ဗီယက်နမ်၊ ဟောင်ကောင်၊ ဘရူနိုင်း၊ တီမောအသင်းတို့နှင့်အတူ ကျရောက်နေပြီး ထိုင်းအသင်းမှာ အုပ်စု (H) ၌ တောင်ကိုရီးယား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ မြောက်မာရီနာအသင်းတို့နှင့်အတူ ပါဝင်နေသည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့မှာ ယင်းခြေစစ်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အာရှခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းတွင် ဂိုး-စိုးအာကာ(ဇွဲကပင်)၊ ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင် (MFF Youth)၊ နောက်တန်း သူရိန်စိုး (ရန်ကုန်)၊ ရဲရင့်အောင်၊ စိုးမိုးထွန်း၊ ရဲမင်းသူ၊ မြတ်မင်းသူ (MFF Youth)၊ ကျော်သူထွန်း(ရတနာပုံ)၊ ချမ်းမြေ့ထွန်း၊ ဝင်းမိုးကျော်၊ ဇင်မျိုးထက်(မကွေး)၊ အလယ်တန်း-ထူးခန့်လွင်(ရန်ကုန်)၊ ကောင်းချစ်နိုင် (Southern)၊ စစ်မင်း(ဇေယျာရွှေမြေ)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ ဈာနေရသူ၊ နိုင်မင်းသူ (MFF Youth)၊ ဇော်ဝင်းထွန်း(မြဝတီ)၊ ရှေ့တန်း အောင်မိုးသူ(MFF Youth)၊ ရွှေကို(မကွေး)၊ အောင်ဇင်ဖြိုး (Horizon)နှင့် အာကာ(မြဝတီ)တို့ ပါဝင်ကြသည်။

# အာမခံအလုပ်သမား ရှစ်သိန်းကျော်အထိတိုးမြင့်လာ

**နေပြည်တော် စက်တင်ဘာ ၁၇**

အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၏ (၂/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးအား ယနေ့ နံနက် ၉ နာရီခွဲ၌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန စုဝေးခန်းမကြီး ရုံးအမှတ်(၅၁) နေပြည်တော်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့သည် အာဆီယံ လူမှုဖူလုံရေးအဖွဲ့တွင် မကြာသေးမီက အဖွဲ့ဝင်အဖြစ် အသိမှတ်ပြုခံခဲ့ရပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာမခံအလုပ်သမား ရှစ်သိန်းကျော်အထိ တိုးမြင့်လာ၍ မြန်မာနိုင်ငံ အလုပ်သမားထုအတွက် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်သမား၏ လိုအပ်ချက်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုကို ယခင်ကထက် ပိုမိုရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့နှင့် ပတ်သက်ပြီးဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများပါ ၎င်းတို့၏ အစီအစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ လူမှုဖူလုံရေးစနစ်အရ အာမခံစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုမှာ လူမှုဖူလုံရေးအဖွဲ့၏ အရေးပါသော ဆောင်ရွက်ချက်များဖြစ်ပါကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများကို တစ်တပ်တစ်အား ကူညီဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အာမခံအလုပ်သမားအရေအတွက် တိုးတက်မြင့်မားလာသည်နှင့်အမျှ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုများကို ပိုမိုဆောင်ရွက်နိုင်ဖို့ လိုအပ်ပါကြောင်း၊ အလုပ်သမားဆေးရုံ သုံးရုံ၊ ဆေးခန်း ၉၄ ခန်းနှင့် ဌာနကြီးဆေးခန်း ၄၆ ခန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များတွင် ဆေးရုံအလတ်စား တည်ဆောက်နိုင်ရန် ဆွေးနွေးလိုပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့တွင် ဆရာဝန်များ၊ သူနာပြုများ၊ တတ်ကျွမ်းသည့် ပညာရှင်များသည် ဆေးရုံနှင့် ဆေးခန်းတိုင်းတွင် လိုအပ်လျက်ရှိသည့်အတွက် စာချုပ်ဆရာဝန်များ ခန့်ထားဆောင်ရွက်နေရပါကြောင်း၊ ဆရာဝန်လိုအပ်လျက်ရှိသည့်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းခေါ်ယူနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တွင် အာမခံအလုပ်သမားများ လုပ်ငန်းခွင်သို့ သွားလာရေးအဆင်ပြေစေရန် ကြို/ပို့ယာဉ်များ စီစဉ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာမခံအလုပ်သမားများ နေထိုင်မှုအဆင်ပြေစေရန် အဆောင်များ တည်ဆောက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများအပါအဝင် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကိုမျှော်မှန်းပြီး လူမှုဖူလုံရေးဥပဒေကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေး တိုင်ပင်ညှိနှိုင်း အကြံပြုပေးပါရန် မှာကြားသည်။



အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးထင်အောင်၊ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ တက်ရောက်ပြီး ရှေ့လုပ်ငန်းစဉ်များကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ အကောင်အထည်ဖော်ရေး ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေးလမ်းပြမြေပုံ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ Steering Committee ဒုတိယအကြိမ် အစည်းအဝေးကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Financial Inclusion နှင့် သက်ဆိုင်သော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ UNDP-UNCDF မှ တာဝန်ရှိသူများ၊ ADB၊ JICA၊ LIFT Fund တို့မှ တာဝန်ခံအဆင့်မြင့် ကိုယ်စားလှယ်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဦးဆောင်ကော်မတီ Steering Committee ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားရာတွင် လမ်းပြမြေပုံပါ ဆောင်ရွက်ရန် လုပ်ငန်းစဉ်များထဲမှ ကာလတို အောင်မြင်မှုရရှိနိုင်သည့် လုပ်ငန်းစဉ် ၆ ရပ်ဖြစ်သော ပြည်သူများအကြား ငွေကြေးအသိပညာ ဖြန့်ဝေခြင်းစနစ်ကျင့်သုံးရေး၊ မိသားစုတစ်စုဘဏ်ငွေစာရင်းတစ်ခု စနစ်ကျင့်သုံးရေး၊ ဝင်ငွေနည်းမိသားစုများသို့ ငွေကြေးဝန်ဆောင်မှုများ ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှုများ ပိုမိုဖြည့်ဆည်းပေးရေးနှင့် လမ်းပြမြေပုံအကောင်အထည်ဖော်ရေး၊ Financial Inclusion နှင့် ပတ်သက်၍လည်းကောင်း၊ Financial Literacy နှင့် ပတ်သက်၍လည်းကောင်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိပါဝင်လာနိုင်အောင် မီဒီယာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုဆောင်ရွက်ရန်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဦးဆောင်ကော်မတီဝင်များ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများက မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံလူဦးရေ အရွယ်ရောက်ပြီးဦးရေ၏ ၃၀ ရာခိုင်နှုန်းသာ တရားဝင်ငွေကြေးဝန်ဆောင်မှု သုံးစွဲခွင့်ရရှိပြီး အရွယ်ရောက်ပြီးသူ ဦးရေ၏ ခြောက်ရာခိုင်နှုန်းသာ တစ်ခုထက်ပိုသော ငွေကြေးဝန်ဆောင်မှု သုံးစွဲနိုင်ရန်မှ ၂၀၂၀ ခုနှစ်တွင် အရွယ်ရောက်ပြီးသူ ဦးရေ၏ ၄၀ ရာခိုင်နှုန်း ငွေကြေးဝန်ဆောင်မှု ရရှိသုံးစွဲနိုင်ပြီး တစ်ခုထက်ပိုသော ငွေကြေးဝန်ဆောင်မှုသုံးစွဲသူဦးရေ ၁၅ ရာခိုင်နှုန်းတိုးတက်ရန် အကောင်အထည်ဖော်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဦးဆောင်သည့် လမ်းပြမြေပုံအကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ Steering Committee ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# လုံခြုံမှုအဆင့်အတန်းပိုမိုမြင့်မားသော ဆန္ဒမဲလက်မှတ်များကို အောက်တိုဘာလ တတိယပတ်နောက်ဆုံးထား အပြီးသတ်ပုံနှိပ်သွားမည်



**ရန်ကုန်  စက်တင်ဘာ  ၁၇**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက တာဝန်ယူရိုက်နှိပ်လျက်ရှိသည်။

ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ပြည်တွင်း ပြည်ပမီဒီယာများသို့ အသိပေးရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ဗဟိုပုံနှိပ်စက်ရုံ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အသိပေးရှင်းလင်းပွဲတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးဝင်းဦးခိုင်၊ ညွှန်ကြားရေးမှူး(ပုံနှိပ်) ဦးဇော်ဇော်ထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး (ပုံနှိပ်) ဦးထွန်းထွန်းနိုင်တို့ တက်ရောက်ကြပြီး ပြည်တွင်း ပြည်ပမီဒီယာ ၄၆ ခုမှ မီဒီယာအဖွဲ့ဝင် စုစုပေါင်း ၇၁ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေစာအုပ်နှင့်လုပ်ငန်းလမ်းညွှန် ၁၀ မျိုးအား အမှာအုပ်ရေ ၅ ဒသမ ၂၆ သိန်း ပုံနှိပ်ထုတ်လုပ် အပ်နှံပြီးဖြစ်ကြောင်း။

ရွေးကောက်ပွဲကော်မရှင်သို့ ကြိုတင်ဆန္ဒမဲလက်မှတ်စာအိတ်အနေဖြင့် ၂၀၁၀ ပြည့်နှစ်ကကဲ့သို့ပင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တို့အတွက် ၃၁ သိန်းစီနှင့် တိုင်းရင်းသားလူမျိုးစုလွှတ်တော်အတွက် ခုနစ်သိန်း စုစုပေါင်း ကြိုတင်ဆန္ဒမဲလက်မှတ်စာအိတ် သိန်း ၁၀၀ အား ပုံနှိပ်ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်လိုသော စက္ကူအမျိုးအစားများကို ရွေးချယ်သတ်မှတ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဆန္ဒမဲလက်မှတ်ပုံနှိပ်မည့်စက္ကူအား နိုင်ငံပိုင်သတင်းစာများတွင် ၁၇-၁-၂၀၁၅ ရက်မှ ၂၀-၁-၂၀၁၅ ရက်အထိ တင်ဒါခေါ်ယူ၍ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးစီး၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများနှင့် ရွေးချယ်အတည်ပြုခဲ့ပါကြောင်း၊ ၁၈-၂-၂၀၁၅ ရက်တွင် တင်ဒါဈေးဆစ်၍ အင်ဒိုနီးရှားနိုင်ငံ PT Pura စက်ရုံမှ တင်သွင်းသည့် လုံခြုံရေးအမှတ်အသားပါ Colour W/F Paper (80 gsm) အား ရွေးချယ်ခဲ့ပြီး Megalink Co., Ltd. မှ စက္ကူ တန် ၁၀၅၀ အား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၃၅ ဒေါ်လာဖြင့် ဝယ်ယူခဲ့ပါကြောင်း၊ ထိုသို့ဝယ်ယူရာတွင်လည်း လုံခြုံရေးရေစာအမှတ်အသားပါ စက္ကူအား ပြင်ပသို့မရောက်ရှိစေရေးအတွက် Megalink Co., Ltd. နှင့် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ပါကြောင်း၊ Megalink Co., Ltd. အနေဖြင့်လည်း အင်ဒိုနီးရှားနိုင်ငံရှိ PT Pura စက်ရုံနှင့် ပြင်ပအခြားနိုင်ငံများသို့ တင်ပို့မှုမရှိစေရေးအတွက် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ မေလတွင် စက္ကူထုတ်လုပ်မှုအခြေအနေအားစစ်ဆေးရန် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်တစ်ဦးလိုက်ပါ၍ အင်ဒိုနီးရှားနိုင်ငံရှိ PT Pura စက်ရုံသို့ သွားရောက်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း ကနဦးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မဲလက်မှတ်ရိုက်နှိပ်မည့်စက္ကူတွင်ပါရှိသော လုံခြုံရေးရေစာအမှတ်အသားမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တံဆိပ် (Logo) အား စက္ကူအသားတွင် ထည့်သွင်းပုံနှိပ်ထားခြင်းဖြစ်ပြီး အလင်းရောင်တွင် ထောင်၍ကြည့်ရှုပါက တွေ့မြင်ရမည်ဖြစ်ကြောင်း။

ထို့အပြင် ဆန္ဒမဲလက်မှတ်များ၏ လုံခြုံမှုအဆင့်အတန်းအား ပိုမိုမြင့်မားစေရန်အတွက် ဆန္ဒမဲလက်မှတ်၏နောက်ကျောဘက်အခြမ်းတွင် လွှတ်တော်ရပ်များအလိုက် ခွဲခြား၍ အမှတ်အသားများကို ပြည်သူ့လွှတ်တော်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တံဆိပ် (Logo) အား လေးထောင့်ဘောင်ခတ်၍ အစိမ်းရောင်ဖြင့် ပုံနှိပ်ဆောင်ရွက်ထားရှိကြောင်း။

အမျိုးသားလွှတ်တော်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တံဆိပ် (Logo) အား ဆဋ္ဌဂံဘောင်ခတ်၍ အပြာရောင်ဖြင့် ပုံနှိပ်ဆောင်ရွက်ထားရှိကြောင်း။

ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တံဆိပ် (Logo)အား အဝိုင်းဘောင်ခတ်၍ မရန်းရောင်ဖြင့် ပုံနှိပ်ဆောင်ရွက်ထားရှိကြောင်း။

တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တံဆိပ် (Logo)အား မရန်းရောင်ဖြင့် ပုံနှိပ်ဆောင်ရွက်ထားရှိကြောင်း။

ဆန္ဒမဲလက်မှတ်များအနေဖြင့် ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ဦးရေပေါ်မူတည်၍ ဆန္ဒမဲလက်မှတ် အရွယ်အစားမှာ ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲလက်မှတ်အရွက် ၅၀ လျှင် စာအုပ်တစ်အုပ်ချုပ်ပြီး ၎င်းစာအုပ်ပေါ်တွင်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အမည်၊ လွှတ်တော်အမည်၊ မဲဆန္ဒနယ်အမည်တို့အား ပုံနှိပ်ဆောင်ရွက်ပြီး မဲဆန္ဒနယ်မြေများ၏ အမှာစောင်ရေပေါ်မူတည်၍ ပုံနှိပ်ပြီးဖြစ်သော စာအုပ်များတွင် စာအုပ်နံပါတ်များအား လွဲမှားမှုမရှိစေရေးအတွက် ပုံနှိပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

၎င်းစာအုပ်များအား အနှောင့်ကပ်ဆောင်ရွက်ရာတွင်လည်း ပြည်သူ့လွှတ်တော်အတွက် အစိမ်းရောင်အားအသုံးပြုပြီး အမျိုးသားလွှတ်တော်အတွက် အပြာရောင်အား အသုံးပြုထားကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် အညိုရောင်အား အသုံးပြုထားပြီး တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်အတွက် အဝါရောင်အား အသုံးပြုဆောင်ရွက်ထားပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် လွှဲပြောင်းထောက်ပံ့ရာတွင်လည်းကောင်း၊ လွှတ်တော်ရပ်အလိုက် ခွဲခြားရာတွင်လည်းကောင်း၊ အလွယ်တကူ ဆောင်ရွက်နိုင်ပြီး အဝေးမှကြည့်ရှုပါကလည်း သိသာထင်ရှားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုံနှိပ်ဆောင်ရွက်မည့် ဆန္ဒမဲလက်မှတ်စောင်ရေများအနေဖြင့် ပြည်သူ့လွှတ်တော်အတွက် အမျိုးအစား ၃၃၀ အမှာစောင်ရေ သန်း ၄၀ ဒသမ ၄၀၊ အမျိုးသားလွှတ်တော်အတွက် ၁၆၈ မျိုး အမှာစောင်ရေ ၃၈ ဒသမ ၃၅ သန်း၊ တိုင်းဒေသကြီး လွှတ်တော်အတွက် ၆၃၆ မျိုး အမှာစောင်ရေ ၃၉ ဒသမ ၆၃ သန်း၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များအတွက် ၂၉ မျိုး အမှာစောင်ရေ ၇ ဒသမ ၁၇ သန်း စုစုပေါင်း ၁၁၆၃ မျိုးအတွက် ၁၂၅ ဒသမ ၅၅ သန်း လျာထားပုံနှိပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်နယ်မြေရှိ ပုံနှိပ်စက်ရုံများတွင် ၃၃၀ မျိုးအတွက် ၄၀ ဒသမ ၀၀ သန်းနှင့် ရန်ကုန်နယ်မြေရှိ ပုံနှိပ်စက်ရုံများတွင် ၈၃၃ မျိုးအတွက် ၈၅ ဒသမ ၅၅ သန်း စုစုပေါင်း ၁၂၅ ဒသမ ၅၅ သန်း လျာထားပုံနှိပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပုံနှိပ်ဆောင်ရွက်မည့် ဆန္ဒမဲလက်မှတ်များသည် လက်ရှိမဲဆန္ဒရှင် အရေအတွက်ပေါ်မူတည်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မှာကြားခြင်းဖြစ်ပြီး ရွေးကောက်ပွဲမကျင်းပမီကာလအတွင်း မဲဆန္ဒရှင်စာရင်းပြောင်းလဲမှုရှိနိုင်သည့်အတွက် ဆန္ဒမဲလက်မှတ်စောင်ရေသည်လည်း ထပ်မံပြောင်းလဲနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပေးပို့သည့် အမှာစာများအရ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများမှာ ၉၂ ခုရှိပြီး တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်မှုအနေဖြင့် ၃၀၁ ဦးရှိကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအတွက် ဆန္ဒမဲလက်မှတ်များ ပုံနှိပ်ဆောင်ရွက်ရန် မူလက ၂၆-၈-၂၀၁၅ ရက်တွင် စတင်၍ ပုံနှိပ်ခြင်းလုပ်ငန်းအား ၇-၁၀-၂၀၁၅ ရက် အပြီးသတ်ဆောင်ရွက်ရန် လျာထားပါကြောင်း၊ သို့သော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်းကို ၃၁-၈-၂၀၁၅ ရက်အထိ ပြင်ဆင်သတ်မှတ်လိုက်ပြီး ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းနှင့် ပုံနှိပ်ဆောင်ရွက်မည့် အမှာစောင်ရေစာရင်းကို ၇-၉-၂၀၁၅ ရက်မှသာ စတင်ပေးပို့လာသဖြင့် လျာထားရက်ထက် ၁၂ ရက်နောက်ကျ ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ဆန္ဒမဲလက်မှတ်များ ပုံနှိပ်ဆောင်ရွက်ခြင်းအား ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် နေပြည်တော်နယ်မြေရှိ စက်ရုံများတွင် ၁၁-၉-၂၀၁၅ ရက်မှ စတင်ပုံနှိပ်ဆောင်ရွက်နိုင်ခဲ့ပြီး ရန်ကုန်နယ်မြေရှိ ပုံနှိပ်စက်ရုံများတွင် ၁၃-၉-၂၀၁၅ ရက်မှသာ စတင်ပုံနှိပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပို့ဆောင်ရေးခက်ခဲသည့် မဲဆန္ဒနယ်မြေများဖြစ်သော ရခိုင်၊ ချင်း၊ ကရင်၊ မွန် မှစတင်၍ ပုံနှိပ်ထုတ်လုပ်လျက်ရှိကြောင်း၊ ဆန္ဒမဲလက်မှတ် ပုံနှိပ်ထုတ်လုပ်ခြင်းကို ၂၁-၁၀-၂၀၁၅ ရက် နောက်ဆုံးထားရှိ၍ ရက် ၄၀ ဖြင့် အပြီးသတ်ပုံနှိပ်ထုတ်လုပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ပသို့ပေးပို့မည့် ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမှာစာရရှိသည့်နေ့မှစတင်၍ ၁၄ရက်အတွင်း ပုံနှိပ်ထုတ်လုပ်လွှဲပြောင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပုံနှိပ်ဆောင်ရွက်ပြီးဖြစ်သော ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ၁-၁၀-၂၀၁၅ ရက်မှစတင်ပြီး နယ်မြေဒေသဝေးကွာသည့် မဲဆန္ဒနယ်မြေများသို့ ပို့ဆောင်နိုင်ရေးအတွက် စတင်လွှဲပြောင်းထောက်ပံ့သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းထောက်ပံ့ခြင်းကို ၂၅-၁၀-၂၀၁၅ ရက်တွင် နောက်ဆုံးအပြီးသတ် လွှဲပြောင်းထောက်ပံ့သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးဝင်းဦးခိုင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အသိပေးရှင်းလင်းပွဲကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**သတင်း - မင်းသစ်၊ မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ - ရဲထွဋ်**

---

### ❍ အိုင်ကလောင်ကျွန်းမှ

ရွာနဲ့လယ်တွေ ရေမြုပ်ခဲ့တာပါ။ ဒီကုက္ကိုဝမြစ်ကြီး ရေလျှံတက်တာကိုလည်း သူနဲ့ထိစပ်နေတဲ့ ပေ ၁၅၀ အရှည်ရှိ ပန်းလှိုင်မြစ်ဟောင်း (အကြီးစားတူးမြောင်း)ထဲ ရေမဝင်နိုင်အောင် ကျွန်တော်တို့ ဆည်မြောင်းဦးစီးဌာနက ဌာနဆိုင်ရာအကြီးအကဲများရဲ့ သဘောတူညီချက်နဲ့ မြစ်ပိတ်တမံကို ပိတ်ထားပြီးဆောင်ရွက်ခဲ့တာပါ။ ဒါကြောင့်လည်း အခု မိုးရာသီ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်မှာ တမံနဲ့ထိစပ်နေတဲ့ ပန်းလှိုင်မြစ်တစ်လျှောက်မှာရှိတဲ့ မဲဇလီရွာမ၊ မဲဇလီအထက်ပိုင်းနှင့် အောက်ပိုင်းရွာများ၊ သံပုရာချောင်းအထက်စု၊ သံပုရာချောင်းကြီး၊ အုန်းပင်စု၊ ညောင်ရွာ၊ ဖိုးတောစု၊ တလိုင်းချောင်း၊ ငှက်ပျောကျွန်း၊ မြခဲ၊ ခနောင်ပေါ်၊ ချန်ကလေး၊ မြောင်းတလုတ်၊ ကသဘောင်းကျေးရွာများနဲ့ နီးစပ်ရာကျေးရွာများဟာ လယ်မြေတွေ ရေကြီးနစ်မြုပ်မှု ကင်းဝေးစေခဲ့ပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

“ဒီပန်းလှိုင်မြစ်ရဲ့ မဲဇလီ(ကုက္ကိုဝမြစ်)ဘက်တမံ ပိတ်ထားလို့ ညောင်တုန်း၊ တွံတေးနဲ့ ထန်းတပင်မြို့နယ်သုံးမြို့နယ်မှာရှိတဲ့ ကျေးရွာအုပ်စု ၄၃ အုပ်စုမှာ ရေကြီးနစ်မြုပ်ခြင်းမရှိခဲ့ပါဘူး။

အခုတူးဖော်ထားတဲ့ ပန်းလှိုင်မြစ်က မူလ ပန်းလှိုင်မြစ်ဟောင်း အရွယ်အစားအတိုင်း ပြန်တူးဖော်တာမဟုတ်ပါဘူး။ ထိပ်ဝပေ ၁၅၀ အကျယ်ရှိတဲ့ တူးမြောင်းအကြီးစား တူးဖော်ခြင်းသာ ဖြစ်ပါတယ်။ လက်ရှိ ကုက္ကိုဝမြစ်ကြီးကအကျယ် ပေ၁၃၀၀ ရှိပြီး အနက် ၁၈ ပေ အထက်ရှိပါတယ်။ ဒါကို အခုလို ရေကြီးနေချိန်မှာ မြစ်ပိတ်တမံကိုဖွင့်ပေးလိုက်မယ်ဆို ပန်းလှိုင်မြစ်ရိုးတစ်လျှောက်မှာရှိတဲ့ ကျေးရွာများ အပါအဝင်လယ်ဧကေတစ်သိန်းကျော်ဟာ နေ့ချင်းညချင်း ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သွားမှာတော့ သေချာနေပါတယ်။ မြစ်ထဲကို ကုက္ကိုဝမြစ်က ပို့ချတဲ့ နုန်းတင်မြေနုများကြောင့် တူးမြောင်းလည်း ပျက်စီးပြီး အရင်နဂိုတုန်းကလို ပြန်လည်တိမ်ကောမှုတွေ ဖြစ်သွားမှာပါ။ ပြီးတော့ ငွေကျပ် ၂၂ ဒသမ ၅ ဘီလီယံ ကုန်ကျခံတူးဖော်လိုက်ခြင်းဟာလည်း အလကားဖြစ်သွားမယ်လေ။ ဒီအပြင် ကုက္ကိုဝမြစ်ရေကြီးလို့ ရေနစ်မြုပ်ဒဏ်ခံနေရပါတယ်လို့ ဆိုတဲ့ စံကင်းကျွန်း၊ အိုင်ကလောင်ကျွန်းနဲ့ ဘောလည်ကျွန်းတို့ရဲ့ ရေကြီးနစ်မြုပ်မှု သက်သာသွားမှာမဟုတ်ဘဲ ပုံမှန်အတိုင်းရှိနေမှာပါ။ ပေပေါင်းများစွာ ကျယ်ဝန်းကြီးမားတဲ့ ကုက္ကိုဝမြစ်ကြီးရဲ့ ရေပြည့်ရေလျှံမှုကို အကြီးစားတူးမြောင်းအဆင့်သာရှိတဲ့ ပန်းလှိုင်မြစ် ကလေးကဘယ်လိုလုပ်ပြီး ကုစားပေးနိုင်မှာလဲဗျာ။ ကျွန်တော်တို့ ဆည်မြောင်းဦးစီးဌာနက ဒေသခံတောင်သူများ စိုက်ပျိုးရေးအဆင်ပြေစေဖို့အတွက် ဆည်ရေအပြည့်အဝရအောင် ဆောင်ရွက်ပေးနေတာပါ။ အခုတမံပိတ်ထားတဲ့နေရာကို တကယ်ဖွင့်ပေးလိုက်လို့ အားလုံးအဆင်ပြေကြမယ်ဆိုရင် အစကတည်းက ဖွင့်ပေးခဲ့တာပေါ့”ဟု ထပ်မံရှင်းလင်းပြောကြားခဲ့သည်။

လက်ရှိအနေအထားအရ ကုက္ကိုဝမြစ် တစ်ဖက်ကမ်းရှိ ရေကြီးနစ်မြုပ်သော စံကင်းကျွန်းအပိုင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ထိုဒေသများသို့ သွားရောက်စစ်ဆေးခဲ့ပြီးကြောင်း သိရပြီး ယခုလက်ရှိအခြေအနေသည် ပုံမှန်အနေအထားဖြစ်နေပြီဖြစ်ကြောင်းသိရကာ ရေကြီးရေလျှံမှုမရှိတော့ကြောင်း၊ အိုင်ကလောင်ကျွန်းနှင့် ဘောလည်ကျွန်းတို့၏ ရေကြီးရေလျှံ ဖြစ်ပေါ်ခဲ့ခြင်းမှာလည်း ပန်းလှိုင်မြစ်နှင့် သက်ဆိုင်ခြင်းမရှိဘဲ မိုးညိုဘက်မှ ဆင်းလာသော လှိုင်မြစ်ရေကြောင့်သာ ရေကြီးခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့အပြင် လှိုင်မြစ်ဝ (ပန်းလှိုင်ဂေါက်ကွင်းအနီး)နှင့် မဲဇလီ (ကုက္ကိုဝမြစ်)ထိပ်တို့တွင်လည်း ရေထိန်းတံခါးများ တည်ဆောက်တပ်ဆင်ထားခြင်းမရှိပါက နောင်သုံးနှစ်နှင့်လေးနှစ်အတွင်း ပန်းလှိုင်မြစ်ကြီးတစ်လျှောက် နုန်းတက်၍ ပြန်လည်တိမ်ကောသွားနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)မှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ (စိုးဝင်း-MLA)**

# ရွေးကောက်ပွဲတွင် ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ မျှမျှတတဆောင်ရွက်



**နေပြည်တော်　စက်တင်ဘာ　၁၇**

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်း အမှတ်စဉ်(၃/၂၀၁၅)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ AEC နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**(ယာပုံ)**

ရှေးဦးစွာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အဓိကတာဝန်ယူလုပ်ဆောင်ကြရမည့်သူများမှာ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များဖြစ်၍ ရွေးကောက်ပွဲနေ့တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ မဲရုံမှူးအနေဖြင့် မဲရုံတွင် ဖြစ်လာနိုင်သည့် ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင်လည်း ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် လိုအပ်ကြောင်း။

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို ခန့်အပ်သည့်အခါ ဝန်ထမ်းများကို ဦးစားပေးအစီအစဉ်အတိုင်း ခန့်အပ်ရမည်ဖြစ်သော်လည်း မဲရုံအဖွဲ့ဝင်များအနေဖြင့် အဆိုပါမဲရုံမဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင် သို့မဟုတ် အဆိုပါမဲဆန္ဒနယ်မြေအတွင်းရှိ ဒေသခံပြည်သူများလည်း ဖြစ်နိုင်ကြောင်း၊ ရွေးကောက်ပွဲတွင် အတွေ့အကြုံရှိသူများပါနိုင်သကဲ့သို့ အတွေ့အကြုံမရှိသူများလည်း ပါဝင်နိုင်ကြောင်း၊ သင်တန်းပို့ချသည့်အခါ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လက်စွဲပါလမ်းညွှန်ချက်များအတိုင်း ကျွမ်းကျွမ်းကျင်ကျင် လုပ်ဆောင်နိုင်ရေးအတွက် သင်ကြားပေးနိုင်ရန်လိုအပ်သကဲ့သို့ လက်တွေ့ပိုင်းကိုလည်း လေ့ကျင့်ပေးရန်လိုကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များကို ကျေကျေညက်ညက် သိရှိနားလည်ထားမှသာ လုပ်ငန်းပိုင်းတွင် တိတိကျကျ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

နည်းပြလုပ်ကြမည့် ပုဂ္ဂိုလ်များအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များ၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများလက်စွဲပါ အချက်အလက်များအပေါ် သေချာရှင်းလင်းစွာ သိရှိထားမှသာ ပြန်လည်သင်ကြားပို့ချသည့်အခါ ထိထိရောက်ရောက် သင်ကြားနိုင်မည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲကို လွတ်လပ်မျှတသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပပေးသွားမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား ဖိတ်ခေါ်ထားကြောင်း၊ နိုင်ငံတကာမှလည်း စောင့်ကြည့်လျက်ရှိကြောင်း၊ တမင်ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ ရိုးသားစွာ မှားယွင်းမှုအပေါ် ဝေဖန်မှုများရှိနိုင်၍ နိုင်ငံ၏ပုံရိပ်နှင့် ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်ကြောင်း၊ ရွေးကောက်ပွဲတွင် တာဝန်ရှိသူများအနေဖြင့် ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ မျှမျှတတ ဆောင်ရွက်ကြရန်လိုကြောင်း။

ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲ၏ အနှစ်သာရနှင့်အညီ မဲပေးနိုင်ရေး ပညာပေးရန်လိုကြောင်း။

မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသင်တန်းကို အောက်တိုဘာတွင် ပို့ချပေးရမည်ဖြစ်၍ သင်တန်းတက်ရောက်လာသည့် နည်းပြလုပ်မည့်သူများအနေဖြင့် သင်ကြားပို့ချမှုများအပေါ် အလေးအနက်ထားသင်ယူပြီး မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များကို သင်တန်းပေးသည့်အခါ ပိုင်ပိုင်နိုင်နိုင်သင်ကြားနိုင်ရေး ဆက်လက်လေ့လာသွားကြရန် ပြောကြားသည်။

ယင်းနောက် Australia Electoral Commission မှ Ms. Robyn Whitney က သင်တန်းပို့ချရခြင်းနှင့် စပ်လျဉ်း၍ ယခုသင်တန်းသည် ဆင့်ပွားသင်တန်းပို့ချရာတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါကြောင်း၊ သင်ခန်းစာများကို IFES နှင့် ပူးပေါင်း၍ ပြုစုခဲ့ပါကြောင်း၊ ဩစတြေးလျနိုင်ငံတွင်လည်း ရွေးကောက်ပွဲကော်မရှင် ဝန်ထမ်းများအား သင်တန်းပို့ချလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၅၀ ဖြင့် စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်ထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**



# သံဖြူဇရပ်စစ်သင်္ချိုင်း (ဓနသဟာယ)အား ကမ္ဘာလှည့်ခရီးသွားနှင့် ပြည်သူများ လာရောက်လေ့လာနိုင်ကြစေရန် ထိန်းသိမ်းစောင့်ရှောက်

**သံဖြူဇရပ်　စက်တင်ဘာ　၁၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ဖွံ့ဖြိုးရေးရပ်ကွက်ရှိ ဓနသဟာယစစ်သင်္ချိုင်းမှာမြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးစစ်သင်္ချိုင်းဖြစ်သည်။ လာရောက်လေ့လာကြည့်ရှုကြသော အများပြည်သူများ၏အမြင်တွင် စိမ်းလန်းစိုပြည်သော ပန်းခြံကြီးတစ်ခုအဖြစ် ထင်မှတ်အောင် ထိန်းသိမ်းထားရှိကြောင်းသိရသည်။

အဆိုပါသံဖြူဇရပ်စစ်သင်္ချိုင်းအား ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာပြည်ဘုရင်ခံ ဆာဟူးဘတ်ရန့်တို့က ပူးပေါင်းပြီး ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြော၍ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၁၉၆၁ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗြိတိသျှနန်းလျာ အမ်းမြို့စား အလက်ဇန္ဒားမင်းသမီးတို့က လွမ်းသူ့ပန်းခွေချခဲ့ကြောင်း စစ်သင်္ချိုင်းလေ့လာရေး မှတ်တမ်းများအရ သိရပြီး လက်ရှိအနေအထားအရ သံဖြူဇရပ်မြို့ပေါ်နှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ လေ့လာကြည့်ရှုနိုင်ကြစေရန်အတွက် အစိုးရရုံးပိတ်ရက်မှလွဲ၍ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ပြသထားကြောင်း သိရသည်။

သံဖြူဇရပ်စစ်သင်္ချိုင်းတွင် ၁၉၃၉ ခုနှစ် ပထမကမ္ဘာစစ်နှင့် ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်တိုက်ပွဲများမှ ကျဆုံး အရာရှိ စစ်သည်များ ၊ ၁၉၄၂ ခုနှစ် သေမင်းတမန်မီးရထားလမ်းဖောက်လုပ်ရေးချွေးတပ်မှ သေဆုံးစစ်သုံ့ပန်းများအပါအဝင် စုစုပေါင်း အထိမ်းအမှတ်ကျောက်တိုင်နှင့် အုတ်ဂူ ၃၇၇၀ အား မြှုပ်နှံထားရှိကြောင်း သိရပြီး ထိုအုတ်ဂူများတွင် ဂျပန်၊ ဩစတြီးယား၊ နယ်သာလန်၊ ဗြိတိသျှ၊ တူရကီ၊ ဒိန်းမတ်၊ အင်္ဂလန်၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့မှ ကျဆုံးစစ်သားများပါဝင်ကြောင်း သိရသည်။

**စိုးဝင်း(MLA)**

# ကြွေးကျန်လုပ်ငန်းရှင်များအား ပြည်သူပိုင်ပစ္စည်းအလွဲသုံးစားမှုဖြင့် တရားစွဲဆိုထား

**နေပြည်တော် စက်တင်ဘာ ၁၇**

ယခင်အစိုးရလက်ထက် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းသို့ ပေးဆပ်ရန်ကျန်ရှိနေသည့် ကြွေးကျန်လုပ်ငန်းရှင်များအား ပြည်သူပိုင် ပစ္စည်းအလွဲသုံးစားမှု အပက(၃)ဖြင့် တရားစွဲဆိုထားကြောင်း သိရသည်။

ယင်းကြွေးကျန်လုပ်ငန်းရှင်များ၏ အာမခံတင်သွင်းမှုမှာ ခိုင်မာမှုမရှိခြင်း၊ တရားမမှုဖြင့်စွဲဆိုပါက အချိန်ကြာမြင့်နိုင်ခြင်း၊ အာမခံအထောက်အထားခိုင်လုံမှုမရှိသဖြင့် အမှုပြီးပါက ထုခွဲရောင်းချရန် မဖြစ်နိုင်သောကြောင့် အဆိုပါကြွေးကျန်လုပ်ငန်းရှင်များကို ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခဲ့ရာမှ ပြစ်မှုကြောင်းအရ အပက (၃)ဖြင့် ပြောင်းလဲတရားစွဲဆိုခြင်းဖြစ်သည်။

"အရင် မွေးမြူရေးအစားအစာနဲ့ နို့ထွက်ပစ္စည်းလုပ်ငန်းကနေပြီးတော့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ၁၉၉၆ ခုနှစ်လောက်ကစပြီး တိရစ္ဆာန်တွေနဲ့ အစာတွေကို ရောင်းချပေးခဲ့တယ်။ အဲဒီတုန်းကတော့ ပြန်ဆပ်လိုက် ပြန်ယူလိုက်ပေါ့ဗျာ။ ၂၀၀၆ ခုနှစ်လောက်မှာ ငါးမွေးမြူရေး လုပ်ငန်းရှင်တွေနဲ့ ငါးအစာရောင်းချတဲ့သူတွေက အကြွေးနဲ့ယူခဲ့ကြတယ်။ ဒါကြောင့် အကြွေးကယူရင်း ၄၂ ဘီလီယံလောက်များသွားပါတယ်"ဟု အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ပြောသည်။

မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းအား ပေးဆပ်ရန်ကျန်ရှိနေသည့် ကြွေးကျန်လုပ်ငန်းရှင်များအား ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုထားသော အမှုပေါင်း ၆၃ မှုရှိခဲ့ပြီး ယနေ့အချိန်တွင် ၁၈ မှု အကြွေးကျေပြီဖြစ်သည့်အတွက် အမှုပေါင်း ၄၅ မှု ကျန်ရှိနေကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။

"နိုင်ငံတော်ဘဏ္ဍာငွေတွေ မဆုံးရှုံးအောင်လို့ သူတို့ဆီက တောင်းတာပါ။ တောင်းလို့မရလို့ တရားမကြောင်းနဲ့ တရားစွဲခဲ့ပါတယ်။ အဲလိုတရားမကြောင်းနဲ့ တရားစွဲတဲ့အချိန်မှာ ကြွေးကျန် ၄၂ ဘီလီယံရဲ့အပေါ်မှာ သုည ဒသမ ၅ ရာခိုင်နှုန်းလောက်ပဲပြန်ရပါတယ်။ အဲဒါကြောင့် တရားမကြောင်းစွဲတာထက်စာရင် အများပြည်သူပိုင်ပစ္စည်းကို အလွဲသုံးပြုလုပ်တဲ့အတွက် အပက(၃)နဲ့ ပြောင်းလဲတရားစွဲခဲ့တာပါ။

တချို့ကြွေးကျန်လုပ်ငန်းရှင်တွေက အာမခံတင်သွင်းထားတာ ခိုင်မာမှုမရှိဘူး။ တရားမကြောင်းနဲ့ စွဲရင်အချိန်လည်းကြာမယ်။ အာမခံအထောက်အထားလည်း မရှိဘူး။ အမှုပြီးလို့ ထုခွဲရောင်းချလို့ရှိရင်လည်း ချေးထားတဲ့ငွေက (၁)ဘီလီယံဆိုရင် ရောင်းလို့ရတယ်ဟာက (၁) ဘီလီယံမရှိဘူးဆိုရင် အဲ့ဒီအတွက် ထုခွဲရောင်းချရင်တောင် နိုင်ငံတော်ဘဏ္ဍာငွေနစ်နာမယ်။ အမှုအတွက် ဌာနပိုင်ငွေကိုလည်း တရားစရိတ်အနေနဲ့ များများသုံးရမှာ ဖြစ်တဲ့အတွက် ရာဇဝတ်ပြစ်မှုကြောင်းအရ အပက (၃)နဲ့ တရားစွဲဆိုနိုင်ဖို့လုပ်ခဲ့တာပါ" ဟု ဒေါက်တာခင်ဇော်က ဆက်လက်ပြောပြသည်။

မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။ ယင်းလုပ်ငန်းအနေဖြင့် ဖျက်သိမ်းချိန်တွင် လုပ်ငန်းရှင် ၇၅ ဦးခန့်ထံမှ အကြွေး ၄၂ ဘီလီယံခန့်ရရှိရန် ရှိနေသည်။ ထို့ကြောင့် နိုင်ငံ့ဘဏ္ဍာငွေ မဆုံးရှုံးအောင် ယင်းအကြွေးပေးရန် ကျန်သူများထံမှ အကြွေးပြန်လည်ရရှိရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် လက်ရှိကြွေးကျန်ငွေမှာ ၂၇ ဒသမ ၇ ဘီလီယံခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။

**(ကျော်သူထက်)**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရေးနှင့် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၁၉-၉-၂၀၁၅)ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်(သစ္စာဥယျာဉ်အိမ်ရာ ၃၊ ၄၊ ၇၊ ၁၀၊ ၁၄/၁) ရပ်ကွက်များ၊ လှိုင်သာယာမြို့နယ် (၆၊ ၈၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆) ရပ်ကွက်များ၊ ရွှေပြည်သာမြို့နယ်ရှိ စက်မှုဇုန် (၂၊ ၃၊ ၄) နှင့် CNG ဆိုင်အချို့တွင် (၀၉း၀၀)နာရီမှ (၁၃း၀၀)နာရီအတွင်း အချိန်ပိုင်းဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ပါမည်။

၃။ ယင်းသို့ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

ရေဘေးအန္တရာယ်များကြောင့် အိမ်ထောင်စုများ ရေဘေးသင့်ပြီး လူအများသေဆုံးမှုဖြစ်ပေါ်ခဲ့သည့်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ရေဘေးသင့်ဒေသများသို့ သွားရောက်၍ အလှူငွေများ၊ အစားအသောက်၊ အဝတ်အထည်၊ ဆေးဝါးစသည့် ပစ္စည်းများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ရန်အတွက် မတည်ထောက်ပံ့ငွေများနှင့် ပျက်စီးချို့ယွင်းသည့် အခြေခံစာသင်ကျောင်းများ ပြုပြင်လှူဒါန်းမှုများကို ပြုလုပ်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးသို့ အလှူငွေကျပ် ၃၂၈၀၀၀၀၊ ပြုပြင်ရန်မတည်ငွေကျပ် ၁၀၀၀၀၀၀၀ နှင့် ကလေးမြို့နယ်ရှိ အခြေခံစာသင်ကျောင်းအတွက် ငွေကျပ် ၃၀၀၀၀၀၀၀ တို့ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးသို့ အလှူငွေကျပ် ၅၆၂၄၃၀၀၊ ပြုပြင်ရန်မတည်ငွေကျပ် ၁၀၀၀၀၀၀၀ နှင့် စေတုတ္တရာမြို့နယ် ဒုံချောင်းကျေးရွာ အခြေခံမူလတန်းလွန်ကျောင်းအတွက် ငွေကျပ် ၃၀၀၀၀၀၀၀ တို့ကိုလည်းကောင်း၊ ချင်းပြည်နယ်သို့ အလှူငွေကျပ် ၆၀၀၀၀၀၀ နှင့် ပြုပြင်ရန်မတည်ငွေကျပ် ၁၀၀၀၀၀၀၀ တို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်သို့ အလှူငွေကျပ် ၂၅၀၀၀၀၀၊ ပြုပြင်ရန်မတည်ငွေကျပ် ၁၀၀၀၀၀၀၀ နှင့် ပြည်နယ်ရှိ အခြေခံကျောင်းအတွက် ငွေကျပ် ၃၀၀၀၀၀၀၀ တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးသို့ အလှူငွေကျပ် ၁၈၃၃၄၀၀၀ ကိုလည်းကောင်း၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ် မန်ပန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ် ၂၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနသို့ ရေဘေးသင့်ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် ၁၅၀၀၀၀၀ ကိုလည်းကောင်း လှူဒါန်းကြသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဇွန်လမှ စက်တင်ဘာ ၁၁ ရက်အထိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းထောက်ပံ့မှုများမှာ စုစုပေါင်းငွေကျပ် ၁၉၂၂၃၈၃၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်တွင် Industrial Bank of Korea က အမေရိကန်ဒေါ်လာ ၅၀၀၀ ကို လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဆရာကြီး ဦးဘမြင့်-ဆရာမကြီး ဒေါ်တင်ရီ၊ သားသမီးမြေး တစ်စု၊ မိုးဆမ်းပန်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ငွေကျပ် ၅၀၀၀၀ ကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၃၉၁၄၄၆၀၃၂၀၊ အမေရိကန်ဒေါ်လာ ၁၈၄၂၇၀၁ ဒသမ ၉၇၊ ထိုင်းဘတ် ၅၄၁၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျ ဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဝေါမြစ်ရေတက်မှုကြောင့် ငါးသိုင်းချောင်း ရေကျော်အမက ပိတ်ထားရ

**ငါးသိုင်းချောင်း စက်တင်ဘာ ၁၇**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့တွင် ဝေါမြစ်ရေသည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းနှင့် မွန်းတည့် ၁၂ နာရီတိုင်းထွာချက်အရ စိုးရိမ်ရေမှတ်အထက် ၂ ဒသမ ၅၅ပေတွင်



အတက်အကျမရှိ တန့်လျက်ရှိနေပြီး မြစ်ကမ်းဘေး မြေနိမ့်ပိုင်းရှိ ကွင်းလျားကျေးရွာအုပ်စု ရေကျော်မူလတန်းကျောင်းမှာ စက်တင်ဘာ ၁၆ ရက်မှ စတင်၍ ယာယီပိတ်ထားရသည်။

အဆိုပါ ကျောင်းပတ်ဝန်းကျင်၌ ရေအနက်မှာ ၁၀ပေမှ ၁၂ပေခန့်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ သွားလာရေး အခက်အခဲရှိနေသဖြင့် ယာယီပိတ်ထားရကြောင်း၊ မြစ်ရေပြန်လည်ကျဆင်းသွားပါက ပြန်လည်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်းနှင့် ကျေးရွာအတွင်း မြစ်ရေအခြေအနေကိုလည်း အမြဲမပြတ်သတိထား စောင့်ကြည့်လျက် ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဦးက ပြောသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်

နေပြည်တော် စက်တင်ဘာ ၁၇

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ မြိတ်မြို့တွင် ၄ ဒသမ ၄၁ လက်မ၊ လောင်းလုံးမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့တွင် ၂ ဒသမ ၇၆ လက်မနှင့် ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၆၀ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားနည်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

# စေတုတ္တရာမြို့ရှိ ရေနစ်မြုပ်ကျေးရွာများအတွက် အလှူငွေများပေးအပ်

**စေတုတ္တရာ စက်တင်ဘာ ၁၇**

မုန်းချောင်းရေကြီးမှုများကြောင့် ရေနစ်မြုပ်ပျက်စီးခဲ့သော စေတုတ္တရာမြို့နယ် ငလဲကျေးရွာ၊ ပွင့်တောက်ကျေးရွာ၊ ခြင်ပြစ်ကိုင်းကျေးရွာနှင့် ပန်းချက်ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (အနောက်ပိုင်းခရိုင်) ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအဖွဲ့မှ ငွေကျပ်သိန်း ၉၀ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့်ကျေးရွာများဖြစ်သော ငလဲကျေးရွာအတွက်ငွေကျပ် သိန်း ၄၀၊ ပွင့်တောက်ကျေးရွာအတွက် ငွေကျပ် သိန်း ၂၀၊ ခြင်ပြစ်ကိုင်းကျေးရွာအတွက် ငွေကျပ် သိန်း ၂၀ နှင့် ပန်းချက်ကျေးရွာအတွက် ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နုနုလွင်(စေတုတ္တရာ)**


# ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**


ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် တစ်ပေခွဲခန့်၊ ဇလွန်မြို့တွင် နှစ်ပေခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ် အထက်ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။

**(သတင်းစဉ်)**

ဧရာဝတီမြစ်ရေ အခြေအနေ (ဇလွန်မြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ဟင်္သာတမြို့)





# ဝေါမြစ်ရေ ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ဝေါမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် နှစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။

**(သတင်းစဉ်)**

ဝေါမြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)




# ကော့သောင်းမြို့တွင် မိုးသည်းထန်၊ လေပြင်းတိုက်

**ကော့သောင်း စက်တင်ဘာ ၁၇**

ကော့သောင်းမြို့တွင် စက်တင်ဘာ ၁၆ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်သဖြင့် လျှပ်စစ်ဓာတ်တိုင်နှင့် သစ်ပင်ပြိုလဲမှုများဖြစ်ပွားသည်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် စက်တင်ဘာ ၁၅ ရက်မှ စတင်ကာ မိုးသည်းထန်စွာရွာ သွန်းခဲ့ရာ စက်တင်ဘာ ၁၆ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်ပြီး လေပြင်းများ တိုက်ခတ်သဖြင့် နံနက်ပိုင်းတွင် ကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်းဘေး ရွှေပြည်စိုးကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့ လမ်းဘေးရှိ ဓာတ်တိုင်လဲကျခြင်း၊ ကျိုးကျခြင်းနှင့် ကျေးရွာအဝင်လမ်းထိပ်ရှိ မန်းကျည်းပင်ကြီး ပြိုလဲကျခြင်းများ ဖြစ်ပွားခဲ့သည်။

**ကျော်စိုး(ကော့သောင်း)**

## ပြည်တွင်းရေးရာ

❖ ရှေ့ဖုံးမှ

ပိတ်သွားတယ်။ အနားကပ်လို့မရပါဘူး။ အပေါ်တက်လို့လည်း မရတော့အောက်ကနေပဲ ဓာတ်ပုံတွေရိုက်ထားတယ်။ ဒီမြေပြိုဆည်လေးဟာ ခန့်မှန်းပေ ၁၂၀ လောက်ရှိတယ်။ အပေါ်ကတော့ကျွန်တော်တို့ တက်ကြည့်လို့မရတော့ အင်တာနက်ကနေပြီးတော့ စက်တင်ဘာ ၁၆ရက်မှာ ဂြိုဟ်တုကနေတိုင်းတာချက်အရ ၈၄ ဧကလောက် အကျယ်အဝန်း ရှိပါတယ်ခင်ဗျ။

**မေး။ ဒီရေကန်နဲ့ပတ်သက်ပြီးတော့ဆရာတို့လေ့လာတွေ့ရှိချက်အပေါ်မှာ ဘယ်လိုဆောင်ရွက်သွားဖို့ရှိပါသလဲဆရာ၊ ရေဖောက်ချဖို့လိုအပ်ပါသလားဆရာ။**

ဖြေ။ အဲဒါနဲ့ပတ်သက်ပြီး အကြမ်းရှင်းပြချင်ပါတယ်။ (၁) အချက်က ကျွန်တော်တို့နဲ့ ၃၂ မိုင် ဝေးပါတယ်။ ဘေးမှာရှိတဲ့ရွာတွေ ဟံဂင်တို့၊ မုန်ဇာရွာတို့၊ ဆည်ဘော်ရွာတို့ကအမြင့်မှာရှိတဲ့အတွက် မထိခိုက်နိုင်ပါဘူး။ ဒီရာဇဂြိုဟ်ဆည်နဲ့မြေပြိုတောင်ပြိုတဲ့ကြားမှာရှိတဲ့ရွာတွေက အပေါ်တောင်ကုန်းမှာ ရှိတဲ့အတွက် အန္တရာယ်မရှိနိုင်ပါဘူး။ (၂) အချက်အနေနဲ့က ဒီရေတွေစီးလာမယ်ဆိုရင် ရာဇဂြိုဟ်ဆည်ကို ရောက်မယ်။ ကျွန်တော်တို့တွက်ချက်မှုအရဆိုရင် အကျယ်အဝန်း ပေ ၁၂၀ လောက်ရှိတယ်ဆိုရင် ဧကပေနဲ့တွက်လိုက်ရင် ဧကပေ ၁၂၀၀၀လောက်ရှိပါတယ်။ ဒါတွေအကုန်လုံးပြိုကျပြီး ချောင်းတစ်လျှောက် ဆင်းလာမယ်ဆိုရင် ချောင်းမှာ ဟိုတင်ဒီတင်နဲ့ဆိုတော့ ထက်ဝက်လောက်ပဲ ရောက်မှာပါ။ တကယ်လို့အကုန်လုံး ရောက်တယ်ဆိုရင်တောင်မှ ကျွန်တော်တို့ရေပိုလွှဲကနေ ပြီးတော့ထုတ်လို့ရပါတယ်။ ဒီရေတွေလာမယ်ဆိုရင် ရေ ပိုလွှဲအထက်ကို ၂ ဒသမ ၉၅ ပေလောက်ရေတက်မှာပါ။ ပုံမှန်ကတစ်ပေခွဲရှိတယ်။ စုစုပေါင်းဆိုရင် ၄ ဒသမ ၄၅ ပေလောက်တမံမှာဖြစ်သွားမယ်။ ရေပိုလွှဲကနေရေကျော်ကျ သွားမှာပါ။ အဲလိုရှိပါတယ်။ ကျွန်တော်တို့ရေပိုလွှဲက နေလည်း ပေ ၂၀ လောက်ကျော်လို့ရပါတယ်။ ဆိုလိုတာက တော့ ကျွန်တော်တို့ရေပိုလွှဲကြီးကို ဒီဇိုင်းထုတ်တဲ့အခါမှာ ကုဗပေ ၆၉၅၉၀၊ ဧကပေနဲ့ဆိုရင်တစ်သိန်းသုံးသောင်းကိုးထောင်၊တစ်သိန်းလေးသောင်းလောက်ထုတ်နိုင်တယ်။ တကယ်တော့ ဧကပေတစ်သိန်းကျော်လာရင်တောင်ထုတ်နိုင်ပါတယ်။ ဆည်အတွက်ပြဿနာမရှိနိုင်ပါဘူး။ နောက်ပြီးတော့ ဒီဆည်ထဲမှာလည်း ဆည်ဆောက်တဲ့အခါမှာ ရေသေရေမှတ်တွက်ချက်ပြီး နှစ် ၅၀ စာနုန်းထိုင်လို့ရအောင် တည်ဆောက်ထားခဲ့ပါတယ်။




မြေပြိုဆည်အား အောက်ဘက်အခြေမှ မြင်တွေ့ရပုံ။

ကန်ရေအမြင့်ပေ ၅၈၀၊ အောက်က ပေ ၅၀၀ ဆိုတော့ ရေသေရေမှတ် ပေ ၈၀လောက်ရှိတဲ့အတွက်နုန်းတွေဝင်လာရင် ၄ ပေ၊ ၅ ပေ၊ ၆ ပေဆိုလည်း အန္တရာယ်မရှိပါဘူးလို့ပြောချင်ပါတယ်။ မနက်ဖြန်မှာလည်း ဒရုန်းလေယာဉ်နဲ့အဲဒီနေရာကိုထပ်မံတိုင်းတာဖို့၊ စောင့်ကြည့်လေ့လာဖို့ရှိပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ထူးခြားတာနဲ့ပြန်ပြီးသတင်းပေးပါ့မယ်။

**မေး။ ထပ်မံပြီးတော့မိုးသည်းထန်စွာရွာသွန်းမယ်၊ ရာသီဥတုထပ်မံဆိုးရွားမယ်ဆိုရင် နောက်ဆက်တွဲဘာတွေဖြစ်လာနိုင်ပါသလဲ။ စိုးရိမ်စရာအနေအထားကောရှိလာနိုင်ပါသလား ဆရာ။**

ဖြေ။ မရှိပါဘူး။ ကျွန်တော်တို့ရေပိုလွှဲမှာတစ်စက္ကန့်ကိုကုဗပေ ၆၉၀၀၀ လောက်လွှဲလို့ရတယ်။ ဧကပေနဲ့တွက်ရင်တစ်သိန်းလေးသောင်းလွှဲလို့ရတယ်။ ပြိုကျလာပြီး ရေစီးလာရင်တောင်မှအခု ကျွန်တော်တို့တွက်ထားတဲ့ဟာက အများဆုံး ဧကပေ ၁၂၀၀၀ ကို နိုင်အောင်လွှဲလို့ရတယ်။ အရင်တုန်းကလည်း မိုးရာသီမှာရေလွှဲခဲ့ပြီးသားဖြစ်ပါတယ်။ ၁၃ ပေခွဲ၊ ၁၄ ပေခွဲလောက်အထိကိုရေပိုလွှဲကနေ ရေကျပြီးသားဖြစ်တဲ့အတွက် အန္တရာယ်မရှိပါဘူးလို့ ပြောချင်ပါတယ်။

**မေး။ ဆရာတို့လေ့လာတွေ့ရှိချက်တွေ၊ ကြည့်ရှုခဲ့တဲ့အနေအထားတွေကိုအများပြည်သူကို အသိပေးချင်တာ၊ ပြောချင်တာများ ရှိပါသေးလား ဆရာ။**

ဖြေ။ ဟုတ်ကဲ့ရှိပါတယ်။ တောင်ပြိုတဲ့ဆည်နဲ့ပတ်သက်ပြီးတော့အန္တရာယ်မရှိပါဘူးလို့ပြောချင်ပါတယ်။သွားကြည့်တဲ့အခါမှာ အထက်မှာ ရေစီးပြီးထွက်နေတယ်ဆိုတော့ မိုးရွာရင်လည်း အဲဒီနေရာကနေစီးပြီး ထွက်နေမယ်။ တမံကြီး လုံးဝပိတ်ထားတာမျိုး မရှိဘူး။ သွားပြီးကွင်းဆင်းကြည့်တဲ့အခါမှာလည်း ပိတ်ထားတာမရှိပါဘူး။ မိုးရွာရင်လည်း အဲဒီကနေရေစီးပြီးတော့ပေါက်သွားမှာပါ။ အဲဒီရေကအောက်စီးလာတဲ့အခါကျရင်လည်း အန္တရာယ်မရှိပါဘူး။ ဧကပေတစ်သိန်းသုံးသောင်းကျော်လောက်အထိ ရေပိုလွှဲကလွှတ်လို့ရပါတယ်။ အန္တရာယ်မရှိပါဘူးလို့ ပြောချင်ပါတယ်။ ရာဇဂြိုဟ်ဆည်အတွက်လည်း အန္တရာယ်မရှိပါဘူး။ ရာဇဂြိုဟ်ဆည် အောက်ကရွာတွေအတွက်လည်း အန္တရာယ်မရှိပါဘူး။ စိုးရိမ်စရာမရှိပါဘူးဆိုတာ တင်ပြချင်ပါတယ်။

ကျေးဇူးတင်ပါတယ်ဆရာ။

**(ဆုနှင်းလှဲ့)**



မြေပြိုဆည်ပိတ်မိနေသော တို့လို့ချောင်း အောက်ပိုင်းကို မြင်တွေ့ရပုံ။

# တောင်သမန်အင်းအတွင်း ရေထုညစ်ညမ်းမှုနှင့် ရေဆိုးများကြောင့် ငါးပိဿာချိန်တစ်သောင်းကျော်သေဆုံးမှု ထပ်မံဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေး အမရပူရမြို့နယ် တောင်သမန်အင်းအတွင်း ယနေ့နံနက်ပိုင်းက စက်မှုဇုန်မှထွက်ရှိသော ရေဆိုးများကြောင့် ငါးပိဿာချိန်တစ်သောင်းကျော် သေဆုံးမှုထပ်မံဖြစ်ပွားခဲ့ပြီး ငါးသေဆုံးမှုဖြစ်ပွားသောနေရာမှာ တောင်သမန်အင်းမြောက်ဘက်ခြမ်း အင်းအတွင်းရေဆိုးများဝင်ရောက်သည့် ပရံတော်ချောင်း ရေဆိုးများစီးဆင်းရာတစ်လျှောက်တွင်ဖြစ်ကြောင်း အင်းဒိုင်ထံမှ သိရသည်။

"အင်းအတွင်း ငါးတွေသေဆုံးတာကို နံနက် ၆နာရီ လောက်မှ သိရတာပါ။ ငါးသေဆုံးမှုဖြစ်ပွားရတဲ့အကြောင်းရင်းက စက်မှုဇုန်က ထုတ်လွှတ်တဲ့ ရေဆိုးတွေကြောင့်လို့ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီအချိန်က အင်းအတွင်း မြစ်ရေတက်နေတဲ့အချိန်ဆိုတော့ ငါးသေဆုံးမှုဆိုတာမဖြစ်နိုင်ပါဘူး။ ရေဆိုးတွေကြောင့်သာ ငါးတွေသေဆုံးခြင်းဖြစ်ပါတယ်။ ငါးသေဆုံးတဲ့နေရာက ရေတွေဆိုရင် ရေကအနံ့အသက်ဆိုး၊ပျစ်ချွဲမည်းညစ်ပြီး အဆီငွေ့တွေတက်နေတာတွေ့ရတယ်။ အင်းအတွင်းငါးသေဆုံးမှုဖြစ်ပွားတာဟာဆိုရင် အများဆုံးသေဆုံးမှုက ဒီနှစ်ထဲမှာ လေး၊ငါးကြိမ်လောက်ရှိပါပြီ။ အခုသေဆုံးမှုက ငါးပိဿာချိန်တစ်သောင်းကျော်လောက်ရှိပါတယ်။ အရင်တစ်ခေါက် သကြံန်ကာလအတွင်းက ဖြစ်ပွားမှုလောက်မရှိပေမယ့် အဲလောက်နီးပါးရှိပါတယ်။ အခုအင်းအတွင်း သန့်ရှင်းအောင် သေဆုံးနေတဲ့ ငါးတွေကို ဆယ်ယူနေပါတယ်"ဟု အင်းတာဝန်ခံတစ်ဦးဖြစ်သူ ကိုဝင်းဇော်ဦးက ပြောသည်။

အင်းအတွင်း ငါးများသေဆုံးမှုဖြစ်စဉ်အား ခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းရေးဌာနတို့မှ လာရောက်ခဲ့ပြီး ငါးသေနှင့် ရေဆိုးများအားစစ်ဆေးတိုင်းတာမှုပြုလုပ်ရန် ယူဆောင်သွားကြောင်းလည်း သိရသည်။

"တောင်သမန်အင်းအတွင်း ငါးသေဆုံးမှုဖြစ်စဉ်က အပူရှိန်ကြောင့်သေဆုံးမှုဖြစ်နိုင်သလို၊ တစ်ဦးတစ်ယောက်ရဲ့ ပယောဂကြောင့် အဆိပ်ပါဝင်မှုကြောင့်လည်းဖြစ်နိုင်သလို၊ ရေဆိုးစွန့်ပစ်မှုကြောင်းလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အခုရေတက်နေတဲ့အချိန်ကာလဖြစ်တာကြောင့် အင်းအတွင်း ရေဝင်ရောက်မှုက အဆမတန်များပါတယ်။ ရေဆိုးကလည်း အချို့စက်ရုံတွေရဲ့ စည်းကမ်းမလိုက်နာဘဲ စွန့်ပစ်မှုတွေကြောင့် အနည်းငယ်ရှိနိုင်ပါတယ်။ ဒါပေမယ့် ရေဆိုးတစ်ခုတည်းကြောင့် ဆိုပြီး ပြောလို့မရပါဘူး။ အခု ရေဆိုးတွေရယ်၊ ငါးသေတွေရယ်ကို တိုင်းတာစစ်ဆေးဖို့ ဆောင်ရွက်နေပါတယ်။ အဖြေကတော့ မထွက်ရှိနိုင်သေးဘူး။ နောက်ပိုင်းမှာ အဖြေကိုထုတ်ပြန်ပေးသွားမှာပါ။ အခုလတ်တလော အင်းအတွင်း သန့်ရှင်းအောင် ငါးသေတွေကို စည်ပင်သန့်ရှင်းရေးဌာနက လိုက်လံ ရှင်းလင်းသိမ်းဆည်းနေပါတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



"အင်းအတွင်းငါးသေဆုံးမှုရဲ့ အဓိကအချက်ကတော့ ရေထုညစ်ညမ်းမှုကြောင့်ပါပဲ။ အောက်ဆီဂျင်နည်းပါးတဲ့နေရာမှာ ဒဏ်မခံနိုင်တဲ့ငါးတွေက သေဆုံးခဲ့ကြတာပါပဲ။ နောက်ပြီး သဘာဝရဲ့အပူဒဏ်မြင့်တက်နေမှုကြောင့်နဲ့ ပယောဂတစ်ခုခုကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ငါးသေဆုံးမှုကတော့ အရင်ကလည်းဖြစ်ခဲ့တယ်။ အခုလည်းဖြစ်နေတယ်။ နောင်လည်းဆက်ဖြစ်နေဦးမှာပါ။ အဓိကကတော့ မန္တလေးကနေထွက်ရှိလာတဲ့ ရေနုတ်မြောင်းတွေနဲ့ စည်းကမ်းမလိုက်နာဘဲ စွန့်ပစ်နေတဲ့စက်ရုံတွေကထွက်ရှိတဲ့ရေဆိုးတွေကြောင့်ဖြစ်ပါတယ်။ အခုချိန်မှာ ကျွန်တော်တို့ဌာနအနေနဲ့ ရေဆိုးနဲ့ငါးသေတွေကို ဓာတ်ခွဲစမ်းသပ်ဖို့ ဓာတ်ခွဲဌာနကို ပေးပို့ထားပါတယ်။ နောက်နေ့တွေမှာဆိုရင်တော့ သိရပါလိမ့်မယ်"ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်ထွန်းက ပြောသည်။ ယခုငါးသေဆုံးနေမှုနှင့်ပတ်သက်၍အင်းဒိုင်မှ သက်ဆိုင်ရာဌာနများသို့ တိုင်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ယခင် အင်းအတွင်းငါးများသေဆုံးခဲ့မှုမှာ အကြိမ်များစွာရှိခဲ့သော်လည်း အများဆုံးသေဆုံးခဲ့မှုမှာ လေးကြိမ်မြောက်ရှိခဲ့ကြောင်း သိရသည်။ **(သူရိန်မန်း)**

# MEC Tel CDMA 800 MHz မှ အထူးခြားဆုံး သီတင်းကျွတ်အကြို(ဝါကျွတ်)လက်ဆောင် "Bonus"များပေးမည်

**ရန်ကုန် စက်တင်ဘာ ၁၇**

MEC Tel မှ ၂၀၁၅ ခုနှစ် သီတင်းကျွတ်အကြို(ဝါကျွတ်)လက်ဆောင်အဖြစ် စက်တင်ဘာ ၁၈ ရက်မှ စတင်၍ MECTel CDMA 800 MHz ဖုန်းသုံးစွဲသူများအား ၁၀၀၀၀ တန်ငွေဖြည့်ကတ်ဖြည့်သွင်းပါက Bonus ၇၀ ရာခိုင်နှုန်း၊ ၅၀၀၀ တန် ငွေဖြည့်ကတ်ဖြည့်သွင်းပါက Bonus ၅၀ ရာခိုင်နှုန်းနှင့် ၃၀၀၀ တန်ငွေဖြည့်ကတ် ဖြည့်သွင်းပါက Bonus ၃၀ ရာခိုင်နှုန်း၊ အပိုထပ်ဆောင်းငွေ Bonus များရရှိမည်ဖြစ်ကြောင်း သိရသည်။

MEC Tel ငွေဖြည့်ကတ်သုံးစွဲသူများအနေဖြင့် အဆိုပါ Bonus ငွေအား ငွေဖြည့်ကတ်စတင်ဖြည့်သွင်းရက်မှ ရက်ပေါင်း ၆၀ အတွင်း သုံးစွဲသွားနိုင်မည်ဖြစ်၍ Bonus ငွေဖြင့် Voice SMS,Data များအား သုံးစွဲနိုင်မည်ဖြစ်သည်။ ငွေဖြည့်ကတ်တစ်မျိုးတည်းအတွက်သာ အကျုံးဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ရေဘေးသင့်ဒေသများဖြစ်သော ကလေး၊ ဟားခါး၊ ဟသ်ာတ၊ ညောင်တုန်း၊ သာပေါင်း၊ အင်္ဂပူနှင့် ဇလွန်မြို့နယ်တို့တွင် သဘာဝဘေးသင့်ပြည်သူများ၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးသွားရောက်ဆောင်ရွက်သူများ ဆက်သွယ်ရေးအဆင်ပြေစေရေးအတွက် MEC Tel ဖုန်းအချင်းချင်းခေါ်ဆိုပါက အခမဲ့ခေါ်ဆိုနိုင်မည့် ဝန်ဆောင်မှုကိုလည်း စေတနာထက်သန်စွာဖြင့် ဆက်လက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကမ္ဘာ့ဘဏ်က အတိုးမဲ့ချေးငွေ ကန်ဒေါ်လာ သန်း ၄၀၀ ပေးအပ်ရန်အတည်ပြု

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နယ်မြေအသီးသီးတွင် လျှပ်စစ်မီးရရှိရန် ကြိုးပမ်းလျက်ရှိရာ ထိုစီမံကိန်းအထမြောက်ရေးအတွက် ကမ္ဘာ့ဘဏ်က အတိုးမဲ့ချေးငွေ အမေရိကန်ဒေါ်လာသန်း ၄၀၀ ပေးအပ်ရန် အတည်ပြုလိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအသင်း (IDA) မှ ပေးအပ်မည့် ယင်းချေးငွေသည် ၂၀၃၀ ခုနှစ်တွင် အိမ်တိုင်းစေ့ လျှပ်စစ်မီးရရှိရေးဆိုင်ရာအစီအစဉ် (National Electrification Plan) ကို အကောင်အထည်ဖော်ရာတွင် ငွေကြေးနှင့်နည်းပညာ အထောက်အပံ့အတွက် ပေးအပ်သောချေးငွေဖြစ်ကြောင်း ဆိုသည်။ နိုင်ငံတွင်း မြို့ပြအဆောက်အအုံဖွံ့ဖြိုးလာခြင်း၊ စက်မှုလုပ်ငန်းများ ပေါ်ပေါက်လာခြင်းနှင့် စဉ်ဆက်မပြတ် လူဦးရေတိုးပွားလာခြင်းတို့သည် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဆိုင်ရာ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ ယခုပေးအပ်လိုက်သောအတိုးမဲ့ချေးငွေမှာ ၂၀၂၂ ခုနှစ်တွင် အိမ်ထောင်စု ၁ ဒသမ ၂ သန်းအတွက် လျှပ်စစ်မီးရရှိမည်ဖြစ်သဖြင့် လူပေါင်း ၆ ဒသမ ၂ သန်းကို အကျိုးကျေးဇူးရရှိစေမှာဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ကပြောကြားသည်။

ထို့ပြင် ယင်းချေးငွေကြောင့် ဒေသအသီးသီးရှိမြို့များကို မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပေးနိုင်မည်ဖြစ်သည့်အပြင် ဒေသအသီးသီးရှိ ကျောင်း၊ ဆေးခန်း နှင့်ဝေးလံခေါင်ဖျားဒေသရှိ ကျေးရွာများအား လျှပ်စစ်မီးပေးဝေနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှ ဌာနေညွှန်ကြားရေးမှူး အူလ်ရစ်ချ်ဇာချောင်က ပြောကြားသည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် အရပ်ဘက်အစိုးရ တက်လာပြီးနောက်ပိုင်း တစ်ဟုန်ထိုးမြင့်တက်လာလျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၌ မဂ္ဂါဝပ် ၂၈၉၁ ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ် စက်ရုံ ၇၀ နှင့် မဂ္ဂါဝပ် ၁၆၁၂ ထုတ်လုပ်နိုင်သည့် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၂၉၂ ရုံသာရှိသဖြင့် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုမရှိကြောင်း ယင်းရိုက်တာသတင်း၌ ဖော်ပြထားသည်။

**ကျော်သဲအိမ်**

# မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ် လမ်းသစ်ဖွင့်လှစ်၊ လွှဲပြောင်းနိုင်ရေး နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာတစ်ဝိုက်တွင် အခြေပြုသည့် ကျော်သက်နှင့် စောဆန်းအောင်ခေါင်းဆောင်သော ကလိုထူးဘော ကရင်အစည်းအရုံး(KKO)အဖွဲ့သည် နိုင်ငံတော်အစိုးရနှင့်တပ်မတော်၏မူဝါဒများကို ဆန့်ကျင်လျက် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ် ကားလမ်းများပေါ်တွင် တရားမဝင်အကောက်စခန်းများဖွင့်လှစ်၍ ခရီးသွားပြည်သူ လူထုထံမှ ငွေကြေးအဓမ္မကောက်ခံခြင်း၊ ၎င်းတို့အခြေပြုကျေးရွာဝန်းကျင်တွင် အဓမ္မဆက်ကြေးငွေကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းများ ပြုလုပ်လျက်ရှိသည့် သတင်းများဖြစ်ပေါ်ခဲ့၍ ယင်းသို့မလုပ်ဆောင်ရန် ပြည်နယ်အစိုးရနှင့် နယ်မြေခံတိုင်းစစ်ဌာနချုပ်တို့က အကြိမ်ကြိမ်သတိပေးအကြောင်းကြားခဲ့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဆက်၍လုပ်ဆောင်လျက်ရှိရာ ဟန့်တားခြင်း၊ ပညာပေးစည်းရုံးပြောဆိုခြင်းများ ဆောင်ရွက်ခဲ့သည်။

သို့ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မေ ၂၆ ရက်က မြဝတီမြို့ရှိ ရွှေတိဂုံပုံတူ စွယ်တော်ပွားစေတီဌာပနာသွင်းအခမ်းအနား တက်ရောက်ရန်နှင့် ကော့ကရိတ်-မြဝတီ-မဲဆောက် အာရှလမ်းမသစ် ဖောက်လုပ်ပြီးစီးမှုအခြေအနေစစ်ဆေးရန် ကော့ကရိတ်မြို့မှထွက်ခွာစဉ် ကျော်သက်နှင့်စောဆန်းအောင် ခေါင်းဆောင်သည့် KKOအဖွဲ့က ကရင်ပြည်နယ် ဝန်ကြီးချုပ်လိုက်လာကြောင်း သိလျက်နှင့် မင်းမဲ့စရိုက်ပုံစံဖြင့် ရပ်တန့်တားဆီးခဲ့သဖြင့် တပ်မတော်ကငြိမ်းချမ်းရေးလုပ်ငန်းများ မထိခိုက်စေရေးအတွက် အလားတူမပြုလုပ်ရန် သတိပေးပြောကြားခဲ့သည်။

ထပ်မံ၍ နိုင်ငံတော်အဆင့်အကြီးအကဲ၏ အာရှလမ်းမသစ်ကြီးဖွင့်လှစ်ရေး ခရီးစဉ်အတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များက နယ်မြေနှင့် လမ်းကြောင်း လုံခြုံရေးစစ်ဆေးရန် ဇူလိုင် ၂ ရက်က ဘားအံ-ကော့ကရိတ်-မြဝတီ လမ်းကြောင်းအတိုင်း ထွက်ခွာလာစဉ် ကော့ကရိတ်မြို့မှအထွက် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့က အကြောင်းမဲ့စတင်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် တိုင်းမှူးယာဉ်တန်းအပါအဝင် လုံခြုံရေးစစ်သည်များက ပြန်လည်သတိပေးပစ်ခတ်ခဲ့ရာ ၎င်းတို့ လက်နက်ကြီးများဖြင့် တိုးမြှင့်ပစ်ခတ်ခဲ့သည်။ ၎င်းအဖွဲ့၏ မင်းမဲ့စရိုက်ဆန်ဆန် အကြိမ်ကြိမ်ဆောင်ရွက်နေမှုများကို တပ်မတော်အနေဖြင့် ဆက်လက်သည်းခံနိုင်ခြင်းမရှိ၍ တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ် (BGF)တို့ပူးပေါင်း၍ ဇူလိုင် ၂ ရက်မှစတင်ပြီး နယ်မြေရှင်းလင်းခြင်းများ စတင်ဆောင်ရွက်ခဲ့ရသည်။

တိုက်ပွဲစတင်ဖြစ်ပွားသည့်နေ့မှစ၍ မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ် လမ်းဟောင်းနှင့် လမ်းသစ်အားကျော်သက်နှင့်စောဆန်းအောင်အဖွဲ့က စတင်ပိတ်ဆို့ထားခဲ့ပြီး စစ်ရေးနှင့်မသက်ဆိုင်သော ချောင်းတောင်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းအား လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်း၊ အစိုးရပိုင်ပစ္စည်းဖြစ်သော လှိုင်ကွယ်ကျေးရွာအနီးရော်ဘာခြံအတွင်းရှိ အဆောက်အအုံနှစ်လုံးအား မီးရှို့ဖျက်ဆီးခြင်းနှင့် ဒေသခံပြည်သူလူထုများ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ ကော့ကရိတ် မြို့လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် သုံးကြိမ်နှောင့်ယှက်ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သည်။

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေး၊ ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ် (BGF)တို့ ပူးပေါင်း၍ နယ်မြေရှင်းလင်းခြင်းများကို ဇူလိုင် ၂ ရက်မှ ၉ ရက်အထိ ဆောင်ရွက်ခဲ့ရာ မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ် ကားလမ်းဟောင်းပေါ်၌ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ၁၅ ကြိမ်၊ ကားလမ်းသစ်ပေါ်၌ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ၁၇ ကြိမ်ဖြစ်ပွားခဲ့ပြီး လမ်းဟောင်းအား ဇူလိုင် ၈ ရက်တွင်လည်းကောင်း၊ လမ်းသစ်အား ဇူလိုင် ၉ ရက်တွင်လည်းကောင်း ထိန်းချုပ်နိုင်ခဲ့ပြီး ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထို့အပြင် ကျော်သက်နှင့်စောဆန်းအောင်အဖွဲ့ အကြွင်းအကျန်များ ခိုအောင်းနေထိုင်မှု မရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ်(BGF)တို့က နယ်မြေရှင်းလင်းခဲ့ရာ ၎င်းတို့အခြေပြုခဲ့သောနေရာများ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှု လေးကြိမ်ဖော်ထုတ်နိုင်ခဲ့ပြီး ကာလတန်ဖိုးခန့်မှန်းငွေကျပ်သိန်းပေါင်း ၂၅၉၂၁ သိန်းကျော်ရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားစုစုပေါင်း ၈၆၄၀၅၇ ပြားနှင့် မူးယစ်ဆေးဝါး ထုတ်သောစက်ပစ္စည်းအစိတ်အပိုင်းများအား သိမ်းဆည်းရမိခဲ့သည်။





အဆိုပါ ဖြစ်စဉ်ဖြစ်ပွားချိန်အတွင်း ဆုံဆည်းမြိုင် နယ်မြေ၌ အခြေပြုလျက်ရှိသည့် ကလိုထူးဘော ကရင်အစည်းအရုံး(KKO)အဖွဲ့ ဌာနချုပ်ကလည်း ကျော်သက်နှင့် စောဆန်းအောင်၏ လုပ်ရပ်များကို လက်မခံနိုင်သဖြင့် ၎င်းတို့အဖွဲ့မှ ဇူလိုင် ၂၁ ရက်တွင် ထုတ်ပယ်ခဲ့ကြောင်း ကြေညာခဲ့သည်။ ကျော်သက်နှင့် စောဆန်းအောင်၏ လက်အောက်အဖွဲ့များ အနေဖြင့်လည်း တပ်မတော်စစ်ကြောင်းများ၏နယ်မြေရှင်းလင်းမှုနှင့် ပြည်သူလူထုမှ မထောက်ခံမှုတို့ကြောင့် တပ်ဖွဲ့ဝင် ၈၉ ဦးသည် လက်နက်/ ခဲယမ်းများနှင့်အတူ တပ်မတော်စစ်ကြောင်းအသီးသီးသို့ ဥပဒေဘောင်အတွင်း လက်နက်ဖြင့် ဝင်ရောက်ခိုလှုံခဲ့ကြသည်။ ထိုသို့ ဖြစ်ပွားစဉ် ကျော်သက်သည် နောက်လိုက်အနည်းငယ်ဖြင့် မူလအခြေပြုရာကောင်းမူရွာမြောက်ခြမ်းမှ တစ်ဆင့် မဲသဝေါပြန့်သို့လည်းကောင်း၊ စောဆန်းအောင်ခေါင်းဆောင်သော အဖွဲ့သည် ကောင်းမူရွာတောင်ဘက်ခြမ်းမှတစ်ဆင့် KKO ဌာနချုပ်ရှိရာသို့ လည်းကောင်းဆုတ်ခွာ၍ သွားရောက်ပူးပေါင်းသော်လည်း KKO ဌာနချုပ်မှ ထုတ်ပယ်ပြီးဖြစ်၍လက်မခံ ခဲ့ရာမှအဖွဲ့များကွဲကာ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ပြီး စောဆန်းအောင်မှာ နောက်လိုက်အနည်းငယ်ဖြင့် မဲသဝေါပြန့်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ် လမ်းဟောင်းအား မူလအတိုင်းပြန်လည်သွားလာနိုင်ရေး၊ လမ်းသစ်အား ဖွင့်လှစ်နိုင်ရေးနှင့် နယ်မြေဒေသအတွင်း တည်ငြိမ်အေးချမ်းရေးတို့အတွက် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ်တို့ပူးပေါင်း၍ နယ်မြေရှင်းလင်းခဲ့ရာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း ၄၈ ကြိမ်ဖြစ်ပွားခဲ့ကာ တပ်မတော်မှ အရာရှိ၊ စစ်သည်ခုနစ်ဦး နိုင်ငံအတွက် အသက်ပေးလှူခဲ့ရပြီး ၂၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ တစ်ဦးပျောက်ဆုံးခဲ့သည်။ ကျော်သက်နှင့်စောဆန်းအောင်အဖွဲ့ထံမှ ဖမ်းဆီးရမိ ၂၆ ဦး၊ အလောင်း ခြောက်လောင်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်သူ ၈၉ ဦး၊ လက်နက်မျိုးစုံ ၁၆၅ လက်၊ ကျည်မျိုးစုံ ၂၁၆၅၆ တောင့်၊ ဗုံးသီးမျိုးစုံ အလုံး ၄၀၀၊ မိုင်းမျိုးစုံ ၃၂၆ လုံး၊ ကျည်အိမ်မျိုးစုံ ၃၅၈ ခု၊ လက်ပစ်ဗုံးမျိုးစုံ ရှစ်လုံး၊ ယာဉ်မျိုးစုံ ၁၄ စီးနှင့် WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၈၆၄၀၅၇ ပြားတို့ သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်နှင့် နယ်ခြားစောင့်တပ်(BGF)တို့က နယ်မြေရှင်းလင်းနိုင်ခဲ့ခြင်းကြောင့် မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ်လမ်းသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်တွင်ကျင်းပနိုင်ခဲ့ပြီး ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Dr. Somkid Jatusripitak တို့ တက်ရောက်၍ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။

ယခင်ကလမ်းအရှည် ၃၉ မိုင် ၄ ဖာလုံရှိသော မြဝတီ-ကော့ကရိတ် ကားလမ်းဟောင်းသည် အတက်တစ်ရက်နှင့် အဆင်းတစ်ရက်စနစ်ဖြင့် သွားလာခဲ့ရပြီး ယာဉ်မောင်းချိန်မှာလည်း ယာဉ်ကြီး ၈ နာရီနှင့် ယာဉ်ငယ် ၆ နာရီ ကြာမြင့်ခဲ့သည့်အပြင် လမ်းကြောင်းပေါ်တွင် ယာဉ်တစ်စီး ပိတ်ဆို့ပါက မဖြေရှင်းနိုင်ချိန်တွင် ယာဉ်တန်းများ ရပ်တန့်မှုဖြစ်ပေါ်ခဲ့ပြီး ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားပြည်သူလူထုများ၏ ခရီးသွားလာမှုအား များစွာထိခိုက်ခဲ့သည်။

ယခုအခါ အရှည် ၂၈ မိုင် ၄ ဖာလုံရှိ ကော့ကရိတ်-မြဝတီ-မဲဆောက် အာရှလမ်းမ နိုင်လွန်ကတ္တရာလမ်းမကြီးမှာ ယာဉ်ကြောအသွား၊ အပြန်ပါဝင်ပြီး ၄၅ မိနစ်အတွင်းသာ မောင်းနှင်ရသဖြင့် ပြည်သူများခရီးသွားလာမှု လွယ်ကူလျင်မြန် အဆင်ပြေစေပြီး ကုန်စည်စီးဆင်းမှုလည်း သွက်လက်မြန်ဆန်ထိရောက်စေသည့်အပြင် အသက်စည်းစိမ်ဥစ္စာ လုံခြုံရေးအရလည်း အန္တရာယ်ကင်းစွာ သွားလာနိုင်ပြီဖြစ်၍ ဒေသခံပြည်သူများက နိုင်ငံတော်နှင့် တပ်မတော်အပေါ် များစွာ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# အမှိုက်စွန့်ပစ်သည့်စနစ်များထဲတွင် အမှိုက်မီးရှို့စက်အသုံးပြုခြင်းဖြင့် ရရှိလာသောအကျိုးသက်ရောက်မှုများအား လေ့လာခြင်း

ဒေါက်တာပြန်ဆက်

အမှိုက်ဟုဆိုသည်နှင့်တစ်ပြိုင်နက် လမ်းများပေါ်ရှိ အမှိုက်ပုံများ၊ အမှိုက်ပုံးများကို မျက်စိထဲမြင်မိကြပေလိမ့်မည်။ သို့သော် ထိုအမှိုက်များကို နောက်ဆုံးစွန့်ပစ်ရသော အမှိုက်ပုံကြီးကိုကား ရုတ်တရက်မျက်စိများထဲတွင် မြင်မိကြရန် မလွယ်ကူလှပေ။ အကြောင်းမှာ အဆိုပါ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများမှာ အများပြည်သူများ၏ မျက်စိများနှင့် ဝေးရာအရပ်တွင် လောလောဆယ်တည်ရှိနေသေးသောကြောင့်ဟု ဆိုနိုင်ပါသည်။

မြို့တော်ရန်ကုန်ကို မြို့နယ် ၃၃ မြို့နယ်ဖြင့် ဖွဲ့စည်းထားရှိပြီး မြို့နယ် ၃၃ မြို့နယ်၏ ဧရိယာများကို ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပဲခူးမြစ်၊ ပုဇွန်တောင်ချောင်း၊ ငမိုးရိပ်ချောင်းများနှင့် ဆက်စပ်ဝန်းရံထားသည်။ မြို့နယ်အသီးသီးမှ ပုဇွန်တောင်ချောင်းထဲသို့ သဲဖြူချောင်းတစ်ခုတည်းသာ စီးဝင်နေပြီး ငမိုးရိပ်ချောင်းကြီးထဲသို့ ချောင်းပေါင်း ၂၀ စီးဝင်နေပါသည်။ မြို့တွင်း ရှစ်မြို့နယ်မှ ရန်ကုန်မြစ်ထဲသို့ မြစ်ရေထွက်ပေါက်ပေါင်း ၂၃ ခုရှိပြီး ၃၃ မြို့နယ်အတွက်ဆိုလျှင် မြစ်ထွက်ပေါက် စုစုပေါင်း ၄၂ ခုရှိပါသည်။ လှိုင်မြစ်ထဲသို့ ချောင်းပေါင်း ၂၂ ချောင်း စီးဝင်လျက်ရှိပါသည်။ ပဲခူးမြစ်အတွင်းသို့ ချောင်းပေါင်း ရှစ်ချောင်းစီးဝင်လျက်ရှိပါသည်။ မဟာရန်ကုန်၏ လူဦးရေကို ငါးသန်းကျော်အဖြစ် ထားရှိသည်ဆိုပါစို့၊ လူတစ်ယောက်သည် အမှိုက်တစ်စကို သတိလက်လွတ် မြေပေါ်သို့ပစ်ချသည့်နည်းတူ လူပေါင်း ငါးသန်းကျော်သည် တစ်ပြိုင်နက် သတိလက်လွတ် အမှိုက်တစ်စစီ ပစ်ချလိုက်သည်ဆိုပါစို့၊ အမှိုက်စပေါင်း ငါးသန်းကျော်သည် အဆိုပါ အဓိက ချောင်းကြီး ၅၁ ချောင်းနှင့် မြစ်ထွက်ပေါက် ၄၂ ခုထဲသို့ ရေစီးနှင့်အတူ ကျရောက်သွားပြီး အမှိုက်များဖြင့်ပိတ်ဆို့ကာ ရန်ကုန်မြို့ကြီးတစ်ခုလုံး ရေလျှံရကိန်းဆိုက်သွားမည့် "သတိလက်လွတ်" အပြုအမူဖြစ်နိုင်ကြောင်း တွေးဆသိရှိနိုင်ပါသည်။

ထိုကဲ့သို့ သတိလက်လွတ်ပစ်ချမှုမရှိဘဲ၊ သက်ဆိုင်ရာအမှိုက်ပုံး၊ အမှိုက်ပုံများမှ နောက်ဆုံးစွန့်ပစ်သည့် အမှိုက်ပုံသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် နေ့စဉ် အမှိုက်တန် ၁၅၀၀ ကျော်ကို စွန့်ပစ်သိမ်းဆည်းလျက်ရှိပါသည်။ ထိုသို့သိမ်းဆည်းကာ နောက်ဆုံးစွန့်ပစ်သည့် အမှိုက်ပုံများရှိသော မြို့နယ်များမှာ ခြောက်မြို့နယ်ရှိပါသည်။

ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် ရန်ကုန်တစ်ဖက်ကမ်းမြို့နယ်များဖြစ်သော ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များတွင် အမှိုက်သိမ်းဆည်းရသည့် စုစုပေါင်းအမှိုက်ပမာဏမှာ တစ်ရက်လျှင် အမှိုက်တန် ၁၀၀ ကျော်ထွက်ရှိမှုအပေါ် ယင်းမြို့နယ်များအတွက် ချိုင့်ဝှမ်းများ၌ မြေကျင်းများတူးဖော်ကာ နောက်ဆုံးစွန့်ပစ်ရမည့်အမှိုက်များကို သိမ်းဆည်းစွန့်ပစ်လျက်ရှိပါသည်။

အခြား ၂၉ မြို့နယ်သည် အမှိုက်တန် ၁၄၀၀ ကျော်ထွက်ရှိပါသည်။ လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံတွင် အမှိုက်တန် ၈၀၀ ကျော်အား နေ့စဉ် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအဖြစ် သိမ်းဆည်းစွန့်ပစ်လျက်ရှိပါသည်။ အမှိုက်တန် ၆၀၀ ကျော်ကိုမူ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအဖြစ် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ထားဝယ်ချောင်အမှိုက်ပုံသို့ နေ့စဉ် စွန့်ပစ်လျက်ရှိပါသည်။ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများသို့ နေ့စဉ်လိုအပ်ပါက မြေကျင်းတူးဖော်သည့်စနစ်ဖြင့်လည်း သိမ်းဆည်းစွန့်ပစ်မှုပြုလုပ်လျက်ရှိပါသည်။

ထိုသို့ နေ့စဉ်သိမ်းဆည်းနေသော်လည်း အထက်တွင် ဖော်ပြခဲ့သော ချောင်းများ၊ မြောင်းများ၊ မြစ်ထွက်ပေါက်များမှ အမှိုက်များသည် ကျွန်ုပ်တို့ သတိမမူမိခင်မှာပင် မြစ်များနှင့်ချောင်းမကြီးများထဲသို့ မည်မျှစီးဝင်ရောက်ရှိခဲ့သည်ကို မသိနိုင်ကြပါ။ သို့သော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ထိုသို့ ရေစီးနှင့်အတူ အမှိုက်များ စီးမျောရောက်ရှိခွင့်ကိုမူကား မည်သည့်အခါမျှခွင့်ပြုခဲ့ခြင်းမရှိပါ။ မြောင်းများ၊ ချောင်းများအတွင်းမှ မြောင်းချေးများ၊ ပလတ်စတစ်အမှိုက်သရိုက်များကို နှစ်စဉ် တန်နှင့်ချီ၍ မြောင်းဆယ်ခြင်း၊ စွန့်ပစ်ခြင်း၊ မြောင်းများ၊ ချောင်းများ၏ မြေထိန်းနံရံများကို ပြုပြင်ခြင်း၊ မြောင်းများ၊ ချောင်းများ၏ ရေစီးရေလာအတွက် မြေသားတူးဖော်ခြင်း စသည်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ အဘယ့်ကြောင့်ဆိုလျှင် အမှိုက်များရေထဲစွန့်ပစ်မှုသည် အများပြည်သူ၏ ကျန်းမာရေးကို ထိခိုက်စေသည် မဟုတ်ပါလား။

သာဓကအားဖြင့် တင်ပြသွားမည်ဖြစ်ပါသည်။ ဂျပန်နိုင်ငံ၏ ၁၉၅၀ ပြည့်နှစ်ကို လေ့လာသိရှိနိုင်ပါသည်။ ထိုစဉ်က စွန့်ပစ်အမှိုက်များကို အလွယ်တကူပင် ပင်လယ်ရေထဲသို့ နောက်ဆုံးစွန့်ပစ်ခဲ့ကြခြင်း၏ အကျိုးသက်ရောက်မှုများအကြောင်း တင်ပြပါမည်။

အကျိုးသက်ရောက်မှုမှာ ကောင်းကျိုးမရှိခဲ့ပါ။ ထိုစဉ်ကာလများတွင် ယင်နှင့်ခြင်များအန္တရာယ်၊ ကြွက်များအန္တရာယ်များမှတစ်ဆင့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ပလိပ်ရောဂါများအထိ ဖြစ်ပေါ်ခဲ့ပါသည်။ ပင်လယ်ရေထဲသို့ အမှိုက်များစွန့်ပစ်မှုများကြောင့် ရောဂါထူပြောလာရခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဂျပန်အစိုးရသည် ပင်လယ်အတွင်းသို့ အမှိုက်များ နောက်ဆုံးစွန့်ပစ်ခြင်းကို ဆက်လက်မလုပ်ဆောင်စေတော့ပါ။ ရောဂါထူပြောမှုများကြောင့် အမှိုက်ကားများကိုလည်း မြို့အချင်းချင်း ဖြတ်သန်းခွင့်မပြုတော့ပါ။ မိမိတို့၏ ရပ်ကွက်များအတွင်း၌ပင် မြေနေရာများရှာဖွေကာ အမှိုက်များကို စွန့်ပစ်စုပုံစေခဲ့ပါသည်။ တိုကျိုမြို့ တစ်မြို့တည်းကို ဥပမာထား၍ ကြည့်ပါက ရပ်ကွက်ကြီး ၂၃ ခုတွင် အမှိုက်ပုံကြီး ၂၃ ပုံဖြစ်တည်၍လာခဲ့ပါသည်။ ရပ်ကွက်အတွင်း နေရာအနှံ့အပြားတွင်လည်း အမှိုက်ပုံလေးများ မှိုလိုပေါက်ခဲ့ပါသည်။

မြို့ပြင်ဧရိယာအတွင်း အမှိုက်ဆက်လက်ပုံထားရှိခြင်းမှာ လူဦးရေထူထပ်များပြားလာသည်နှင့်အမျှ အမှိုက်ပုံရန် မြေနေရာ မလုံလောက်မှုပြဿနာနှင့် ရောဂါဘယဖြစ်ပေါ်မှုတို့မှာ ကွင်းဆက်ပြဿနာများဖြစ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ရိုးရိုးအမှိုက်ပုံများအား မြေကျင်းကြီးများတူး၍ စွန့်ပစ်သည့်စနစ် ပေါ်ပေါက်ခဲ့ပါသည်။

ဂျပန်အစိုးရသည် ထပ်မံ၍ အမှိုက်များစွန့်ပစ်ရန် နည်းလမ်းရှာဖွေနိုင်ခဲ့ပါသည်။ ယနေ့အထိ နည်းလမ်းနှစ်ခုကို အသုံးပြုလျက်ရှိပါသည်။ ၎င်းတို့မှာ-

(၁) တိုကျိုမြို့ကဲ့သို့ မြို့ပြနေရာများအနီးတွင် ကျင်းတူးပြီး စွန့်ပစ်သောစနစ် (Landfill Site)နှင့်

(၂) အမှိုက်များအား မီးရှို့ပစ်သည့်စနစ် (Incineration Plant)တို့ဖြစ်ကြပါသည်။

ဂျပန်အစိုးရသည် ကျင်းတူးပြီးစွန့်ပစ်သည့်စနစ်နှင့် နှိုင်းယှဉ်လျှင် အမှိုက်မီးရှို့သည့် နည်းစနစ်လုပ်ငန်းစဉ်များမှာ ပိုမိုအကျိုးသက်ရောက်မှုရှိကြောင်း တွေ့မြင်လာခဲ့ပါသည်။ အမှိုက်များကို မီးရှို့ရုံမျှမက မီးရှို့သည့်လုပ်ငန်းစဉ်မှတစ်ဆင့် စွမ်းအင်ထုတ်လုပ်သည့်နည်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် တိုကျိုမြို့ရှိ ရပ်ကွက်ကြီး ၂၃ ရပ်ကွက် ဧရိယာအတွင်း၌ အမှိုက်မီးရှို့စက် ၂၁ လုံး စီမံတည်ဆောက်ဆောင်ရွက်ခဲ့ပါသည်။ ယင်းကို (ways of sanitary) ဟုခေါ်ဆိုနိုင်ပါသည်။ Sanitary ၏ မူရင်းအဓိပ္ပာယ်မှာ Clean and not dangerous for the health, or protecting health by removing dirty and waste, especially human waste: ဟု ဆိုထားပါသည်။

လုပ်ငန်းစဉ်အနေဖြင့် (WtE) (Waste to Energy)ကို ကျင့်သုံးခြင်းဖြစ်ပါသည်။ နောက်ဆုံးစွန့်ပစ်မည့် အမှိုက်ပုံမြေနေရာတွင် (Sanitary Landfill) ပြုလုပ်ကာ မီသိန်းဓာတ်ငွေ့မှတစ်ဆင့် (Generator)ကို အသုံးပြုကာ လျှပ်စစ်စွမ်းအင် Power Electricity ထုတ်ယူခြင်းလုပ်ငန်းစဉ်ဖြစ်ပါသည်။ ယင်းကို အမှိုက်မီးရှို့စက်တည်ဆောက်ပြီးနောက် လျှပ်စစ်စွမ်းအင်ထုတ်ယူခြင်းဟူ၍လည်း ဆိုနိုင်ပါသည်။

တိုကျိုမြို့အတွင်း အဆိုပါ အမှိုက်မီးရှို့စက် ၂၁ လုံး ပေါ်ပေါက်ပြီးနောက် ဂျပန်အစိုးရအနေဖြင့် အမှိုက်တန်ချိန် ၆၀ မီးရှို့ဖျက်ဆီးပါက အမှိုက်တန်ငါးတန်သာလျှင် အမှိုက်အဖြစ် လျှော့ချနိုင်သည့်အချိုးအစားကို လက်တွေ့ဖော်ဆောင်နိုင်ခဲ့ပါသည်။ အမှိုက်တန်ချိန်ပေါင်း သန်း ၄၀ နီးပါးတွင် အမှိုက်ပမာဏကို ၉၀ ရာခိုင်နှုန်းကို လျှော့ချနိုင်ခြင်းသည် အမှိုက်မီးရှို့စက်စနစ်ကို ကျင့်သုံးစီမံနိုင်ခဲ့သော အကျိုးဆက်ဟူ၍ ဆိုနိုင်ပါသည်။ လူဦးရေထူထပ်သော မြို့နေရပ်ကွက် ၂၃ ခုတွင် ပြည်သူလူထုကျန်းမာရေးနှင့် အခြားဘေးထွက်ဆိုးကျိုးများမပေါ်ပေါက်ဘဲ ဆောင်ရွက်နိုင်ခြင်းဟု ဆိုနိုင်ပါသည်။

အမှိုက်မီးရှို့စက် (WtE)ကို လေ့လာကြည့်ပါက မီးရှို့စက်၏ အပူစွမ်းအင်ထုတ်ကိရိယာ (Stoker Furnace) များကို အလယ်အလတ် အပူစွမ်းအင် အသုံးပြုသောနည်းလမ်း (Intermediate Disposal Technology) ကိုသာ အသုံးပြုထားခြင်းကြောင့် ပတ်ဝန်းကျင်လူနေရပ်ကွက်များအတွင်း မလိုအပ်သော ဘေးထွက်ဆိုးကျိုးအန္တရာယ်များ ဖြစ်ပွားခြင်းမရှိဘဲ တိုကျိုမြို့ကဲ့သို့ လူဦးရေထူထပ်နေသော လူနေရပ်ကွက်အတွင်း အသုံးပြုနိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဂျပန်နိုင်ငံတွင် အဆိုပါ အမှိုက်စွန့်ပစ်သည့် နည်းလမ်းသည် ယခုတိုင် ဦးဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်နေခြင်းဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။

ယင်းကို စတင်မိတ်ဆက်သော အဖွဲ့မှာ (JFE) ဖြစ်ပြီး မိတ်ဆက်သော မီးရှို့စက်မှာ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုလျှော့ချနိုင်စွမ်းရှိသော (High-temperature air injection technology) နည်းလမ်းကြောင့် အပူပြန်လည်ရရှိသည့် စွမ်းဆောင်ရည်မြင့်မားသော မီးရှို့စက်အဖြစ် ကမ္ဘာပေါ်တွင် စတင် မိတ်ဆက်နိုင်ခဲ့သဖြင့် ယနေ့တိုင် ထင်ရှားနေခြင်းဖြစ်သည်။ ယင်းမီးရှို့စက်၏ ထူးခြားမှုမှာ အလိုအလျောက် မီးလောင်ကျွမ်းမှုအား ထိန်းညှိသည့်စနစ်ကြောင့် အပူထုတ်လွှတ်မှုအား သတ်မှတ်စံနှုန်းထက် မကျော်လွန်စေရန် ကာကွယ်ပေးမှုပင်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ၁၉၈၆ ခုနှစ်ကတည်းကပင် (JFE)၏ အဆင့်မြင့်နည်းပညာအား စတင်အသုံးပြုခဲ့သည်မှာ ကမ္ဘာတစ်ဝန်းလုံးတွင် စီမံကိန်းပေါင်း ၂၀၀ကျော်အား နည်းပညာများစဉ်ဆက်မပြတ် ထောက်ပံ့နေခြင်းဖြစ်ပါသည်။

ဂျပန်အစိုးရသည် ပင်လယ်တွင်းသို့ အမှိုက်စွန့်ပစ်မှု လုပ်ဆောင်မှုမှ ဆိုးကျိုးများဖြစ်သော ပြည်သူတို့၏ကျန်းမာရေး ရောဂါကူးစက်ဖြစ်ပွားမှု အန္တရာယ်များကို ကာကွယ်ရန် နည်းလမ်းရှာဖွေရာမှ ဤသို့သော နည်းလမ်းကို အောင်မြင်အောင် ဖော်ဆောင်နိုင်ခြင်းဟု ဆိုရမည်ဖြစ်ပါသည်။

ထို့ကြောင့် မြို့တော်ရန်ကုန်၏ အမှိုက်စွန့်ပစ်မှုစနစ်ကို ပြန်လည်သုံးသပ်ရန်လိုအပ်နေကြောင်း ခေါင်းလောင်းတီးသံကို ကျွန်ုပ်တို့ကြားနေရပါသည်။ သုံးသပ်အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဂျပန်အစိုးရလုပ်ဆောင်ခဲ့သော အမှိုက်စွန့်ပစ်သည့် နည်းလမ်းနှစ်မျိုးကို ခြေရာခံ၍ လေ့လာကြည့်နိုင်ပါသည်။ အောက်ဖော်ပြပါအချက်များကိုလည်း ထုတ်နုတ်လေ့လာတင်ပြသွားပါမည် -

**(က) စနစ်တကျမြေကျင်းတူး၍ အမှိုက်စွန့်ပစ်ရာတွင် မြင်သာသောအချက်များကို ထုတ်နုတ်ကြည့်ပါမည်-**

(၁) ကြွက်၊ ခြင်၊ ယင်နှင့် အခြားသောရောဂါဖြစ်ပွားစေသည့် ပိုးမွှားများအား ပြန့်ပွားစေခြင်း၊

(၂) စွန့်ပစ်အမှိုက်ပုံမှ အော်ဂဲနစ်အမှိုက်များဓာတ်ပြိုကွဲပြီး မီသိန်း (Methane is the main constituent of natural gas) ဓာတ်ငွေ့ထွက်ရှိခြင်း၊ ကမ္ဘာကြီးပူနွေးမှုကို အားပေးခြင်း၊ ရာသီဥတုများပြောင်းလဲမှုအပေါ် သက်ရောက်ခြင်း၊ ထိုမှ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်စေသည်အထိ ဖြစ်လာနိုင်ခြင်း၊

(၃) အော်ဂဲနစ် (organic is not using artificial chemicals in the growing of plants and animals for food and other products:) အမှိုက်များ ဓာတ်ပြိုကွဲပြီး အနံ့ဆိုးများထွက်ရှိခြင်း၊ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေခြင်း၊

(၄) စွန့်ပစ်အမှိုက်များတွင်ပါဝင်သောရေကြောင့်ပုပ်ပွကာ အမှိုက်နှင့် ရေဆိုးရေညစ်များ ရောပြွမ်းနေသော စွန့်ပစ်အမှိုက်ဆွေးများ (Leachate)တွင် ဆိုးရွားသော၊ မြေထုညစ်ညမ်းမှုဖြစ်စေသော အဆိပ်အတောက်များပြားစွာပါရှိနေခြင်း၊ ပြင်းထန်အားရှိသော သတ္တုအပိုင်းအစများ ပါဝင်ကိန်းရှိနေခြင်း၊

(၅) အမှိုက်စွန့်ပစ်ဧရိယာ (Landfill site) ပမာဏမှာ လူဦးရေတိုးပွားသည့်အလျောက် ကျယ်ပြန့်လာနိုင်ခြင်းတို့ကြောင့် အမှိုက်ပုံရန် မြေဧရိယာကျယ်ဝန်းစွာတည်ရှိရန်လိုအပ်သော အခက်အခဲများ ကြုံတွေ့နိုင်ခြင်း၊

(၆) Landfill site ကို အသုံးမပြုဘဲ ပိတ်သိမ်းပြီးသည့်နောက်ပိုင်းကာလများတွင် လူနေထိုင်ရန် အဆင်ပြေမှုမရှိခြင်း၊ အနည်းဆုံး ပန်းဥယျာဉ်၊ ကစားကွင်း၊ ဂေါက်ကွင်းအဖြစ် တည်ဆောက်မည်ဆိုပါက ကုန်ကျစရိတ်များ လိုအပ်သည်ထက် ပိုမိုကုန်ကျနိုင်ဖွယ်ရှိခြင်း၊

(၇) (Methane gas) မီသိန်းဓာတ်ငွေ့များ နှစ်ကြာရှည်စွာ ထွက်ရှိနေခြင်း၊

(၈) မြေအောက်ရေကြောများအထိသက်ရောက်ကာ ရေညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်ခြင်း တို့ဖြစ်ပါသည်။

**(ခ) အမှိုက်မီးရှို့စက်ကို အသုံးပြုခြင်းဖြင့် ဖြစ်ပေါ်လာမည့် အခြေအနေများကို ထုတ်နုတ်ကြည့်ပါမည် -**

(၁) အနံ့ဆိုးထွက်သော (organic) အော်ဂဲနစ်အမှိုက်များကို မီးရှို့ဖျက်ဆီးခြင်း၊

(၂) ကြွက်နှင့်အခြားသော ရောဂါဖြစ်ပွားစေသည့် ပိုးမွှားများအန္တရာယ်မရှိခြင်း၊ Landfill site တွင် စွန့်ပစ်ရမည့်ပြာ (ash) အကြွင်းအကျန်သာ ထွက်ရှိခြင်း၊

(၃) မြေအောက်ရေနှင့် မြစ်ရေညစ်ညမ်းမှုလျှော့ချနိုင်ခြင်း၊

(၄) အမှိုက်များစုစုပေါင်း စုပုံမည့်ပမာဏ၏ အများဆုံး (၁၀ ရာခိုင်နှုန်း)နှင့် အနည်းဆုံး (ရှစ်ရာခိုင်နှုန်း)အထိ အမှိုက်ပမာဏကို လျှော့ချနိုင်ခြင်း၊

(၅) စွန့်ပစ်အမှိုက်များအနက် မီးလောင်ကျွမ်းနိုင်သော အမှိုက်များကို မီးရှို့စက်ဖြင့် စနစ်တကျမီးရှို့ပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်ခြင်း၊

(၆) ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ခြင်း၊

ဤသို့ အချက်အလက်များ ခွဲခြားထုတ်နုတ်ကြည့်သောအခါ ယခုအခြေအနေတွင် မြို့တော်ရန်ကုန်၌ အမှိုက်မီးရှို့စက်တည်ဆောက်သင့်ကြောင်း ခေါင်းလောင်းသံမြည်လျက်ရှိပါသည်။ ထိုသို့ အကောင်အထည်ဖော်နိုင်မည်ဆိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းဆောင်ပုဒ်ဖြစ်သော ပိုမိုသစ်လွင်တောက်ပသည့် သန့်ရှင်းစိမ်းလန်းကြည်လင်မှုနှင့် မြို့တော်ရန်ကုန် (Clean, Green & Bright Yangon) ဟူသော ရည်မှန်းချက်၏ တစ်စိတ်တစ်ဒေသအဖြစ်လည်းကောင်း၊ ကောင်းမွန်သော အမှိုက်စွန့်ပစ်မှုစနစ်သည် မြို့တော်နေပြည်သူများ၏ ကျန်းမာရေးထိခိုက်နိုင်သော အန္တရာယ်မှလွတ်မြောက်အောင် အထောက်အကူပြု ကာကွယ်နိုင်စွမ်းရှိသည့် အကျိုးပြုလုပ်ငန်းစဉ်အဖြစ်လည်းကောင်း ဦးတည်သုံးသပ်ကာ အကောင်အထည်ဖော်သင့်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။



## အေမီထူးချွန်ဆုသုံးဦးဆွတ်ခူးရရှိတဲ့ Over the Garden Wall’ကာတွန်းဇာတ်ကား

ပက်ထရစ်မက်ဟေ့ဂ်ရဲ့ နာမည်ကျော်ကာတွန်းဇာတ်လမ်းတွဲဖြစ်တဲ့ Over the Garden Wall’ က ၂၀၁၅ အေမီထူးချွန်ဆု ချီးမြှင့်ပွဲမှာ ဆုသုံးဆုဆွတ်ခူးပြီး ၂၀၁၅မှာ ထူးချွန်ဆုအများဆုံးရရှိခဲ့တဲ့ ဇာတ်လမ်းတွဲအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပခဲ့တဲ့ အဆိုပါချီးမြှင့်ပွဲမှာ Over the Garden Wall’ က နည်းပညာပိုင်းဆိုင်ရာ ဖန်တီးမှုထူးချွန်ဆုအပါအဝင် နောက်ခံဆေးခြယ်သမှု၊ ထုတ်လုပ်မှုဒီဇိုင်းထူးချွန်ဆုတွေပါ ဆွတ်ခူးရရှိခဲ့တာဖြစ်ပါတယ်။

အခြားဆုရရှိတဲ့ ဇာတ်ကားတွေကတော့ “Walnuts and Rain;”၊ “Not What He Seems;”နဲ့ “Fat Frank’s Fantasy Lounge;” တို့ဖြစ်ကြပါတယ်။ အသံထူးချွန်ဆုကိုတော့ Simpsons ဇာတ်ကားမှာ အသံကို ဆက်တိုက်မရပ်မနားပြောပြီး ပညာစွမ်းပြသနိုင်ခဲ့သူ ဟန့်အဇာရီက ဆွတ်ခူးရရှိခဲ့ပါတယ်။

ယခုထူးချွန်ဆုအများဆုံးရရှိတဲ့ ဇာတ်ကားဟာဆိုရင် သည်းထိတ်ရင်ဖိုကာတွန်းအမျိုးအစားဖြစ်ပါတယ်။ ဝ့စ်နဲ့ ဂရော့ တို့ညီအစ်ကိုနှစ်ဦးက ထူးဆန်းတဲ့ပန်းခြံနံရံကြီးကိုဖြတ်ပြီး ဥယျာဉ်အသစ်ကြီးကိုရောက်ရှိချိန်မှာ မထင်မှတ်တာတွေ ကြုံတွေ့ခဲ့ရတယ်။ နောက်ဆုံးမှာ သူတို့ကိုလမ်းပြပေးမယ့် အပြာရောင်ငှက်ကလေးဘီထရိုက်နဲ့တွေ့ပြီး သူတို့ရဲ့ အိမ်ပြန်လမ်းကို ပြန်လည်ရောက်ရှိခဲ့တာကို ဇာတ်လမ်းဆင် တင်ပြထားတဲ့ ကာတွန်းဇာတ်လမ်းတွဲဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲက နောက်ခံဆေးခြယ်သမှုဟာ သေသပ်လွန်းတဲ့အတွက် ပရိသတ်တွေအနေနဲ့ တကယ့်အဖြစ်အပျက် အလားခံစားပြီး ကြည့်ရှုနိုင်မယ့် ဇာတ်လမ်းတွဲဖြစ်ပါတယ်။ ရုပ်သံဇာတ်လမ်းတွဲအဖြစ်တင်ဆက်ခဲ့တဲ့ ဒီဇာတ်ကားကို အခုဆိုရင် ဒီဗွီဒီအနေနဲ့ တစ်ကမ္ဘာလုံးကို ဖြန့်ချိလိုက်ပြီဖြစ်ပါတယ်။ **[မေလှဲ့သင်း]**

## သူတစ်ဦးတည်းအတွက် အေဂျင်စီ ထောင်လိုက်တဲ့ ရိန်း

တောင်ကိုရီးယားရဲ့ အောင်မြင်နေတဲ့ တေးသံရှင်တစ်ဦးလည်းဖြစ်၊ သရုပ်ဆောင် မင်းသားလည်းဖြစ်တဲ့ ရိန်းဟာ သူတစ်ဦးတည်းအတွက်ရည်ရွယ်ကာ ဖျော်ဖြေရေးအေဂျင်စီသစ်ကို တည်ထောင်ခဲ့ပါတယ်။

ရိန်းဟာ သူရဲ့ အေဂျင်စီဟောင်း Cube Entertainment နဲ့ နှစ်နှစ်ကြာချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်း ကုန်ဆုံးသွားပြီးတဲ့နောက်မှာ ကျန်ရှိနေတဲ့ အနုပညာလုပ်ငန်းတွေကို ဆက်လက်လုပ်ကိုင်သွားဖို့ အခုလို ကိုယ်ပိုင်ဖျော်ဖြေရေး အေဂျင်စီကို တည်ထောင်လိုက်တာ ဖြစ်ပါတယ်။ သူ့ကို နှစ်ပေါင်းများစွာ အတူတွဲလုပ်ကိုင်ခဲ့တဲ့ သူ့ရဲ့မန်နေဂျာက ကူညီဆောင်ရွက်ပေးနေတာပါ။

သူဟာ စစ်မှုထမ်းကာလပြီးဆုံးချိန်က စတင်ပြီး Cube Entertainmentနဲ့ စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ဩဂုတ်လကုန်မှာ စာချုပ်သက်တမ်းပြည့်သွားခဲ့ပြီးနောက် အခြားမည်သည့်အေဂျင်စီနှင့်မျှ စာချုပ်မချုပ်ဘဲ ကိုယ်ပိုင်အေဂျင်စီ တည်ထောင်ခဲ့တာဖြစ်ပါတယ်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၈ - ၉ -၂၀၁၅ (သောကြာနေ့)

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆:၄၅ သူတော်စင်တို့မွေ့လျော်ရာ လှုံ့ပြည့်သာသနာ့ရိပ်သာ
- ၈:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၁၁:၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၁၂:၃၅ ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
- ၁:၀၀ မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂)
- ၂:၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၄:၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(အထူးပြုအားလုံး -အင်္ဂလိပ်စာမှလွဲ၍) (အင်္ဂလိပ်စာ)
- ၅:၃၅ Hyper Sports
- ၇:၀၀ ကမန်အမျိုးသားတိုးတက်ရေးပါတီ -ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ -အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ
- ၈:၃၅ ဆန္ဒတူညီမဲပေးကြမည် -ချစ်သော၍ကမ္ဘာမြေ -မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း (အပိုင်း-၁၅) “မန္တလေးအငြိမ့်” (မင်းသမီး-ချယ်ရီစိန်၊ ယုဝတီ၊ လူရွှင်တော်-ပေါစိန်၊ ထင်ပေါ်၊ ဂျာအေး)

### MRTV - 4

- ၅:၀၀ ပဌာန်းပါဠိတော်+ အာဠာနာဋိယသုတ်
- ၅:၄၀ “ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညိဿရာဘိဝံသဟောကြားတော်မူသောတရားတော်”
- ၇:၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၈:၀၀ Cartoon Series(Welcome To Sky Ville)
- ၈:၄၀ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
- ၉:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း” (အပိုင်း-၈၈)
- ၁၁:၁၀ Food & Decor
- ၁၁:၄၅ MRTV- Stage
- ၁၂:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၅၃)
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “အိမ်နီးချင်း” (အပိုင်း-၄၁)
- ၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၅၆)
- ၆:၁၀ Health Fix
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၅၇)
- ၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “အိမ်နီးချင်း” (အပိုင်း-၄၂)
- ၈:၂၀ ရသစုံညွန့်တမ်းများ
- ၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း”(အပိုင်း-၈၉)
- ၉:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၅၄)
- ၁၀:၁၅ Movie Talk[ဂီတလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသော ပညာရှင်များ](အပိုင်း-၉)
- ၁၁:၀၅ World of Knowledge(Hooked Nile Giant)
- ၁၁:၅၀ နယ်ဉ်ဆန်းထွင်ပန်းအလှဆင် (ချိုချဉ်ပုံစံပန်းအလှဆင်ဖန်တီးမှု)

### မြဝတီ

- ၆:၀၃ တရားတော်
- ၆:၁၅ မေတ္တာပို့
- ၆:၂၀ ဓမ္မပူဇာတေး
- ၆:၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၆:၃၅ မျိုးချစ်တပ်မတော်
- ၆:၅၀ မြန်မာသံစဉ်ချိုနားဝင်
- ၇:၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၇:၂၅ အမျိုးသားရေးတေးကဗျာ
- ၈:၁၀ စိုက်ပျိုးသုတ
- ၈:၂၅ DVD Hits
- ၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉:၂၀ သူနှင့်သူ၏ သီချင်းများ
- ၄:၄၀ ဇာတ်လမ်းတို
- ၄:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၂၀ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆:၃၀ “ရွှာ”ဟာသဇာတ်လမ်းတွဲ (အပိုင်း-၃၁၈) ဒါရိုက်တာ- မိုးဇော်ကို
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အရာရာထက်မင်း (အပိုင်း-၁၅) -VOA အင်္ဂလိပ်စာသင်ခန်းစာ -သံစဉ်များနှင့်ကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -Lucky Door

### mitv

- 07:26 Welcome To Naga Land
- 08:26 Sticky Shan Snack
- 08:32 Aesthetic Chinlone
- 09:26 Between the Beaches: Chaung Tha Vs Ngwe Saung
- 09:36 Sagaing: Guitars
- 09:45 Crab Business (Part-II) Soft Shell Crab
- 10:26 Indonesia-Myanmar Bilateral Ties
- 10:45 Amazing: Magician Sak Kaw M
- 06:30 Second Round AFC Women’s Olympic Football Qualifying Tournament For Rio-2016 (Myanmar Vs. Vietnam)
- 08:26 Daingnak Style
- 08:39 Tea Leaves
- 08:47 A Simple And Peaceful Life

## တေးယွန်၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်မည်




**နာမည်ကျော် တောင်ကိုရီးယားအမျိုးသမီး ပေါ့ပ်ဂီတအဖွဲ့ Girls’ Generations အဖွဲ့ဝင်တစ်ဦးဖြစ်သော တေးယွန်၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို လာမည့်အောက်တိုဘာလအတွင်း ကျင်းပသွားမည်ဖြစ်သည်။**

**ယခုဖျော်ဖြေပွဲသည် သူ၏ ပထမဦးဆုံးသော တစ်ကိုယ်တော် ဖျော်ဖြေပွဲ ဖြစ်ကာ သူ၏အေဂျင်စီဖြစ်သော SM Entertainment က စီစဉ်သည့် ဖျော်ဖြေရေးပွဲစဉ် The Agit ၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။**

**တေးယွန်သည် သူ၏ အဆိုပညာတွင် ပိုင်နိုင်မှုကို အဖွဲ့၏သီဆိုဖျော်ဖြေခဲ့သည့် တေးသီချင်းများတွင် ကောင်းကောင်းပြသနိုင်ခဲ့သည့် အဆိုရှင်ကောင်းတစ်ဦးဖြစ်ရာ သူ၏ပရိသတ်များက ယခုဖျော်ဖြေပွဲတွင် သူသီဆိုဖျော်ဖြေမည့် တေးသီချင်းများနှင့် ပတ်သက်ပြီး စိတ်လှုပ်ရှားကာ ရင်ခုန်စွာ စောင့်မျှော်နေကြကြောင်း စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့သည်။**

အေး မြည့် စု စည်း သည်

## အတူတူဖျော်ဖြေရန်မဖြစ်နိုင်တဲ့ သူတို့နှစ်ဦး





ပေါ့ပ်ဂီတလောကရဲ့ ဘုရင်မတစ်ဦးအဖြစ်တင်စားခံခဲ့ရသော အမေရိကန်အဆိုတော် ရီဟားနားက ဂရမ်မီဆုများရှင် တေလာဆွစ်နှင့် ဖျော်ဖြေရေးစင်မြင့်တစ်ခုတည်းပေါ်တွင် အတူတွဲဖက်ဖျော်ဖြေရမည်ဆိုပါက သူ့အနေဖြင့်တွဲဖက်ဖျော်ဖြေသွားရန်မဖြစ်နိုင်ကြောင်း အန်အမ်အီးမဂ္ဂဇင်းနှင့်ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

တေလာဆွစ်၏လတ်တလောပြုလုပ်လျက်ရှိသော နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွင် ပါဝင်သီဆိုရန်ကမ်းလှမ်းလာမည်ဆိုလျှင်တောင်မှ သူ့ဘက်ကငြင်းဆန်သွားမည်ဖြစ်ကြောင်း သူက ဆိုခဲ့သည်။ အတူလက်တွဲဖျော်ဖြေရန် ငြင်းဆန်ရသည့် အကြောင်းအရင်းနှင့်ပတ်သက်၍လည်း ‘ကျွန်မတို့ရဲ့ ပရိသတ်ကလည်း မတူဘူးလေ။ နောက်ပြီးကျွန်မရဲ့စိတ်ထဲမှာလည်း ဂီတလောကရဲ့ စံပြပုဂ္ဂိုလ်ဟာ သူပါပဲ။ ကျွန်မမဟုတ်ဘူးလေ”ဟု ဖွင့်ဟခဲ့သည်။

ဆက်လက်ပြီးသူက စံပြပုဂ္ဂိုလ်(role model)ဆိုသည့် အသုံးအနှုန်းနှင့် ပတ်သက်၍လည်း ရှင်းပြခဲ့သည်။ ‘ကျွန်မတို့နိုင်ငံမှာ role modelလို့ခေါ်တဲ့အဖွဲ့တစ်ဖွဲ့ရှိတယ်။ အဲဒီအဖွဲ့မှာ ပါဝင်တဲ့သူတွေက သူတို့နှစ်သက်တဲ့၊ သူတို့ရဲ့စံပြအနုပညာရှင်ရဲ့ ဝတ်ဆင်နေထိုင်ပုံအတိုင်း လိုက်တုပြီးနေလေ့ရှိတယ်။ သူတို့ကို ကျွန်မပြောချင်တာက ကိုယ်ပိုင်တဲ့ကိုယ့်ရဲ့ဘဝမှာ ကိုယ့်စတိုင်အတိုင်းနေထိုင်ကြဖို့ပါပဲ။ အခြားလူတွေကို ပုံတူကူးမချစေချင်ဘူး”ဟု အင်တာဗျူးတွင် ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်ပြီးသူက အရာရာပြည့်စုံသည့်သူမဟုတ်သည့်အတွက် သူ့ကိုလည်း စံပြအဖြစ်မသတ်မှတ်သင့်ကြောင်း၊ ပရိသတ်များအနေဖြင့် ပျော်ကြရာတွင်လည်း အမှားမဖြစ်အောင် မိမိကိုယ်မိမိ ထိန်းချုပ်စေလိုကြောင်း၊ မိမိကြောင့်အမှားဖြစ်ပါက တာဝန်ယူစိတ်ရှိစေလိုကြောင်းနှင့် အခြားသူတစ်ဦး၏ အကြောင်းကို ခြေခြေမြစ်မြစ်မသိရှိဘဲ ဝေဖန်အကဲဖြတ်ခြင်းများ မပြုလုပ်စေလိုကြောင်းလည်း ပြောကြားခဲ့သည်။

အားကစား

# အနိုင်ရတဲ့ခံစားချက်ကို မေ့လျော့နေတဲ့ မော်ရင်ဟို



မေလဲ့သင်း

မော်ရင်ဟိုက တဲလ်အဗစ်ကို ချယ်လ်ဆီးက လေးဂိုး-ဂိုးမရှိနဲ့အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်အပြီးမှာသူဟာ ပရီမီယာလိဂ်ရာသီအစရလဒ်ဆိုးတွေကြောင့် နိုင်ပွဲရတဲ့ခံစားချက်ဆိုတာကို မေ့လျော့နေမိပါပြီလို့ဆိုလိုက်ပါတယ်။ ဒီနိုင်ပွဲဟာ ချယ်လ်ဆီးရဲ့ ယခုရာသီငါးပွဲမှာ ပထမဆုံးနိုင်ပွဲဖြစ်ပါတယ်။

ဟာဇက်ရဲ့ ပင်နယ်တီလွဲချော်ခဲ့ပေမယ့် ဝီလီယံ၊ အော်စကာ၊ ကော်စကာ၊ ဖာဘရီဂတ်စ်တို့ရဲ့ သွင်းဂိုးတွေကြောင့် ချန်ပီယံလိဂ်မှာ ချယ်လ်ဆီးတို့အဖွင့်လှခဲ့ပါတယ်။

မော်ရင်ဟိုက "ပွဲတစ်ပွဲမှာ အနိုင်ရရင်လည်း ကျွန်တော်ဟာ ကြီးကျယ်ခမ်းနားတဲ့ နည်းပြပါပဲ။ အသင်းက ရှုံးရင်လည်း ကျွန်တော်ရဲ့ အဆင့်တစ်ရပ်က လျော့ကျသွားမှာမဟုတ်ပါဘူး။ ပင်နယ်တီ လွဲချော်ခဲ့ပြီးတဲ့နောက်မှာ ချယ်လ်ဆီးအတွက် ကြီးမားတဲ့ စမ်းသပ်မှုကိုကြုံတွေ့ခဲ့ရပေမယ့် နောက်ထပ်ငါးမိနစ်အကြာမှာပဲ ဂိုးစသွင်းနိုင်ခဲ့တယ်။ ဒါကအဆိုးကနေ ကောင်းတဲ့လမ်းကြောင်းကို ပြောင်းပစ်နိုင်ခဲ့တဲ့ အပေါင်းလက္ခဏာဆောင်တဲ့ကိစ္စရပ်ပါ "လို့ဆိုခဲ့ပါတယ်။

ချယ်လ်ဆီးဟာ ဒီနှစ်ဘောလုံးရာသီမှာ ၁၉၈၆နောက်ပိုင်း အဆိုးဆုံး ရာသီအစ ကြုံတွေ့ခဲ့ရတာကြောင့် အားလုံးက ချယ်လ်ဆီးကို အောင်မြင်မှုပြန်ရစေချင်ရင် မော်ရင်ဟိုအနေနဲ့ အသင်းရဲ့ ရှေ့၊ နောက်၊ အလယ်အားလုံး အသစ်ကစပြီး ပြန်တည်ဆောက်ရမယ်လို့ ဝေဖန်ခံခဲ့ရတဲ့အထိ ရလဒ်တွေကျဆင်းခဲ့ပါတယ်။ မော်ရင်ဟိုက အခုအချိန်မှာ သူ့အပေါ် ထောက်ခံမှုထက်ဝေဖန်မှုတွေနဲ့ တုံ့ပြန်လာတာကိုပဲ ပိုပြီးအလိုရှိပါတယ်လို့ ဆိုလိုက်တယ်။

ကျန်ပရီမီယာလိဂ်အသင်းတွေဖြစ်တဲ့ မန်ယူ၊ မန်စီးတီးနဲ့အာဆင်နယ်တို့အားလုံးက ချန်ပီယံလိဂ်ပွဲဦးထွက်မှာ အရှုံးနဲ့ရင်ဆိုင်ခဲ့ရတာကြောင့်ယခုလိုချယ်လ်ဆီးရဲ့ ချန်ပီယံလိဂ်နိုင်ပွဲဟာ ပရီမီယာလိဂ်အသင်းတွေအတွက် အသက်ရှုချောင်စေခဲ့ပါတယ်။ မော်ရင်ဟိုကတော့ ဒီလိုပရီမီယာလိဂ်အသင်းတွေရဲ့ချန်ပီယံလိဂ်မှာ ရလဒ်ဆိုးရွားမှုတွေက အင်္ဂလန်ဘောလုံးလောကအတွက် အဆိပ်အတောက်တစ်ခုလို့တင်စားလိုက်ပါတယ်။

ဒ့ါအပြင် ဒီပေါ်တူဂီနည်းပြကြီးက ချယ်လ်ဆီးအနေနဲ့အခုနိုင်ပွဲကအစပြုပြီး နိုင်ပွဲတွေရအောင်ဆက်တိုက်ကြိုးစားသွားမယ်လို့လည်း ချယ်လ်ဆီးပရိသတ်တွေကို ကတိပေးပြောကြားခဲ့ပါတယ်။

## ချန်ပီယံလိဂ်ပွဲစဉ်ရလဒ်များ

| | | |
|---|---|---|
| လေဗာကူဆင် | ၄ - ၁ | ဘိုရီဆော့ဗ် |
| ရိုးမား | ၁ - ၁ | ဘာစီလိုနာ |
| ဒိုင်နမိုဇာဂရက်စ် | ၂ - ၁ | အာဆင်နယ် |
| ကိုလံပီယာကော့စ် | ၀ - ၃ | ဘိုင်ယန်မြူးနစ် |
| ဒိုင်နမိုကိဗ် | ၂ - ၂ | ပေါ်တို |
| ချယ်လ်ဆီး | ၄ - ၀ | တဲလ်အဗစ် |
| ဗလန်စီယာ | ၂ - ၃ | ဇင်းနစ် |
| ဂျန့် | ၁ - ၁ | လိုင်ယွန် |

မောင်မောင်ဇော်

## ဘောလုံးလောကသတင်းတိုများ

- တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း ချယ်လ်ဆီးအသင်းနှင့်အတူ ချန်ပီယံလိဂ်ပထမဆုံးသွင်းဂိုးအဖြစ် ချယ်လ်ဆီးအသင်းက တဲလ်အဗစ်အသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် သွင်းယူပေးနိုင်ခဲ့သည်။
- မန်ယူအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့သည် ရီးယဲလ်မက်ဒရစ်အသင်း၌ မပျော်မရွှင်ဖြစ်နေသည့် ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုအား ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေး အပြိုင်ကြိုးပမ်းသွားရန်ရှိနေပြီး မန်ယူအသင်းသည် လိဒ်အသင်းမှ ဘယ်နောက်ခံကစားသမား ချာလီတေလာကိုလည်း ခေါ်ယူရန်သွားရန် ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။
- စပါးဂိုးသမား ဟူဂိုလိုးရစ်သည် ၎င်းအား အခြားကလပ်အသင်းများမှ ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း လက်ရှိကစားလျက်ရှိသည့် စပါးအသင်း၌သာ ပျော်ရွှင်မှုရရှိနေကြောင်း ပြောကြားခဲ့သည်။

## မန်စီးတီးတိုက်စစ်မှူး အဂူရို ဝက်စ်ဟမ်းနှင့် ပွဲတွင် ပါဝင်လာမည်




ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဆာဂျီရို အဂူရိုသည် စက်တင်ဘာ ၁၉ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်(၆)တွင် မန်စီးတီးအသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်သည်။

တိုက်စစ်မှူး အဂူရိုသည် မန်စီးတီးအသင်းနှင့်ပြီးခဲ့သည့်သီတင်းပတ်က ခရစ္စတယ်ပဲလေ့အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါဒူးဒဏ်ရာသည် ပြန်လည်သက်သာ လာပြီဖြစ်သောကြောင့် နည်းပြ ဆလာဗင်ဘီလစ်၏ ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည့်ပရီမီယာလိဂ်ပွဲစဉ်တွင် ပါဝင်လာရန်သေချာနေပြီဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။

ထို့ကြောင့် မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက တိုက်စစ်မှူးအဂူရိုသည် ဒူးဒဏ်ရာ ပြန်လည်သက်သာလာခဲ့သည့်အပြင် အသင်းနှင့်လေ့ကျင့်ရေးများလည်း ပုံမှန်အတိုင်း လုပ်နိုင်နေပြီဖြစ်သောကြောင့် ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင် မန်စီးတီးအသင်း၏ တိုက်စစ်ပိုင်းတွင် အဂူရိုကိုပြန်လည်မြင်တွေ့ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး အဂူရိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သော်လည်း ယခုနှစ် ဘောလုံးရာသီတွင်မူ မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသာလျှင်သွင်းယူထားနိုင်ခဲ့ခြင်းကြောင့် လာမည့်ပွဲစဉ်များသည် တိုက်စစ်မှူးအဂူရိုအတွက် ဖိအားပေးလာမည့်ပွဲစဉ်များဟုလည်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။ တိုက်စစ်မှူး အဂူရိုသည် လက်ရှိပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းအား မန်စီးတီးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

## စပိန်လာလီဂါရင်ခုန်သံ-၄

ရှိုင်း မင်း မင်း

**စပိန်လာလီဂါပွဲစဉ်(၄)ကို စက်တင်ဘာ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပသွားဖို့ရှိသလို ဒီပွဲမတိုင်ခင်မှာ ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ အက်သလက်တီကို၊ ဗလန်စီယာ၊ ဆီဗီလာ၊ ဗီလာရီးယဲလ်၊ ဘီလ်ဘာအိုဟာ ဥရောပပွဲစဉ်တွေ ကစားခဲ့ရလို့ပွဲပန်းလာနိုင်ကြပြီး အဲဒီကြားကမှ နိုင်ပွဲတွေရယူသွားနိုင်မလားဆိုတာကို စောင့်ကြည့်သွားရဖို့ရှိတယ်။**



*ဂီတာဖေး - မာလာဂါ* — *နံနက် ၁း၀၀(၁၉-၉-၁၅)*

မာလာဂါရဲ့ခြေစွမ်းက ဒီရာသီအစမှာ အားနည်းမှုတွေရှိနေတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမငြိမ်ဘူး။ ဒါကြောင့် ဂီတာဖေးရဲ့ခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်းရနိုင်တယ်။ ဂီတာဖေးက လက်ရှိမှာ ခြေပျက်နေတယ်ဆိုပေမယ့် အိမ်ကွင်းဖြစ်တယ်။ မာလာဂါတို့ သရေထက်ပိုမရနိုင်ဘူး။

*ရီးယဲလ်မက်ဒရစ် - ဂရန်နာဒါ* — *ည ၇း၃၀(၁၉-၉-၁၅)*

နှစ်ပွဲဆက်တိုက်ဂိုးပြတ်အနိုင်ရလာတဲ့ ရီးရဲမက်ဒရစ်ရဲ့အသင်းလိုက်ကစားအားက ကောင်းမွန်မှုရှိလာတယ်။ ရော်နယ်ဒိုကလည်း ဂိုးသွင်းခြေရလာလို့ ရီးယဲလ်တိုက်စစ်ကစားပုံပိုကောင်းလာတယ်။ ဒါကြောင့် ချန်ပီယံလိဂ်ကြောင့် ပွဲပန်းနိုင်ပေမယ့် ခြေသာမန်သာရှိတဲ့ ဂရန်နာဒါကို ဖိအားပေးနိုင်မှာပါ။ အိမ်ကွင်းဖြစ်လို့ ရီးယဲလ်အနိုင်နဲ့ဂိုးအများပါ။

*ဗလန်စီယာ-ဘက်တစ်* — *ည ၁၀း၄၅(၁၉-၉-၁၅)*

ဂီဂျွန်ကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ဗလန်စီယာရဲ့ အသင်းလိုက်ကစားဟန်က အကောင်းဆုံးပုံစံမှာမရှိဘူး။ အထူးသဖြင့် တိုက်စစ်ကစားပုံက အားနည်းမှုတွေရှိနေတယ်။ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုလည်း ရှိလာနိုင်တယ်။ ဘက်တစ်ခြေအားနည်းမှုတွေရှိတယ်ဆိုပေမယ့် ဗလန်စီယာအနိုင်ပြတ်သားဖို့ခက်တယ်။

*အီဘား - အက်သလက်* — *နံနက် ၁း၀၀(၂၀-၉-၁၅)*

ဘာစီလိုနာကို ရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့် အက်သလက်တီကိုရဲ့ ခြေစွမ်းကမည့်ခဲ့ပါဘူး။ အီဘားက လက်ရှိအချိန်မှာ ကစားပုံမဆိုးဘူးဆိုပေမယ့် နိုင်ပွဲပြန်လည်ရရှိရေး အားစိုက်လာမယ့် အက်သလက်တီကိုရဲ့ ဖိအား ပေးမှုကို ပွဲချိန်ပြည့်ထိန်းဖို့ခက်မယ်။ ပွဲပန်းနေနိုင်ပေမယ့် အက်သလက်တီကို နိုင်ပွဲပြန်ရမှာပါ။

*ဆိုစီဒက် - အက်စ်ပန်ညို* — *နံနက် ၂း၃၀(၂၀-၉-၁၅)*

ဆိုစီဒက်ဟာ လက်ရှိရာသီအချိန်မှာ ခြေစွမ်းပျက်ယွင်းနေတယ်။ သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးဘူး။ အထူးသဖြင့် အဲဒီသုံးပွဲမှာ တစ်ဂိုးမှ မသွင်းနိုင်တဲ့ တိုက်စစ်ပိုင်းက အားနည်းလွန်းတယ်။ အက်စ်ပန်ညိုရဲ့ လက်ရှိခြေစွမ်းပိုင်းကလည်း အားနည်းတယ်ဆိုပေမယ့် ဆိုစီဒက်နိုင်ရင်တောင် မပြတ်သားဘူး။

*ဆီဗီလာ - ဆယ်တာဗီဂို* — *ညနေ ၄း၃၀(၂၀-၉-၁၅)*

လက်ရှိဆီဗီလာရဲ့ခြေကပျက်ယွင်းနေတယ်။ သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးဘူး။ ဒီပွဲမှာလည်း နိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် တစ်ဂိုးသာသွင်းထားနိုင်တဲ့ တိုက်စစ်အားနည်းသလို ချန်ပီယံလိဂ်ကြောင့်လည်းပွဲပန်းလာနိုင်တာကို သတိပြုရမယ်။ ဆီဗီလာတို့ ရုန်းကန်ရနိုင်ပြီး အနိုင်ရမယ်ဆိုရင်တောင်ပြတ်သားဖို့ခက်တယ်။

*ဒီပို့တီဗို - ဂီဂျွန်* — *ည ၇း၃၀ (၂၀-၉-၁၅)*

ဂီဂျွန်ရဲ့ ခြေစွမ်းက အားနည်းမှုတွေများတယ်။ သုံးပွဲကစားပြီးချိန်မှာနိုင်ပွဲမရှိဘဲ နှစ်ပွဲသရေကျထားတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသေးလို့ ဒီပို့တီဗိုရဲ့ အိမ်ကွင်းအားနဲ့ ဖိအားပေးမှုကို တောင့်ခံဖို့ ခက်တယ်။ ဒီပို့တီဗိုရဲ့ခြေစွမ်းပိုင်းက သာမန်သာရှိပေမယ့်လည်း ဒီပွဲမှာတော့ အိမ်ကွင်းနိုင်ပွဲစရသွားမှာပါ။

*ဗီလာရီးယဲလ်- ဘီလ်ဘာအို* — *ည ၁၀း၄၅ (၂၀-၉-၁၅)*

ဂရန်နာဒါကို အနိုင်ကစားကာနှစ်ပွဲဆက်အနိုင်ရလာတဲ့ ဗီလာရီးယဲလ် ခြေစွမ်းပိုင်းမဆိုးပါဘူး။ ဘီလ်ဘာအိုကတော့ လက်ရှိအချိန်မှာ ခြေစွမ်းတည်ငြိမ်မှုအားနည်းလွန်းပြီး ဗီလာ ရီးယဲလ်ရဲ့အိမ်ကွင်းလည်းဖြစ်နေတယ်။ နှစ်သင်းစလုံး ယူရိုပါလိဂ်ပွဲစဉ်တွေကြောင့် ပွဲပန်းလာနိုင်ပေမယ့် ခြေပိုကောင်းတဲ့ ဗီလာရီးယဲလ်ကသာ ကပ်ပြီးအနိုင်ရသွားဖို့ရှိတယ်။

*လတ်ပဲမတ်စ် - ဗယ်လီကာနို* — *နံနက် ၁း၀၀ (၂၁-၉-၁၅)*

တန်းတက် လတ်ပဲမတ်စ်ရဲ့ခြေစွမ်းက သာမန်သာရှိတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းအားနည်းမှုတွေကြောင့် လတ်ပဲမက်စ်ရလဒ်တွေ ဆိုးနေရတယ်။ ဒါပေမယ့် ဗယ်လီကာနိုကလည်း လတ်ပဲမတ်စ်နည်းတူ ထိုးစစ်ပိုင်းမှာရော ကစားပုံမှာပါအားနည်းမှုတွေရှိတယ်။ အိမ်ကွင်းအားသာချက်ရှိတဲ့ လတ်ပဲမတ်စ် အနိုမ့်ဆုံးသရေလောက်ရမယ်။

*ဘာစီလိုနာ -လီဗန်တေး* — *နံနက် ၁း၀၀ (၂၁-၉-၁၅)*

အက်သလက်တီကို ကိုအနိုင်ရခဲ့တဲ့ ပွဲအပါအဝင် သုံးပွဲစလုံးအနိုင်ရခဲ့တဲ့ ဘာစီလိုနာရဲ့ကစားပုံကောင်းတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကကျစ်လျစ်မှုရှိတယ်။ ဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ် ကစားခဲ့ရမှာဖြစ်ပေမယ့်လည်း လီဗန်တေးကိုတော့ ဖိအားပေးသွားနိုင်မှာပါ။ ခြေစွမ်းပိုင်းကွာဟမှုများနေတာကြောင့် ဘာစီလိုနာပဲအနိုင်ရမယ်။

# နမ့်ခမ်းနှင့် နောင်ချိုတို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက်က နမ့်ခမ်းမြို့နယ် တွန်ပုတ်ကျေးရွာအဝင်လမ်းထိပ်တွင် နမ့်ပန်ကျေးရွာမှ လမ်းလျှောက်လာသူ လောက်ဆူနှင့် အောင်ကြည်တို့နှစ်ဦးအား ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၇၇ ခွက် (ဘိန်းဖြူ အလေးချိန် သုည ဒသမ ၉၂၄ ကီလို) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၈၀ တို့ကို သိမ်းဆည်းရမိသည်။

အလားတူ စက်တင်ဘာ ၁၅ ရက်က နောင်ချိုမြို့ အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ပန်ဆန်းမှ ပြင်ဦးလွင်သို့ သန်းလူ မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀၀၊ ဘိန်းဖြူ ဆပ်ပြာခွက် ၁၈ ခွက် (ဘိန်းဖြူ သုည ဒသမ ၁၉၈ ကီလို) နှင့် ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို တို့ကိုလည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်က တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက် ဥတ္တရာရုံဘုန်းကြီးကျောင်းအနီးရှိ လမ်းလျှောက်လာသူ ရွှေသွေးနှင့် စောလေးတို့ နှစ်ဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



လောက်ဆူနှင့် အောင်ကြည်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

# တာချီလိတ်၌ သေနတ်ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံး

**တာချီလိတ် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မဲအုန်း(၂)ကျေးရွာ၌ ရန်ငြိုးရန်စကြောင့် သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးသွားသည့် ဖြစ်စဉ် စက်တင်ဘာ ၁၅ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည်။

တာချီလိတ်မြို့ မိုင်းကိုးကျေးရွာ အုပ်စု ရန်ရှင်း(၃)ကျေးရွာ နမ့်ယွန်း ပြည်သူ့စစ်အဖွဲ့(၃) ဒုခေါင်းဆောင် ဦးဒါဝိတ်သည် စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီခွဲက နေအိမ်တွင်ရှိနေစဉ် အောက်မိုင်းဟဲကျေးအုပ်စု မဲအုန်း(၂) ကျေးရွာနေ တူမဖြစ်သူ မဒိုင်ယာနာ ရောက်ရှိလာပြီး ဦးဒါဝတ်၏ ညီဖြစ်သူ ယာကုတ်(၃၂)နှစ်မှာ နေအိမ်ရှေ့ အဖီအောက်တွင် သေဆုံးနေကြောင်း အကြောင်းကြားသဖြင့် သွားရောက်ကြည့်ရှုရာ ၎င်း၏ညီဖြစ်သူ ယာကုတ်မှာ သေနတ်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးနေသည်ကို တွေ့ရှိပြီး စုံစမ်းရာ ညီဖြစ်သူ ယာကုတ်အား သတ်သွားသူမှာ တစ်ရွာတည်းနေ လူပေါ်(ခ)လီပိုး(၂၂)နှစ်ဖြစ်ပြီး ၎င်းအား မိုင်းဟဲအောက် ပြည်သူ့စစ်အဖွဲ့ဝင်များက ဩစတြေးလျနိုင်ငံလုပ်သေနတ်တစ်လက်၊ ၂၀ ဒသမ ၆ လက်မခန့်ရှိ ဓားတစ်ချောင်းတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။ **(၁၁၁)**



# ကျောက်ပုံအားဝင်တိုက်မိ၍ ဆိုင်ကယ်မှောက်ပြီးသေဆုံး

**နေပြည်တော် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ် သိန်းနီမြို့နယ် နမ့်စလပ်ကျေးရွာအုပ်စု မန်ပုံ့ကျေးရွာတွင် စက်တင်ဘာ ၁၅ ရက် နံနက် ၆ နာရီက ဆိုင်ကယ်တိမ်းမှောက်၍ သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က နမ့်စလပ်ရွာမှ တွန်မုန်ရွာသို့ တွန်မုန်ကျေးရွာနေ ဦးစံထွန်းလှ (၆၀)နှစ်မောင်းနှင်လာသော တုန်ဟုန်းဆိုင်ကယ်သည် သိန်းနီ-ကွမ်းလုံ ကားလမ်းအတိုင်း မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ဘေးရှိ ကျောက်ပုံအားဝင်တိုက်မိ၍ ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း သိရသည်။ **(ကြေးမုံ)**

# တရားမဝင်သယ်ဆောင်လာသည့် ကျွဲများသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ကန့်ဘလူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၄ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဆည်ကြီးကျေးရွာမြောက်ဘက်တွင် ကျွဲများ တရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ သွားရောက်စောင့်ဆိုင်းစဉ် ကန့်ဘလူမြို့နယ် ပေါက်တောရွာနေ ဇော်မျိုး(၂၇)နှစ်၊ ဆူးပုတ်ကုန်းရွာနေ မောင်ခိုင်(၄၈)နှစ်၊ ရေကြည်ရွာနေ ကြာနီ(၃၁)နှစ်နှင့် ဖိုးဖြူ(၃၃)နှစ်တို့အား ကျွဲထီးရှစ်ကောင် မောင်းနှင်လာသည်ကို တွေ့ရှိရ၍ စစ်ဆေးရာ ခွင့်ပြုချက်အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ဇော်မျိုးပါလေးဦးတို့အား ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်-၅၇၂ခ၊ ကွင်း/အကွက်အမည်-ကျွန်းတောတောင်၊ မြေအမျိုးအစား-ဥယျာဉ်မြေ၊ ဦးပိုင်လုပ်ကွက်အမှတ်(၉၄/၃)နှင့် ဦးပိုင်လုပ်ကွက်အမှတ်(၉၄/၄)၊ အကျယ်အဝန်း(၉. ၆၅)ဧကရှိ လယ်ယာမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို တရားဝင်လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ရရှိထားပြီး လက်ဝယ်ထားရှိပိုင်ဆိုင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒုဗိုလ်မှူးကြီးမောင်ကို [၈/မထန(နိုင်)၀၁၁၆၉၉]နှင့် ၎င်း၏ ဇနီးတော်စပ်သူ ဒေါ်မမလေး[၈/မထန(နိုင်)၀၀၈၆၂၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလင်း(စဉ်-၂၇၇၄၄)၊ အထက်တန်းရှေ့နေ**
**၀၉-၄၀၁၅၈၀၄၀၃၊ ၀၉-၇၉၅၃၇၂၂၄၉**
**အမှတ်(၉၈)၊ ဗဟိုလမ်းနှင့်မာလာမြိုင်၊ (၇)လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**





(၁၈-၉-၂၀၁၅ ထွက်ပြီ)

- ဖေ့စ်ဘုတ်ခ်မှာ dislike ခလုတ်ထည့်သွင်းတော့မည်
- ကားသူခိုးအဖွဲ့တွေ အဆင့်မြင့် အတင့်ရဲလာ
- မဲဆွယ်ကာလ လူမှုကွန်ရက်ပေါ်က လှုံ့ဆော်သူတွေကို အရေးယူမည်ဟုဆို
- မန္တလေးမြို့ပေါ်မှာ လိုင်စင်မဲ့ကား ဖမ်းဆီးရမိမှု ပမာဏအများဆုံး
- အရောအနှော ဆီတုတွေကြောင့် ဆီစက်လုပ်ငန်း ၉၀ ရာခိုင်နှုန်းရပ်တန့်





# ပြည်သူများအား လုံခြုံမှုပေးနိုင်ရန်၊ ပဋိပက္ခများကို တားဆီးနိုင်ရန် အလေးထားဆောင်ရွက်

**မကွေး စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၌ ခရိုင်ငါးခု၊ မြို့နယ် ၂၅ ခု၊ မြို့ပေါ်ရပ်ကွက် ၁၆၆ ခု၊ ကျေးရွာအုပ်စုပေါင်း ၁၅၃၉ ခု၊ ခန့်မှန်းမဲဆန္ဒရှင် ၂၉ သိန်းကျော်ရှိရာ လူဦးရေနှင့် ရဲတပ်ဖွဲ့အင်အားအချိုးမှာ ၁ အချိုး ၁၂၆၃ ရှိ၍ လုံခြုံရေးရဲတပ်ဖွဲ့ဝင်အင်အား လိုအပ်ချက်အရ အထူးရဲတပ်ဖွဲ့ဝင်များခန့်အပ်ခြင်း၊ သင်တန်းပေးခြင်း၊ တာဝန်ပေးခြင်း၊ လုံခြုံရေးဆောင်ရွက်ခြင်းများ စီမံထားရှိကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ ထုတ်ပြန်ပြောကြားချက်အရ သိရသည်။

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ လုံခြုံရေးစီမံချက်များ အသေးစိတ်ရေးဆွဲထားပြီး ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များအနေဖြင့်လည်း စီမံချက်နှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသတွင်းမီဒီယာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများအနေဖြင့် လိုအပ်ချက်များရှိပါက အကြံပြုဆွေးနွေးနိုင်ကြောင်း လိုအပ်သည့်သတင်းအချက် အလက်များ ထုတ်ပြန်ပေးရန်အဆင်သင့်ရှိပါကြောင်း မကွေးခရိုင်ရဲတပ်ဖွဲ့မှူးက စက်တင်ဘာလဒုတိယပတ်က ပြောကြားခဲ့သည်။

"ရဲတပ်ဖွဲ့အနေနဲ့ ရွေးကောက်ပွဲကာလမှာ ဖြစ်လာနိုင်တဲ့ အခြေအနေတွေကို ကြိုတင်တွက်ဆပြီး ပြည်သူတွေကိုလုံခြုံမှုပေးနိုင်ဖို့၊ ပဋိပက္ခတွေကို တားဆီးနိုင်ဖို့ အလေးထားဆောင်ရွက်နေပါတယ်။

"လိုအပ်တဲ့ အကြံပြုချက်တွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ပြည်သူတွေကို ပြန်လည်ချပြဖို့ သတင်းအချက်အလက်တွေ လိုအပ်တယ်ဆိုရင်လည်း အချိန်မရွေးဆက်သွယ်နိုင်ပါတယ်။

တပ်ဖွဲ့ဝင်တွေအားလုံးကိုလည်း လုံခြုံရေး လုပ်ငန်းများဆောင်ရွက်ရာမှာ အဆင်ပြေဖို့အတွက် ဆက်သွယ်ရေးစကားပြောစက်တွေအပါအဝင် မိုဘိုင်းဖုန်းအသုံးပြုမှုအခြေအနေတွေကို စစ်ဆေးမှတ်တမ်းတင်ထားပြီးဖြစ်ပါတယ်။

ရွေးကောက်ပွဲကာလမှာလည်း မဲရုံမှူးတွေရဲ့ လိုအပ်ချက်အရ တောင်းဆိုမှုတွေကို ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်ထားရှိပါတယ်" ဟု မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းဟန်က ပြောသည်။

မကွေးတိုင်းဒေသကြီးတွင် လက်ရှိအနေအထားအရ ပါတီ ၁၉ ခု ယှဉ်ပြိုင်မည်ဖြစ်ပြီး မကွေးခရိုင်၌ ပါတီ ၁၂ ခု၊ မင်းဘူးခရိုင်၌ ပါတီရှစ်ခု၊ သရက်ခရိုင်၌ ပါတီ ၁၁ ခု၊ပခုက္ကူခရိုင်၌ ပါတီရှစ်ခု၊ ဂန့်ဂေါခရိုင်၌ ပါတီခြောက်ခု၊ ပြည်သူ့လွှတ်တော်၌ ကိုယ်စားလှယ်လောင်း ၁၂၅ ဦး၊ အမျိုးသားလွှတ်တော်၌ ကိုယ်စားလှယ်လောင်း ၅၅ ဦး၊ တိုင်းဒေသကြီး လွှတ်တော်၌ ကိုယ်စားလှယ်လောင်း ၂၂၀ဦး၊ တိုင်းရင်းသား ကိုယ်စားလှယ်လောင်းခြောက်ဦး၊ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၀၆ ဦး ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

လုံခြုံရေးစီမံချက်တွင် တိုင်းဒေသကြီး နယ်နိမိတ်အား အဝေးစည်း၊ ခရိုင်နယ်နိမိတ်အား အပြင်စည်း၊ မြို့နယ် နယ်နိမိတ်အား အတွင်းစည်း၊ သက်ဆိုင်ရာမြို့မရဲစခန်းနှင့် နယ်မြေရဲစခန်းများအပိုင်နယ်များကို အနီးစည်း၊ မဲရုံနယ်နိမိတ် ကိုက် ၅၀၀ အား ဗဟိုစည်းသတ်မှတ်၍ ဗဟိုစည်းရှိ မဲရုံပေါင်း ၄၄၇၆ ရုံ၌ အထူးရဲ ၄၄၇၆ ဦးကို တာဝန်ပေးချထားမည်ဖြစ်ကြောင်းသိရသည်။

**ဧယျတု(မကွေး)**



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ရန်အောင်မြင်ရပ်ကွက်ရှိ ရန်အောင်မြင်လမ်းကို လမ်းအရှည်ပေ ၆၅၀၊ မူလလမ်းအကျယ် ၁၂ ပေမှ တစ်ဖက် ၃ပေစီ တိုးချဲ့ဆောင်ရွက်ခဲ့ရာ စုစုပေါင်းလမ်းအကျယ် ၂၄ ပေအား မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၉၃၄၀၀၀၀ ဖြင့် လမ်း၏ကတ္တရာအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- လှဝင်း(ပြန်/ဆက်)

## ဘုတ်ပြင်းမြို့နယ်တွင် အခြေခံသတင်းစာပညာသင်တန်းဖွင့်

**ဘုတ်ပြင်း စက်တင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်တွင် ဘုတ်ပြင်းမြို့ လူငယ်ကွန်ရက်အဖွဲ့နှင့် တနင်္သာရီအပတ်စဉ် ဂျာနယ်တို့ ပူးပေါင်း၍ အခြေခံသတင်းထောက် သတင်းစာပညာသင်တန်း ဖွင့်ပွဲအား စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အေးချမ်းသာရပ်ကွက် ဓမ္မဝိဇယပရိယတ္တိစာသင်တိုက် ဆွမ်းစားဆောင်တွင် ကျင်းပခဲ့သည်။

သင်တန်း တွင် ဘုတ်ပြင်းမြို့ လူငယ်ကွန်ရက်အဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာများမှ စိတ်ပါဝင်စားသူ ၂၅ ဦး တက်ရောက်ကြပြီး တနင်္သာရီအပတ်စဉ်ဂျာနယ်မှ တာဝန်ရှိသူများမှ သတင်းထောက် ပညာရပ်များအား သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလ လေးရက်ကြာ ဖွင့်လှစ်ပို့ချသင်ကြားပေးမည်ဖြစ်သည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ တောင်ကြီး၌ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၇**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်သစ်တောဦးစီးဌာနရုံးရှိ ရတနာခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အိုဇုန်းလွှာပျက်စီးမှုကြောင့် ခရမ်းလွန်ရောင်ခြည်လှိုင်းများ ကမ္ဘာမြေပြင်ပေါ်ကျရောက်သည့်အခါ လူ့ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဂေဟစနစ်၊ ကုန်ပစ္စည်းနှင့် ရာသီဥတုအပေါ် ထိခိုက်မှုဖြစ်စေကြောင်း၊ လူသားများ၏ ကျန်းမာရေးအနေဖြင့် အရေပြားကင်ဆာ၊ မျက်စိတိမ်စွဲရောဂါ၊ ခုခံအားကျဆင်းမှုများဖြစ်စေနိုင်ပြီး စိုက်ပျိုးရေးတွင် သီးနှံကြီးထွားမှုကို ဟန့်တားစေနိုင်ခြင်း၊ သီးနှံများ၏ အာဟာရဖြစ်စေမှု ကျဆင်းစေ၍ အဆိပ်အတောက်ဖြစ်စေမှုကိုလည်း တိုးပွားစေနိုင်ကြောင်း ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က ပြောကြားခဲ့သည်။

ဂေဟစနစ်တွင် အပင်ပုံသဏ္ဌာန်များကို ပြောင်းလဲစေနိုင်ခြင်း၊ အပင်နှင့် ပိုးမွှားမျိုတစေမှုကို ပျက်စီးစေနိုင်ခြင်း၊ ပင်လယ်အတွင်းရှိ အပင်ငယ်နှင့် သတ္တဝါငယ်များကို ထိခိုက် ပျက်စီးစေနိုင်ခြင်းများဖြစ်နိုင်၍ ကမ္ဘာကြီးပူနွေးစေမှုနှင့် ရာသီဥတုပြောင်းလဲမှုကိုလည်း ဖြစ်ပေါ်စေနိုင်သောကြောင့် အိုဇုန်းလွှာပျက်စီးမှု၏ ဆိုးကျိုးသက်ရောက်မှုများသည် ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်ဝန်းကျင်အပေါ် ဆိုးရွားပြင်းထန်လှပါကြောင်း ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးက ဆက်လက်ပြောသည်။

**မောင်မောင်သန်း(တောင်ကြီး)**


**အမေ့မေတ္တာက သာသည်၊ အဖေ့မေတ္တာက ပိုသည်ဟု အငြင်းမပွားလိုပါ။ ကျား-မ မဟူ မိခင်စိတ်ရှိသည့် အတိုင်းအတာအလိုက် စိတ်ထားမြင့်မြတ်ကြသည်သာ ဖြစ်ပါသည်။**

**အမျိုးသားများ ဘုရားဖြစ်ရခြင်းသည့် ကြီးကျယ်မြင့်မြတ်သော မိခင်စိတ်ကြောင့်ဟု ဆိုရပါမည်။**

**စာရေးဆရာ(၂၆)ဦး၏ အဲဒါငါ့အဖေစာစဉ်(၆)**

**ဗြဟ္မာမင်းကြီး မှာလိုက်တယ်** နှင့်

**မိဘမေတ္တာ ရသစာစုများ**

**ညီမေတ္တာစာပေ မှ ထွက်နေပါပြီ။**

တန်ဖိုး ၂၅၀၀

**ဖုန်း ၀၉-၅၀၁၆၆၆၃၊၀၉-၂၆၃၁၂၉၅၅၀၊၀၁-၆၁၁၆၂၂**

ဝန်ထမ်းအလိုရှိသည်

မော်လမြိုင် **Strand Hotel** တွင် တာဝန်ထမ်းဆောင်ရန်

**Housekeeping Manager** **M/F (2) Posts**

- ဘွဲ့ရရှိသူဖြစ်ရမည်။
- အသက်(၃၅)နှစ်အောက်
- ရုပ်ရည်ပြေပြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၃)နှစ်အနည်းဆုံးရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

ဆက်သွယ်ရန် Ph: 09-5410366, 01-375027, 01-380714, 01-243626

ခေတ်အဆက်ဆက်

ရွေးကောက်ပွဲများသမိုင်းနှင့်

သတင်းစာ ဆောင်းပါးများ

တင်နိုင်တိုး

နှစ်ကာလများစာပေ ဖုန်း 09 254848048,0973027669

**ဝန်ထမ်းအမြန်အလိုရှိသည်။ (ပြည်တွင်း၌သာခန့်ရန်)**

**"သုခကမ္ဘာ" ဆေးရုံ** တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ **Medical Officer** ကျား/မ (၃)ဦး
M.B.B.S ဘွဲ့ရ၊ ဆ/မ လက်မှတ်ရှိပြီး နေ့/ညမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ **Sister** မ (၂)ဦး
Matron/Sister လုပ်သက်(၅)နှစ်နှင့် အထက်ရှိသူ ဖြစ်ရမည်။

၃။ **Physiotherapist** ကျား/မ (၂)ဦး
B.Med.Tech (Physiotherapy) ဘွဲ့လက်မှတ်ရရှိသူ ဖြစ်ရမည်။

၄။ **ဓာတ်ခွဲကျွမ်းကျင်** ကျား/မ (၂)ဦး
B.P.Sc (Medical Technology) (သို့မဟုတ်) ဓာတ်ခွဲကျွမ်းကျင်သူ ဖြစ်ရမည်။

၅။ **ယာဉ်မောင်း** ကျား (၃)ဦး
ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၅)နှစ်ရှိသူ ဖြစ်ရမည်။

၆။ **လုံခြုံရေး** ကျား (၃)ဦး
အသက်(၄၀)အောက် နေ့/ညမရွေး တာဝန်ထမ်းဆောင်နိုင်သူ။

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အထောက်အထားများနှင့်တကွ လူကိုယ်တိုင်လာရောက်၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

သုခကမ္ဘာဆေးရုံ
အမှတ်-၆၁၅(အီး)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
☎: ၅၀၀၁၀၀၊ ၅၀၄၅၄၅၊ ၅၂၆၃၂၉၊ ၅၀၅၂၀၀၊ ၅၃၆၅၀၀။

စက်ရုံမှူးတစ်ဦးအမြန်အလိုရှိသည်

- စက်မှုအင်ဂျင်နီယာဘွဲ့ (သို့) ဒီပလိုမာ ရရှိပြီးသူ ဖြစ်ရမည်။
- စီမံခန့်ခွဲမှု အတွေ့အကြုံရှိရမည်။
- ရွှေပြည်သာမြို့နယ်ရှိ ဝါးတစ်ရာစက်မှုဇုန်တွင် အလုပ်ဆင်းရမည်။

4H Business Group

ဆက်သွယ်ရန် - 09799678954


ဓမ္မစကူးလ်ဖောင်ဒေးရှင်း

မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊

ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အကြောင်းအရာ။ ။ တတိယအကြိမ် နည်းပြသင်တန်း ဖွင့်လှစ်မည့်ရက်နှင့် သင်တန်းသားအဖြစ် ရွေးချယ်ထားသူများကို ဆက်သွယ်အကြောင်းကြားမည့်ရက် ကြေညာခြင်း။

အထက်ပါ အကြောင်းအရာနှင့်ပတ်သက်၍ တတိယအကြိမ်နည်းပြသင်တန်းကို (၁၃၇၇ -ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ရက်) ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ရက် (စနေနေ့)တွင် ဓမ္မစကူးလ်ဖောင်ဒေးရှင်း ရုံးတည်ရှိရာ မြိတ်ကျားကျောင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး သင်တန်းသားအဖြစ် ရွေးချယ်ခြင်းခံထားရသော ဓမ္မစကူးလ်ဆရာ/မများကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် စတင်ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေပုံမြေရာဇဝင် ရေးကူးခြင်းနှင့် အမည်လွှဲပြောင်းခြင်းမပြုရန် ကန့်ကွက်ပါကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃) ရပ်ကွက်၊ အေးရိပ်မွန်(၁)လမ်း၊ တိုက် (၉/၂)နေ ဦးရဲထွဋ်လှိုင် [၁၂/ကမတ(နိုင်)၀၁၂၇၉၇] ပါ မောင်နှမ (၇) ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကန့်ကွက်ကြောင်း ကြော်ငြာပါသည်။

အမှတ်(၄၆)၊ ရတနာသိင်္ခလမ်း၊ (မုန့်/မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၂၈/B)၊ မြေကွက်အမှတ်(၁၁၁)၊ မြေကွက်အမှတ်အသစ်(၁၇၆)၊ အတိုင်းအတာ (၂၅ပေ×ပေ၅၀)၊ မြေချိန်ဧရိယာ (၀. ၀၂၉) ဧကရှိ အိမ်နှင့်မြေကို ဦးတင်အုန်းနှင့် ဦးသိန်းချစ်တို့က ပူးတွဲမြေ အမည်ပေါက်ပိုင်ဆိုင်ကြပါသည်။ ဦးတင်အုန်းသည် ၂၃-၄-၁၉၈၉ ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီးဖြစ်၍ အထက်ဖော်ပြပါ အိမ်နှင့်မြေ၏ ထက်ဝက်ဝေစုကို ဦးတင်အုန်း၏ တူ၊ တူမ အရင်းများဖြစ်ကြသော ဦးရဲထွဋ်လှိုင်ပါ မောင်နှမ (၇) ဦးတို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေ ဆက်ခံပိုင်ဆိုင်ကြပါသည်။ ကျွန်ုပ်၏ အမှုသည်များက သိရှိသဘောတူခြင်းမရှိဘဲ အဆိုပါ မြေကွက်နှင့် စပ်လျဉ်း၍ မြေပုံမြေရာဇဝင် ရေးကူးခြင်း အပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့် မရှိကြောင်းကို ကန့်ကွက်တားမြစ်ပါသည်။

**အမှုသည်များ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စီစီဝင်း** | **ဦးတင်ငွေ** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၂၂၇၃၆** | **စဉ်-၁၈၀၃၁** |

**အမှတ်(၂၂)၊ တန်ဆောင်ကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၄၅၀၃၅**

# ခင်ဦးမြို့နယ်၌ မူးမြစ်ကမ်းပါးပြို၍ နေအိမ်ဆောက်လုပ်စရိတ်များ ထောက်ပံ့

**ခင်ဦး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီတို့မှ ပူးပေါင်း၍ ခင်ဦးမြို့နယ်အတွင်း ရေကြီး၍ မူးမြစ်ကမ်းပါးပြိုခြင်းကြောင့် ပြောင်းရွှေ့ခဲ့ရသော နေအိမ်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က အမှာစကား ပြောကြားပြီး ပြောင်းရွှေ့ခဲ့ရသော နေအိမ်ရှစ်အိမ်၏ အိမ်ပိုင်ရှင်များအား တာဝန် ရှိသူများက တစ်ဦးချင်းစီထောက်ပံ့ပေးအပ်ခဲ့သည်။

ရေကြီး၍ မူးမြစ်ကမ်းပါးပြိုခြင်းကြောင့် သက်ပေးကျေးရွာအုပ်စု ဇီးတောကျေးရွာတွင် နေအိမ်လေးလုံး၊ လက်ပံကွက်ကျေးရွာတွင် နေအိမ်လေးလုံးတို့ကို နေအိမ်တစ်လုံးလျှင် အိမ်ပြောင်းရွှေ့ရေးတွင် ဆောက်လုပ်စရိတ်ငွေကျပ်တစ်သိန်းနှုန်း ထောက်ပံ့ပေးကြောင်း မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက ပြောသည်။

**ခင်ဦးစိုးဝေ**



တောင်သာမြို့နယ်၌ သောက်သုံးရေရှားပါးသည့်ကျေးရွာတွင်ရေတွန်းတူးဖော်

**တောင်သာ စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ရှိ ထောက်ရှာကျင်းကျေးရွာသည် မြေအောက်ရေတွင်း တူးဖော်၍မရသည့် ကျေးရွာဖြစ်သဖြင့် သောက်သုံးရေကိုအခြားရွာဖြစ်သော ၃ မိုင်ခန့်ဝေးသည့် ပန်းပေါင်းကျေးရွာသို့ သွားရောက် သယ်ယူသုံးစွဲနေရခြင်းကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေကန်ကိုရန်ပုံငွေကျပ် ရှစ်သန်းဖြင့် တူးဖော်ပေးလျက်ရှိသည်။

ထောက်ရှာကျင်းကျေးရွာ၏ သောက်သုံးရေကန်တူးဖော်နေမှုကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးကျုံးလျန်ဗွိုင်း၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၄ ရက်၊ နံနက် ၁၀ နာရီက သွားရောက်ကြည့်ရှု၍ ရေဝင်လမ်းကြောင်းများအခြေအနေ ကန်ပေါင်ခိုင်ခံ့မှုရှိစေရေး တူးဖော်နေသည့် အခြေအနေများကို ကြည့်ရှုခဲ့သည်။

သောက်သုံးရေကန်အား တာဝန်ယူတူးဖော်နေသော ရွှေကုန်းဘောင်ကုမ္ပဏီက လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားမည့် အခြေအနေများကို အဆိုပါအဖွဲ့အား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် မိုးနည်းရေရှားဒေသဖြစ်ပြီး သောက်သုံးရေရှားပါးခက်ခဲသည့်နေရာ အများအပြားတည်ရှိသည့်ဒေသဖြစ်ကာ ထိုအခက်အခဲကို နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေများအသုံးပြု၍ မြေအောက်ရေတွင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတူးဖော်ပေးခြင်း၊ဆည်တာတမံများ တည်ဆောက်ပေးခြင်းဖြင့် ရေရှားပါးသည့်ဒေသမှ ပြည်သူများအတွက် အဆင်ပြေစေရန်ဆောင်ရွက်ပေးခဲ့သည်။**ဇော်မင်းနိုင် (မြင်းခြံ)**

# ရှေးဦးကလေးသူငယ်အရွယ်ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးပံ့ပိုးရေး အလုပ်ရုံဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၇**

လူမှုဝန်ထမ်းဦးစီးဌာန UNICEF (မြန်မာ)နှင့် TLM (မြန်မာ)တို့ ပူးပေါင်းကျင်းပသည့် ရှေးဦးကလေးသူငယ်အရွယ်ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးပံ့ပိုးရေးနှင့် ပြုစုပျိုးထောင်ရေး ECI (Earty Childhood Intervention) ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ ၇၈ လမ်း မဟာအောင်မြေမြို့နယ် Wilson ဟိုတယ်တွင် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ECI ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက အဖွင့်အမှာစကားပြောကြားပြီး UNICEF ECI Special List Dr ဒေါ်အေးအေးရီက ECI ဝန်ဆောင်မှုများနှင့် ECI အမျိုးသားဆင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်တို့ကို မိတ်ဆက်ရှင်းလင်းပြောကြားခဲ့သည်။

ရှေးဦးကလေးသူငယ်အရွယ် ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးပံ့ပိုးရေးနှင့် ပြုစုပျိုးထောင်ရေးကို မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းနိုင်ပြီး အမျိုးသားအဆင့်ECI စနစ်စီစဉ်ခြင်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် တိုင်းဒေသကြီး သုံးခုရှိ မုံရွာ၊ ပုသိမ်၊ မော်လမြိုင်တို့တွင် ECI ရွှေ့ပြေးနေရာများ အကောင်အထည်ဖော်ခြင်းနှင့် ထူထောင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၁၈-၂၀၂၀ ခုနှစ်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးနှင့် ၂၀၂၂-၂၀၂၅ ခုနှစ်၌ မြို့နယ်များအားလုံးတွင် ECI ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရှေးဦးကလေးသူငယ်အရွယ် ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးပံ့ပိုးရေးနှင့် ပြုစုပျိုးထောင်ရေး ECI လုပ်ငန်း များကို နိုင်ငံတကာတွင် ကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးမှု အကောင်းဆုံးချိန်ဖြစ်သည့် မွေးစမှ သုံးနှစ်အရွယ်အထိ ဆောင်ရွက်ပေးလျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် မွေးစမှ ငါးနှစ်အထိ အစောပိုင်းနှစ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင် (ကျောက်ဆည်)**

# အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ လှုပ်ရှားမှုများတွင် ပါဝင်သင့်

**လှိုင်ကော် စက်တင်ဘာ ၁၇**

ကယားပြည်နယ် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲက လှိုင်ကော်မြို့ မြို့တော်ခန်းမရှေ့တွင်ကျင်းပခဲ့ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုနှင့် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ကြရန် ပြောကြားလိုကြောင်း၊ ထို့အပြင် ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် ကမ္ဘာ့လေထုအတွင်း အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ ကင်းဝေးစေရန်နှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အာမခံသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပြီး ပတ်ဝန်းကျင်ကောင်းမွန်မှု အစဉ်တည်တံ့စေသည့် ထိန်းသိမ်းမှု အလေ့အထကောင်းများကို ထိန်းသိမ်းရန်အတွက် အားလုံးပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး ဦးရဲဝင်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးမော်မော်ကိုတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**လှိုင်ကော်ခရိုင်ပြန်/ဆက်**


ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့်အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန(ရန်ကုန်) တွင် ဖွင့်လှစ်ပါမည်။

စဉ် သင်တန်းအမျိုးအစား — အနည်းဆုံးပညာအရည်အချင်း

၁။ ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်-၁) - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ

၂။ ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့်-၂) (Senior Travel Consultant and Sales Services) - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultantနှင့် Tour Operator သင်တန်း(အဆင့်၁) အောင်မြင်ပြီးသူများ
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှလက်မှတ် တစ်ခုခုဖြင့်အောင်မြင်ပြီးသူများ(သို့)
- ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ

၃။ ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့်-၁) - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ

၄။ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း(အဆင့်-၁) တက္ကသိုလ်ဝင်တန်း

၅။ အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့်-၁) တက္ကသိုလ်ဝင်တန်း

၆။ အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း(အဆင့်-၁) တက္ကသိုလ်ဝင်တန်း

၇။ အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့်-၁) - ဤသင်တန်းဌာနမှ အခြေခံ(အဆင့်-၁) အစားအစာထုတ်လုပ်ရေး သင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။

၈။ ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း(အဆင့်၂) ( စီမံ/ဘဏ္ဍာ) (အခန်းဌာနကြီး) (အစားအစာနှင့် အဖျော်ယမကာဌာနကြီး) - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့)ဘွဲ့တစ်ခုခု ရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ
- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ (သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။

သင်တန်းကာလ ၂၁-၉-၂၀၁၅ရက်မှ ၁၃-၁၁-၂၀၁၅ရက်

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာပူးတွဲ တင်ပြရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၃၉၄၈၃၆**



သိမ်မွေ့နူးညံ့ နက်နဲ ကျယ်ပြန့်သဖြင့်
နားလည်ရန် မလွယ်ကူသော
**အဘိဓမ္မာ ကို**
နားလည်ရန် လွယ်ကူအောင်၊ လွယ်ကူစွာ
ကျင့်သုံးလိုက်နာနိုင်အောင်၊
စိတ်ဝင်စားဖွယ်ဖြစ်အောင် သုတ္တန်တရား၊
သုတ္တန်ဝတ္ထုကြောင်း မြောက်မြားစွာတို့ဖြင့်
တင်ပြပေးထားသော
**ဟိတေသီနေလ အရှင်နိပုဏ ၏**
**အဘိဓမ္မာ (၇)ကျမ်းလာ**
**ကိုယ်ကျင့်တရားများ**
ထွက်ပြီ။
၀၆၄-၂၄၁၉၆ ၀၉-၂၂၀၀၂၉၆
၀၉-၄၄၈၅၁၆၀၀၀ ၀၉-၇၉၉၈၉၇၄၄၂



**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား DDP (ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 16/HPGE/15-16 (ဘိလပ်မြေ ၅၀၀တန် ဝယ်ယူခြင်း)

၂။ Tender No-16 ၏ တင်ဒါပိတ်ရက်မှာ ၅-၁၀၂၀၁၅ရက်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက် စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၉၆၊ ၄၁၀၅၃၈**



# ငှားမည်/ရောင်းမည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ ဟောင်ကောင် ၂လွှာ၊ (၅+၆)လွှာ၊ ပေ(၂၇×၄၇)၊ အဲကွန်း ရေပူ/ရေအေး၊ ကြိုးဖုန်း၊ ပါကေး၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ အသင့်နေနိုင်

**ဖုန်း-၀၉-၅၁၇၈၀၁၉**
**၀၉-၅၁၉၉၄၆၉**



**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ ယခင်(၁/ခ)၊ နှင်းဆီလမ်း၊ ယခုအမှတ်(၁၅)၊ အင်ကြင်းလမ်း၊ မြေတိုင်းအမှတ်(၅၃၂/ဘီ-၅)၊ မြေကွက်အမှတ်(၁၅)၊ နေထိုင်ခွင့်လက်မှတ်(၀၃၆၃)၊ (၂၈-၂-၂၀၁၂) ဧရိယာခန့်မှန်းခြေ ၃၅× $\frac{၁၅၀}{၁၅၂}$ ခန့်ရှိ ပါမစ်မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဒေါ်တင်တင်ဝေ[၁၂/မဂဒ(နိုင်)၀၉၁၉၉၉] ကိုင်ဆောင်သူထံမှ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်လင်းလင်းနွယ်[၁၂/ဥကတ(နိုင်)၁၃၁၂၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးဝင်း[၁၂/လမန(နိုင်)၀၉၅၂၇၂]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအားပေးချေ ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်ဝင်းတင်(LL.B)တရားလွှတ်တော်ရှေ့နေ(၃၁၀၀)
တိုက်-၁၀၊ အခန်း-၄၀၈၊ အေးရိပ်မွန် ၄-လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၅၃၀၈၄၈



**အများသိစေရန်ကြေညာခြင်း**

ဖျာပုံမြို့၊ အမှတ်(၂၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၅)ရပ်ကွက်နေ ကျွန်မ ဒေါ်ကျင်ပြန့်(ခ) ဒေါ်အေးကျင်မှ သားဖြစ်သူ ကိုစိုးကျော်အား ၃-၁၁-၂၀၁၄ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ခဲ့ပါသည်။ သို့သော် ယခု သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ ကျွန်မ ဒေါ်ကျင်ပြန့်(ခ) ဒေါ်အေးကျင်မှ ကိုစိုးကျော်အား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ကျင်ပြန့်(ခ)ဒေါ်အေးကျင်**
**[၁၄/ဖပန(နိုင်)၀၉၁၆၈၉]**




**"စက်ချုပ်ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်"**

| | | | |
|---|---|---|---|
| ၁။ Pattern အကူကျွမ်းကျင် | (၅) ဦး | ၄။ ကော်ပိတ်ကပ်ကျွမ်းကျင် ကျား | (၅) ဦး |
| ၂။ ထပ်ချုပ်ကျွမ်းကျင် မ | (၅) ဦး | ၅။ ခရစ်ပင်ကျွမ်းကျင် | (၅) ဦး |
| ၃။ ချုပ်သမကျွမ်းကျင် မ | (၅) ဦး | ၆။ ဆိုင်အရောင်းစာရေး မ | (၅) ဦး |

ဆက်သွယ်ရန် - ၀၉ ၉၇၅၈၄ ၃၃၈၈၊ ၀၉ ၃၂ ၈၅၃ ၈၅၃။

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

"ကိုရှိန့်တော့ အခုမှ မြင်ဖူးတယ်၊ ကိုရှိန့်နာမည်တော့ နွယ်ကြားဖူးတာကြာပါပြီ"

မောင်ရှိန်သည် "ခင်ဗျာ. . "ဟုအော်ပြီး သူ့နားရွက်သူ ဆွဲလိမ်နေ၏။

တင်မောင်စိုးကမူ နှာခေါင်းမွေးတစ်ပင်ကို မိထားသောကြောင့် ဣန္ဒြေမပျက်။ ကျန်သူငယ်ချင်းများက သူတို့နှစ်ယောက်ကို ကြည့်ကာ ရယ်ချင်လာကြသဖြင့် လျှာကိုက်ထားကြသော်လည်း မျက်နှာများက ပြုံးစိစိဖြစ်နေကြ၏။

သက်ခိုင်ကသာ လွတ်လပ်စွာ ရယ်မောပြီး ပြောသည်။

"မမနွယ်က သူနာမည်ကြားဖူးတယ်ဆိုလို့ မောင်ရှိန်က လိပ်ပြာမသန့်ဘဲ လန့်နေတာ၊ ဒီကောင့်မှာ လိပ်ပြာ မသန့်တဲ့ ရောဂါရှိတယ်. . မမနွယ်ရဲ့"

မလေးနွယ်က လှိုက်လှဲစွာ ရယ်ပြီး မောင်ရှိန့်ကို ရင်းနှီးစွာ ပြော၏။

"ဩြော်. . . ကိုရှိန်ကလည်း. . . နွယ်က အကောင်း ပြောတာပါရှင်ရဲ့၊ ကိုရှိန်က ပီယာနိုလည်း တော်တယ်၊ တယောလည်း တော်တယ်၊ ပတ္တလားလည်း တီးတတ်တယ်လို့ တစ်ကျောင်းလုံး ကျော်နေတာ၊ ပြီးတော့ အင်းယားကျောင်းဆောင်သူတွေက ပြောတယ်၊ လသာရင် ကိုရှိန် တယောလာထိုးတာ သိပ်လွမ်းဖို့ကောင်းတာပဲတဲ့၊ ကိုရှိန်က အလွမ်းသမားကြီးလား"

မောင်ရှိန်သည် နားရွက်ကို လိမ်ထားသော လက်အားမလွှတ်သေးဘဲ မလေးနွယ်ကို ကြည့်သည်။ ကြည့်ရင်းလည်း သူ့မျက်နှာသည် ပြုံးဖြဲဖြဲ ဖြစ်လာ၏။

"အဟီး . . . အဟဲ. . . အဟမ်း. . . ကျွန်တော်က အလွမ်းသမားမဟုတ်ပါဘူး၊ အကုသိုလ် ဘယ်ဝဋ်ကြွေးက ပါလာလဲ မသိဘူး၊ ကျွန်တော်က အလွမ်းသီချင်းတွေချည်းပဲ ရတယ်၊ ကျွန်တော် တီးလို့ သူများတွေ လွမ်းလေ. . ကျွန်တော် ရယ်ချင်လေပဲ၊ ကျွန်တော် ရယ်ချင်လေ. . . ကျွန်တော့်လက်သံက ပိုလွမ်းလေပဲ၊ တစ်ခါတလေ. . ကျွန်တော့်ကိုယ် ကျွန်တော် သိပ်သနားမိတာပဲဗျ မလေးနွယ်. . . ဒါပေမဲ့ မငိုရဲဘူး၊ ငိုမိရင် ကျွန်တော့်လက်သံက ဟာသတွေ ထွက်လာမှာစိုးလို့"

မောင်ရှိန်၏ စကားအဆုံး၌ လူငယ်များသာမက ဦးထင်ကျော်နှင့် ဒေါ်အေးသန့်တို့ပါ ရယ်မောကြ၏။

ဦးထင်ကျော်က ဆိုသည်။

"မောင် အပြောကောင်းတာနဲ့ ဦးတောင် လွမ်းချင်လာပြီ၊ ကဲ. . . ဟိုမှာ ပီယာနို ရှိတယ်၊ တီးပြစမ်းပါဦး"

မောင်ရှိန်သည် ပီယာနို တီးရမည်ဆိုလျှင် ဘယ်အခါမှ မငြင်း။ သူ့လက်မပျက်အောင်ဟု ပီယာနို မြင်လျှင် မဖိတ်ခေါ်သည့်တိုင်အောင် ဝင်တီးလေ့ရှိသည်။ ယခုဖိတ်ခေါ်သောအခါ ပီယာနိုဆီသို့ ထသွားကာ လက်စွမ်းပြရန် ပြင်တော့၏။

အခန်းတွင်းရှိ လူအားလုံးသည် ပီယာနိုဘေးသို့ ရောက်လာကြ၏။

မောင်ရှိန်က ပီယာနိုကို အသံစုံသွားအောင် မွှေချင်တိုင်း မွှေ့ပစ်ပြီးမှ စိန်ခေါ်၏။

"ဦးက အလွမ်းသီချင်းနားထောင်ချင်တယ်ဆိုတော့ ကျွန်တော်က လွမ်းစရာမကျန်တဲ့ သီချင်းတီးမယ်၊ ဖြေနိုင်ပေါင် ပတ်ပျိုးလေး. . . ဖြေနိုင်ပေါင် ဆိုကတည်းက လွမ်းစရာ ကုန်နေပြီ"

ဦးထင်ကျော်က ခေါင်းညိတ်၏။

"ကြိုက်ပြီကွယ်. . တီးပါ"

မောင်ရှိန်က သက်ခိုင်ကို လှမ်းပြောသည်။

"သက်ခိုင်. . . မင်းက တယောတီး"

သက်ခိုင်သည် သူ တစ်ခါက တီးခဲ့ဖူးသော ဦးထင်ကျော်၏ တယောကို ယူလိုက်၏။

မောင်ရှိန်က မလေးနွယ်ကို ပြော၏။

"ကျွန်တော့် သုံးကောင်စလုံး ဆိုတတ်တယ်။ ဒါပေမဲ့ ဖြေနိုင်ပေါင်က မိန်းကလေးဆိုမှ နားထောင်ကောင်းတယ်၊ နုဖဝါးတော်နာ သွေးခြည်သာ သန်းပါလို့. . . အပို ပန်းဘွဲ့သား ဆိုတဲ့ အပိုဒ်ကျရင် ယောကျာ်းသံနဲ့ ဘာမှ မဆိုင်ဘူး၊ တင်မောင်စိုးလို ကျားကိုးစီး စားမကုန်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ဆိုရင် သာပျက်စီးတာပဲ၊ ဒီတော့ မလေးနွယ်ဆို. . . ရတယ် မဟုတ်လား"

မလေးနွယ်က ခေါင်းညိတ်ပြပြီး ပီယာနိုအဖုံးပေါ်မှ စည်းနှင့် ဝါးကို ကောက်ကိုင်လိုက်၏။

မောင်ရှိန်က မျက်လုံးပြူးပြသည်။ ဆိုမည့်သူက စည်းနှင့် ဝါးကိုကောက်ကိုင်ပြခြင်းသည် အတီးကိုမမှုဟု စိန်ခေါ်ခြင်း ဖြစ်၏။

မောင်ရှိန်က ပီယာနိုကို စိတ်ရှိသမျှ ဖွင့်တီးသည်။ မလေးနွယ်က စည်းနှင့်ဝါးကို အပိုင်ကိုင်ကာ ဆိုသည်။ စည်းဝါးက ချုပ်ထားသဖြင့် မောင်ရှိန်မလှုပ်နိုင်။ မလှုပ်နိုင်သည်မှာ မလှုပ်ချင်၍ မဟုတ်။ မလေးနွယ်၏ ရင်မှလာသော အသံသည် မောင်ရှိန့်ကို ဖမ်းစားသည်။ မောင်ရှိန်သည် မလေးနွယ်၏ အဆိုကိုအသားပေးကာ ပီယာနိုကို လှပစွာ ထိန်းသိမ်း၍ တီးပေးတော့၏။

သက်ခိုင်ကလည်း တယောကို အကွက်ပြည့် မတီး။ ပတ်ဝိုင်း၌ လိုက်သော နှဲကဲ့သို့ အဝင်အထွက် အပြေးအလိုက် မှန်ရုံ မွေးတီးပေးသည်။

သီချင်းအဆုံး၌ အားလုံး ဝမ်းသာကြသည်။ အားလုံး ကျေနပ်ကြသည်။

ဦးထင်ကျော်က နေရာမှ ထသည်။

"အေး . . . ကောင်းတယ်ကွယ်၊ ဦးကတော့ ဂီတကို နာမ်ရဲ့ အာဟာရလို့ ယူမှတ်ထားတာ၊ ဒါပေမယ့် မနက်ဖြန် စီရင်ချက်ချရမယ့် အမှုတွဲတစ်ခု ဖတ်ရဦးမယ်၊ မောင်တို့ သူငယ်ချင်းတွေ ဆက်တီးကြမှုတ်ကြ"

ဦးထင်ကျော် အပေါ်ထပ်သို့ တက်သွားသည်။ ဒေါ်အေးသန့်လည်း လိုက်ပါသွား၏။

ကျန်ရစ်သော လူငယ်တစ်စုသည် လွတ်လပ်စွာ တီးမှုတ်သီဆိုကျန်ရစ်ကြ၏။

မောင်ရှိန်နှင့် မလေးနွယ်က တစ်ယောက်တစ်လဲ ပီယာနို တီးကြသည်။

ယုမောင်၊ အေးဝင်း၊ တင်မောင်စိုး၊ သက်ခိုင်တို့က အလှည့်ကျ ဝင်ဆိုပေးကြ၏။

နှစ်နာရီနီးပါး တီးကြ မှုတ်ကြ ဆိုကြပြီး၍ မောလုခါမှ မောင်ရှိန်က နှောင့်တော့၏။

"တို့. . . ပတ်ပျိုးရော. . ဘွဲ့ရော၊ သီချင်းခံရော စုံသွားပြီ၊ ပုလဲနဲ့ဘောလယ် တီးကြရအောင်၊ ဟေ့ကောင် သက်ခိုင်. . . မိုးနတ်ဒေဝီ တီးကြရအောင်"

သက်ခိုင်က မောင်ရှိန်ကို မျက်မှောင်ကြုတ်ကြည့်ရင်း ငြင်း၏။

"မတီးချင်ပါဘူးကွာ၊ မင်းကလည်း . . အခြားတစ်ခုခု လုပ်ပါ"

မလေးနွယ်က မောင်ရှိန့်ကို ထောက်ခံ၏။

"ဟုတ်တယ်၊ မောင်ကလည်း . . ကိုရှိန် ပြောတာ ကောင်းသားပဲ၊ မမနွယ် မိုးနတ်ဒေဝီကို မရဘူး၊ အဲဒါက ဂီတဝိသောဓနီကျမ်းမှာလည်း မပါဘူး၊ မဟာဂီတထဲမှာတော့ တွေ့တယ်၊ မမနွယ် အဲဒီဘောလယ်ကို မတတ်ဖူးဘူး"

သက်ခိုင်က ခါးခါးသီးသီး ဆက်ငြင်း၏။

"မလုပ်ပါနဲ့၊ တစ်ညနေလုံး သီချင်းကြီးတွေပဲ တီးခဲ့ဆိုခဲ့ကြတယ်၊ ခေတ်ပေါ် တစ်ခုခု လုပ်ကြရအောင်၊ ဟေ့ကောင်. . . မောင်ရှိန် . . ဘုန်းနေ့ ဆက်လွမ်း လုပ်ကွာ"

မလေးနွယ်သည် ပြုံးချိုချိုနှင့် မျက်စောင်းလေး မသိမသာ ထိုးပြီး သက်ခိုင်ကို ကြည့်၏။

မောင်ရှိန်က မလေးနွယ်ကို လှမ်းမေးသည်။

"မမနွယ် သဘောတူသလား"

မလေးနွယ်က မောင်ရှိန့်ကို ပြုံး၍ဖြေ၏။

"အင်းယားကျောင်းသူတွေကတော့ ကိုရှိန်ရဲ့ ဘုန်းနေ့ ဆက်လွမ်းက သိပ်ကောင်းဆိုပဲ၊ နွယ်က နားမထောင်ဖူးတော့ နားထောင်ရမှာပေါ့"

မောင်ရှိန်က ပီယာနိုနှင့် ဘုန်းနေ့ဆက်လွမ်းကို တီးသည်။ သက်ခိုင်က တယောနှင့် လိုက်ပေး၏ အလွမ်းဓာတ်ခံရှိသော ယုမောင်က ဆို၏။

သီချင်းအဆုံး၌ မောင်ရှိန်က ပီယာနိုခုံမှ ထသဖြင့် အားလုံးဝိုင်းထကြ၏။

မောင်ရှိန်သည် လက်ပတ်နာရီကို ကြည့်၏။

"ဟာ. . . ခြောက်နာရီတောင် ထိုးနေပြီ၊ သွားကြရအောင်"

မလေးနွယ်က ကန့်ကွက်၏။

"နေကြပါဦးလား၊ အိမ်မှာ ထမင်းစားသွားကြပါလား"

မောင်ရှိန်က ယဉ်ကျေးစွာ ဖြေ၏။

"ကျေးဇူးတင်လှပါတယ် မမနွယ်၊ ကျွန်တော်တို့ ဘိုင်ကျတဲ့အခါ လာစားဖြစ်အောင် စားပါ့မယ်၊ အခုတော့ အိမ်က ပြန်လာခါစဆိုတော့ အိတ်ထဲမှာ ငွေယားလေးတွေ ရှိနေကြသေးတယ်၊ ကျွန်တော်တို့ တရုတ်တန်းသွားစားကြပြီး ဘိုင်စကုတ် ကြည့်ကြမလို့၊ သက်ခိုင်ကတော့ မလိုက်ဘူးတဲ့၊ အခန်းစောစောပြန်ပြီး ကဗျာစပ်မလို့ ဆိုလားမသိဘူး၊ ကျွန်တော်တို့ ပြန်ပါဦးမယ်၊ သက်ခိုင်ရေ. . တို့ သွားတော့မယ်၊ မင်းက သိပ်ဆိုးတဲ့ကောင်ပဲကွာ၊ တစ်ခါတလေ ဘိုင်စကုတ်ကလေး ဘာလေးတို့နဲ့ လိုက်ကြည့်ဖို့ကောင်းတယ်"

ဤစကားအားလုံးကို မောင်ရှိန် ထွင်ခြင်းသာ ဖြစ်သည်။ သူတို့ ဘာလုပ်ကြမည်ကို သက်ခိုင် မသိခဲ့ရ။

**(ဆက်လက်ဖော်ပြပါမည်။)**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## တောင်းပန်ခြင်း

The Miss Myanmar International 2015အလှမယ်ရွေးချယ်ပွဲကိုအမျိုးသားကဇာတ်ရုံ(ရန်ကုန်)တွင် ကျင်းပပြုလုပ်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌားရမ်းအသုံးပြုခွင့်ရရှိခဲ့ပါသည်။

အဆိုပါ Miss Myanmar International 2015 အလှမယ်ရွေးချယ်ပွဲ၏ ဖျော်ဖြေရေး အစီအစဉ်အချို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မကိုက်ညီသော ဝတ်စားဆင်ယင်မှုများပါဝင်ခဲ့သည်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကိုထိန်းသိမ်းရသည့် ယဉ်ကျေးမှုဝန်ကြီးဌာန အားလည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ချစ်ခင်မြတ်နိုးကြသော ပရိတ်သတ်များအားလည်းကောင်း၊ အမြင်မသင့်တော်ခြင်း စိတ်အနှောင့်အယှက်ဖြစ်ရခြင်းများ ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည့်အတွက် ကျင်းပရေးကော်မတီအနေဖြင့် များစွာ စိတ်မကောင်းဖြစ်မိပါသည်။ နောက်နောင်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသော၊ ထိခိုက်နစ်နာစေသော ဝတ်စားဆင်ယင်မှုနှင့် အပြုအမူများ၊ ဖျော်ဖြေမှုများ မဖြစ်ပေါ်စေရန် ထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုကိုထိန်းသိမ်းလိုသော မိတ်ဆွေပြည်သူများအား ကတိပြု တောင်းပန်အပ်ပါသည်။

The Miss Myanmar International 2015
ကျင်းပရေး ကော်မတီ



မှခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြပြီး မှခင်းအသိပညာရရှိစေဖို့ **မှခင်း** ရှုထောင့်ဂျာနယ် ဖတ်ကြစို့

အမှတ်စဉ်(၂/27) ယနေ့ထွက်ပြီ

Ph-01-397164, 01-9000017

★ရွှေဆိုင်ပိုင်ရှင်ကိုသတ်ပြီး ရွှေတွေယူဆောင်သွားသူများကို အချိန်တိုအတွင်းဖမ်းဆီးနိုင်ခဲ့ ★သမီးရည်းစားချင်းအဆက် အသွယ်ဖြတ်လို့ဆိုပြီး ဓားနဲ့ထိုးသတ်မှု ဇဗ္ဗာန်းမြို့နယ်တွင်ဖြစ်ပွား ★(၃၃၃)ကားဂိတ်အနီးမှာ ဖြစ်ပွားခဲ့တဲ့လူသတ်မှု ★ရုတ်တရက်ဒေါသနဲ့ လူသတ်မှုကျူးလွန်ခဲ့သူရဲ့ဖြစ်ရပ် ★ညီမကိုကျောင်းကြိုဖို့သွားတဲ့အစ်မ ဘယ်တော့မှအိမ်ပြန်မလာနိုင်တော့တဲ့ဖြစ်ရပ် ★ငါးထောင်ဖမ်းတဲ့နေရာမှာ ပြတ်ရဒဏ်ရာတွေနဲ့ အလောင်းတစ်လောင်းတွေ့ရှိ ★ဆိုင်ကယ် ကယ်ရီငှားရမ်းရာမှဓားထိုးမှုဖြစ်ပွား ★ဘောလုံးပွဲသွားကြည့်နေတုန်း အိမ်ကငွေ (၃၆)သိန်းအခိုးခံရ ★ငါးများဖို့လာခေါ်လို့လိုက်သွားတဲ့သူ လယ်ကွင်းထဲမှာအသတ်ခံရ ★စကားများရန်ဖြစ်ရာက လည်ပင်းကိုဓားနဲ့လှီး သတ်ခဲ့တဲ့ဖြစ်ရပ် ★အရက်သောက်သူက အရက်ဆိုင်ပိုင်ရှင်ကို ဓားနဲ့ထိုး ★ခဏနားရအောင်ပြောပြီး အဓမ္မကျင့်ဖို့ ကြံတဲ့ပထွေး ★မီးပိတ်မောင်းနှင်လာတဲ့ ဆိုင်ကယ်သမားနှစ်ဦး ခိုးမှုနဲ့အစစ်ဆေးခံနေရပြီ ★တိုက်ပြီးထွက်ပြေးသွားတဲ့ ယာဉ်နဲ့ယာဉ်မောင်းကို အဆင့်ဆင့်စုံစမ်းဖော်ထုတ်နိုင်ခဲ့တဲ့ဖြစ်ရပ် စတဲ့သတင်းများနဲ့အတူ ........... ကဏ္ဍစုံလင်စွာ ဖတ်ရှုရမည်။



ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေ၊နိုင်ငံခြားငွေ(Euro)ဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် | တင်ဒါပိတ်ရက် |
|---|---|---|---|
| ၁ | 12(T)15/MR(CTM) (Kyat) | ခါတ်ခဲ(၁၅၆၈၆၄)လုံး | 24.9.15 |
| ၁ | ၇၁/မမ/S&T (Kyat) | အင်းစိန်နယ်မြေအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံနှင့် အခြားရထားသွားလာရေးဆိုင်ရာဌာနများသို့ ရန်ကုန်-မန္တလေး လမ်းပိုင်းရှိ Fiber backbone နှင့် တိုက်ရိုက်ဝင်ရောက် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်ရန် | 1.10.15 |
| ၂ | ၇၂/မမ/S&T(Kyat) | စက်ဆီ၊ ချောဆီနှင့် သဘော်ာ ဆေးများဝယ်ရန် | 1.10.15 |
| ၃ | 15(T)1/MR(CE) (Euro) | Raw Material for Concrete Sleeper Production(3)Items<br>- 3mm Ø 3 Ply HT Steel Strand (200)M.Ton<br>- 3.6 mm Ø 3 Ply HT Steel Strand(470)M.Ton<br>- 18mm Ø Spring Steel (100) M.Ton များဝယ်ရန် | 19.10.15 |

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၈.၉.၂၀၁၅) ရက် နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန ၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:294352,291985,291994



## သုခကမ္ဘာဆေးရုံ
## သူနာပြုအကူသင်တန်းသားများခေါ်ယူခြင်း

- သူနာပြုအကူ (၃)လသင်တန်း တန်းခွဲအသစ်ကို ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ (၃)ရက်နေ့မှ စ၍ သုခကမ္ဘာဆေးရုံတွင် ဖွင့်လှစ်ပါမည်။
- သင်တန်းကို အတွေ့အကြုံရင့် သူနာပြုအုပ်(ငြိမ်း)များ မှ ဦးစီးသင်ကြားပေးမည်။
- အခြေခံပညာ အလယ်တန်း နှင့် အထက်ရှိသူများ လျှောက်ထားနိုင်ပါသည်။
- သင်တန်းတွင် ထူးချွန်သူများကို ဤဆေးရုံတွင် အလုပ်ပြန်လည် ခန့်ထားပါမည်။
- အသေးစိတ် အချက်အလက်များကို **သုခကမ္ဘာဆေးရုံ** အမှတ်-၆၁၅(E)၊ မာလာလမ်းသွယ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၅၀၀၁၀၀၊ ၅၀၀၅၅၁၊ ၅၂၆၃၂၉၊ ၅၀၅၂၀၀ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

# စက်ရုံအလုပ်ရုံမှ အလုပ်သမားများအနည်းဆုံးလုပ်အားခငွေကျပ် ၃၆၀၀ ရရှိလာ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးမြို့တွင် စက်မှုဇုန်(၁)နှင့် စက်မှုဇုန်(၂)တို့တွင် လက်ရှိကာလ၌ မွေးမြူရေး အစာစက်ရုံများနှင့် အချို့သောစက်ရုံများမှ နေ့စားပုတ်ပြတ်အလုပ်သမားများကို အလုပ်ပါးပါက အနည်းဆုံးလုပ်ခ ငွေကျပ် ၃၆၀၀ နေ့တွက်ပေးခြင်းများရှိကြောင်း အဆိုပါ နေ့စားပုတ်ပြတ် အလုပ်သမားများက ပြောသည်။

စက်ရုံအလုပ်ရုံများသည် အလုပ်ပါးချိန်နှင့် အလုပ်များချိန်တို့ရာသီအလိုက် ကွာခြားမှုရှိတတ်ပြီး အလုပ်များချိန်တွင် နေ့စားပုတ်ပြတ်များသည် မိုးလုံလေလုံ အလုပ်အကိုင်ကောင်းကာ နေ့တွက်ကိုက်ပြီး အလုပ်ပါးချိန်၌ နေ့ထွက်လုပ်အားခ ကျပ် ၃၆၀၀ ရရှိအောင် ဖြည့်စွက်ပေးသည်။

မန္တလေးမြို့တွင် စက်မှုဇုန်(၁)နှင့် စက်မှုဇုန်(၂)တို့တွင် စက်ရုံအလုပ်ရုံများ ပေါ်များကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာခဲ့ပြီး စက်ရုံများပေါ်များလာခြင်းနှင့်အတူ အနီးအနားကျေးရွာများတွင် လယ်လုပ်သားရှားပါးမှုများပင် ကြုံတွေ့ခဲ့ရသည်။

စက်ရုံအလုပ်ရုံများတွင် အလုပ်သမားခန့်ထားမှုမှာ လခစားဝန်ထမ်းအဖြစ် ခန့်အပ်ခြင်း၊ နေ့စားပုတ်ပြတ်စနစ်ဖြင့် လုပ်ကိုင်သည့် အလုပ်အမားများ ခန့်အပ်ခြင်းပင်ဖြစ်ပြီး ပုတ်ပြတ်အများစုမှာ အိတ်ပြတ်ဖြင့်ပေးလေ့ရှိသည်။

ဝန်ထမ်းများသည်လည်း ရရှိသည့် လစာပေါ်မူတည်ကာ အလုပ်ပြောင်းလဲမှုများပြားကာ အလုပ်ပြောင်းလျှောက်ခြင်းများ ပြုလုပ်လာကြကာအထူးသဖြင့် စက်ရုံအလုပ်ရုံများတွင်နေ့စား ပုတ်ပြတ်အလုပ်သမားများမှာ တည်ငြိမ်မှုနည်းလျက်ရှိသည်။

စက်မှုဇုန်(၂) ဗုဒ္ဓစွယ်တော်မြတ်စေတီအနီးတွင် အဝေးပြေးကုန်တင်ယဉ်ရပ်နားစခန်း ကားကြီးကွင်းရှိနေခြင်းကြောင့် နေ့စားအိတ်ပြတ်ကုန်တင်ကုန်ချ အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါ်များလာခဲ့ပြီး ကားကြီးကွင်း ကုန်တင်ကုန်ချလုပ်သားများသည် တစ်နေ့လျှင်အနည်းဆုံး ငွေကျပ် ၁၀၀၀၀ ကျော်အထိ ဝင်ကြောင်း သိရသည်။

စက်မှုဒေသတစ်ဝိုက်တွင် စက်ရုံအလုပ်ရုံများပေါ်များခြင်း၊ ကားကြီးကွင်းတွင် ကုန်တင်ကုန်ချလုပ်ငန်း ပေါ်လာခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းပေါ်များလျက်ရှိသည်။

**တိမ်တမန်**

# ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား လှိုင်ကော်တွင်ကျင်းပ

**လှိုင်ကော် စက်တင်ဘာ ၁၇**

ကယားပြည်နယ် လှိုင်ကော်မြို့ ကြက်ခြေနီအသင်းရုံး၌ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက ၂၀၁၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဒုမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးမျိုးသန့်၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ကျေးရွာများမှ ကြက်ခြေနီကော်မတီဝင်များနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင် လူငယ်မောင်မယ်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနားကို မွန်မြတ်သော ကြက်ခြေနီလူမှုကရုဏာလုပ်ရှားမှုကြီးအား ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ အဆိုပါ လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ကြသူများနှင့် စေတနာ့လုပ်အားရှင်များကို ဂုဏ်ပြုသောအားဖြင့်လည်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အပါအဝင် နှစ်စဉ်အသင်းပေါင်း ၁၈၉ သင်း မှာ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပလျက်ရှိကြောင်း၊ ရှေးဦးပြုစုသူ၏ ပထမဖြစ်သော ကြင်နာမှုနှင့် စာနမှုစိတ်ဓာတ် ပေါ်ပေါက်လာအောင် ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူခုနစ်ချက်နှင့် ခံယူချက်များကိုစတင်ပြီး ကရုဏာထားသော စေတနာ့လုပ်အားရှင် တစ်ဦးဖြစ်လာအောင် ပျိုးထောင်ပေးရကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပြီး CBHFA စီမံကိန်းလုပ်ငန်းဆောင်ရွက်နေသော ကျေးရွာများအား TV, DVD, Solar, Phone ပေးအပ်ခြင်း၊ CBHFA စီမံကိန်းလုပ်ငန်းဆောင်ရွက်နေသော ကျေးရွာစာသင်ကျောင်းများအား life straw ရေသန့်စက်များ ပေးအပ်ခဲ့သည်။

**ကိုစိုင်း (လှိုင်ကော်)**

# ငပုတောမြို့တွင် မြေငှားဂရန် ထုတ်ပေး

**ငပုတော စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် မြေငှားဂရမ်ထုတ်ပေးရန် ပုသိမ်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးတို့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ မြို့နယ်ကော်မတီဝင်များက ငပုတောမြို့နယ် ဝက်ဆူကျေးရွာအုပ်စု ဝက်ဆူကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၃ နာရီတွင် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက ကျေးရွာမြေငှားဂရန်ပြုလုပ်ရခြင်း ရည်ရွယ်ချက်အားလည်းကောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူက မြေငှားဂရန်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုနောက် ကော်မတီဝင်များက ကျေးရွာမြေငှားဂရန်များအား ကျေးရွာပြည်သူများကို ပေးအပ်ခဲ့သည်။

**မျိုးကျော်သူ(ပြန်/ဆက်)**



# ကန့်ဘလူမြို့နယ်တွင် ရေစုပ်စက်များ ထောက်ပံ့ပေးအပ်

**ကန့်ဘလူ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဇူလိုင်လလယ်က မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခံရသောဒေသများမှ ဆိုးရွားစွာရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ရေစုပ်စက်ထောက်ပံ့လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်က ရေကြီးနစ်မြုပ်ခံရသည့် ကျေးရွာများကို ရေစုပ်စက်ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။


ထို့နောက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရေစုပ်စက်များကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြပြီးကျေးရွာတစ်ရွာလျှင် ငွေကျပ်လေးသိန်းတန်ဖိုးရှိ ရေစုပ်စက်အတူပါ ပစ္စည်းခုနစ်မျိုး(အုပ်စုံ)ကို ကြခတ်အိုက်၊ ကံကြီးနှင့် ချပ်သင်းကျေးရွာများသို့ တစ်လုံးစီပေးအပ်ခဲ့ကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**


## မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

MGY

'အပါယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင်နဲ့ သွားကြစို့'



သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ရက်(၉သိန်း)
သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာဂျ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ရက်(၁၀သိန်း)

၁၄/၁၅ ရက် - အောက်တိုဘာ ၁၆ (၅ လို)၊ နိုဝင်ဘာ ၁၁ (၁၂လို)၊ ဒီဇင်ဘာ ၉၊ ဇန်နဝါရီ ၆၊ ဖေဖော်ဝါရီ ၁၀၊ မတ် ၂၊ ဧပြီ ၈။
၁၁/၁၂ရက် - ဇန်နဝါရီ ၂၇ (၁၅ လို)၊ မတ် ၂။ ဟိုတယ်(၂)ညအိပ်၊ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။ ရန်ကုန် - ဂယာ - ရန်ကုန်

ခရီးစဉ်မိတ်ဆက်အနေဖြင့် အောက်တိုဘာ(၁၆)ရက်(၁၄/၁၅ရက်) ခရီးစဉ်အား (၉.၅)သိန်းဖြင့် ပို့ဆောင်ပေးသွားပါမည်။

ခရီးစဉ်တိုင်းတွင် သံဃာတော်များ ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ နိုင်ငံကူးလက်မှတ်(၆)လသက်တမ်းကျန်ရှိလျှင် (၃၀၀၀၀/-)လျှော့ပေးပါမည်။ (၁၆)ဦး(၁)ဦးအခမဲ့၊ (၁၀)ဦး ၅၀%၊ (၈)ဦး၃၀%၊ ၅ဦး ၁၅% (ခေါင်းဆောင်တစ်ဦးသာ) လျှော့ပေးပါသည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံ ကောက်ခံခြင်း မရှိကြောင်း အထူးပင်အာမခံပါသည်။ ခရီးစဉ်တိုင်းတွင် (၃၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ရန်ကုန်မြို့အတွင်း အိမ်အရောက် ဝန်ဆောင်မှုရှိသည်။ နယ်မှခရီးသည်များအား ရန်ကုန်မြို့ရှိအဆင့်မြင့်လုံးချင်းအိမ်ကြီးတွင် အခမဲ့တည်းခိုနိုင်ခြင်းနှင့် သက်ဆိုင်ရာ လေဆိပ်၊ ကားဂိတ်များသို့ အကြိုအပို့ ပြုလုပ်ပေးပါမည်။ မေတ္တာဖြင့် ရှင်းပြပေးမည့် ဦးဆောင်ဆရာတော်တစ်ပါး၊ ကျွမ်းကျင် Tour Leader တစ်ဦး နှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင် စီစဉ်ပေးပါသည်။

ရုံးချုပ် - အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၆၀၁၆၄၊ ၅၆၀၁၆၅၊ ၀၉-၄၉၇၇၇၀၄၅၊ ၀၉-၂၆၀၇၁၃၂၃၂၊ ၀၉၄၃၀၁၅၆၆၁၀၁



"ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၄/စီ၊ မြေကွက်အမှတ်- ၈ တီ^၁၊ ဧရိယာ (၀.၂၁၃) ဧကရှိ အမှတ်၃၄/စီ၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်ဟုခေါ်တွင်သောမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦးတို့နှင့်ပတ်သက်၍ ဦးအင်စေ့ဟုတ် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်မျိုးသန္တာအောင်)မှ တရားလိုပြုလုပ်၍ ဦးယဉ်မင်းဟန်အပေါ်စွဲဆိုထားသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀၀ တွင် တရားမကျင့်ထုံးဥပဒေအမိန့်- ၃၉၊ နည်းဥပဒေ- ၁ အရ ရောင်းချ/ပေါင်နှံ/တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုလုပ်ရန် အမိန့်ထုတ်ပြန်၍ ဝရမ်းကပ်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

ဦးအင်စေ့ဟုတ်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မျိုးသန္တာအောင်)



## စီးပွားပန်းခင်း

ပညာရေးဝန်ဆောင်မှုလုပ်ငန်း

09-73009869
09-73013432
09-73028433

ပထမနှစ်မှနောက်ဆုံးနှစ်ထိ

## အဝေးသင်

စီးပွားရေးနှင့် ဝိဇ္ဇာတွဲမေဂျာစုံ

တန်းခွဲများအားလုံးကျောင်းအပ်လက်ခံပြီ။ (၉)လပိုင်း တန်းခွဲများဝပြီ။

| | |
|---|---|
| ရန်ကုန် | ။ (၃၀၃) (၄လွှာ)၊ ၄၂-လမ်းထိပ်၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်။ |
| ရန်ကုန် | ။ တိုက်(၂၃)၊ အခန်း(အေ-၄)၊ (၈) ရပ်ကွက်၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်။ |
| ပုသိမ် | ။ အမှတ်(၂၄၂၀)၊ အနော်ရထာလမ်း (ပုသိမ်တက္ကသိုလ်လမ်းမကြီး)၊ ပပဝတီထမင်းဆိုင်ရှေ့။ |
|ဟင်္သာတ | ။ (နေလဆေးခန်း)၊ အမှတ်(၆၆၉)၊ သိရီ(၃)လမ်း၊ မြဝတီရပ်ကွက်၊ ဟင်္သာတတက္ကသိုလ်ရှေ့။ |
| မအူပင် | ။ အမှတ်(၁၀)၊ (၅) ရပ်ကွက်၊ (၉) လမ်း၊ (မင်းလမ်းနှင့် အောင်ဇေယျလမ်းကြား)၊ မအူပင်မြို့။ |
| တောင်ငူ | ။ (ပန်းဒါတာသင်တန်း)၊ အမှတ်(၉)၊ (၂) ရပ်ကွက်၊ ရှုခင်စုရပ်၊ ဗိုလ်မှူးဖိုးကွန်းလမ်း။ |
| ပဲခူး | ။ ရွှေမြို့ဆောင်၊ ပဲခူးတက္ကသိုလ်ရှေ့ (အဆောင်ပေါက်)၊ ရန်ကုန် - မန္တလေးလမ်းမကြီး။ |



## အသားအရေထိန်းသိမ်းမှုကို ဂရုစိုက်ပါ

မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း



■ ဝက်ခြံကုသမှု အစီအစဉ်များ ...
■ ဝက်ခြံအမာရွတ် ကုသမှု ...
■ တင်းတိပ်၊ မဲ့ခြောက် ကုသမှု ...
■ မျက်နှာအရေးအကြောင်း ကုသမှု ...
■ အသားဖြူဝင်းခြင်းအတွက် ကုသမှု ...

အရေပြားအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်။ ဖုန်း - ၃၈၂၂၄၇၊ ၂၅၀၄၅

“ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့”

သံဝေဇနီယလေးဌာန (အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို(၂၀၀၃-၂၀၀၄)ခုနှစ်မှစတင်က(၁၃နှစ်)တိုင်အောင်မြင်စွာပို့ဆောင်ပေးခဲ့သော ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ သည်(၁၂ရက်-၁၅ရက်)ခရီးစဉ်များကိုစိတ်ချမ်းသာစွာဖြင့် ဘုရားဖူးသွားလိုသောရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။ *(၁၄ည/၁၅ရက်)ခရီးစဉ်များတွင်နယူးဒေလီ၌ဟိုတယ်(၂)ညတည်းခိုမည်ဖြစ်ပါသည်။*


(၁) ၂၆.၁၀.၂၀၁၅ (၂) ၁၁.၁၁.၂၀၁၅ (၃) ၂၃.၁၁.၂၀၁၅ (၄) ၉.၁၂.၂၀၁၅
(၅) ၂၁.၁၂.၂၀၁၅ (၆) ၆.၁.၂၀၁၆ (၇) ၂၅.၁.၂၀၁၆ (၈) ၈.၂.၂၀၁၆
(၉) ၁၅.၂.၂၀၁၆ (၁၀) ၂.၃.၂၀၁၆ (၁၁) ၁၄.၃.၂၀၁၆ **နေ့တွင်ထွက်ခွာပါမည်။**



**ဆက်သွယ်ရန်** - အမှတ် (၄၄)၊ လမ်းသစ်လမ်း(မော်ထင်လမ်း)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
☎ - ၂၀၁၉၄၄၊ ၂၀၁၉၅၅၊ ၂၂၅၉၀၅၊ ၂၂၅၉၈၉၊ ၂၂၂၇၂၀၊ ၂၂၉၃၀၅၊ ၂၂၇၇၀၂၊ ၂၂၇၇၀၃။

**Sri ASIA Tourism Service Co.,LTD.**
October - December ပြည်ပနိုင်ငံခြားခရီးစဉ်များ

✔စင်္ကာပူ ✔ထိုင်း ✔ဟောင်ကောင် ✔မကာအို ✔တရုတ်ပြည် ✔ဂျပန် ✔ဗီယက်နမ် ✔ကမ္ဘောဒီးယား ✔ဘာလီ ✔မော်(လ်)ဒိုက် ✔ဥရောပ
✔အမေရိကန် နှင့် ထိုင်းနိုင်ငံ၏အလှပဆုံးကျွန်းနှင့်တစ်ခြားလှပသည့်ခရီးစဉ်များ ✔Krabi ✔Phi Phi Island ✔Samui ✔Phuket ခရီးစဉ်များ။



MARITIME TRAINING CENTRE (PGI)

အောက်တိုဘာလတွင်ဖွင့်လှစ်မည့် CoC တန်းခွဲများအတွက် သင်တန်းအပ်နှံနိုင်ပါပြီ

FOLLOWING TRANING COURSE ARE AVAILABLE

**DMA Approved CoC Courses**

1. Deck Officer Class I (Master)
2. Deck Officer Class I & II Combined (Master & Chief Mate)
3. Deck Officer Class III (OOW)

**Ancillary Courses**

1. Electronic Chart Display & Information System
2. Advanced Medical Care Course
3. Medical First Aid Course
4. Ship Security Officer Course

**Revalidation Courses**

1. Management Level Revalidation Course ( Mate & Master )
2. Operational Level Revalidation Course ( 2nd Mate )

*No. (6), New Building, Dawbon Dockyard Road, Dawbon Township, Yangon.*
*Tel : +95-9-420184291*
*E-mail :myanmarpgi@gmail.com*
*mtc@myanmarpgi.com*

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **“Euromoney”** ၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ **ကမ္ဘောဇဘဏ်လီမိတက်** အား

EUROMONEY ACHIEVEMENT IN CSR 2015

## “Euromoney Achievement Award for Corporate Social Resposibility (CSR)”

ဆုကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် ပိုမိုပံ့ပိုးထောက်ကူလုပ်ဆောင်မှုများ ပြုလုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** အဖွဲ့အစည်း၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ

## ကမ္ဘောဇဘဏ်လီမိတက် အား

EUROMONEY
AWARDS FOR EXCELLENCE
2015

## " Best Bank in Myanmar - 2015 "

ဆုကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုထက်ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက်လည်း ပိုမိုထောက်ကူအကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

| | | |
|---|---|---|
| **အမည်ပြောင်း** အဖ ဦးကျော်စိုးမိုး၏ သား အမက(၁၀) စမ်းချောင်း၊ ပထမတန်း(A)မှ အာကာဖြိုးအား လှိုင်မင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **လှိုင်မင်းအောင်** | **ပျောက်ဆုံးကြောင်း** ကျွန်မ ဒေါ်ရွှေကော်ဆန်း[၁၃/လရန(နိုင်)၀၅၇၆၃၉]၏ သွင်းကုန်လိုင်စင်အမှတ် ISP 3 15_16 9112(9-9-2015)နှင့် ID No.748526(10-9-2015) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၁၃၉၉၉၂၀၀** | **ဖခင်အမည်မှန်** ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အေးမြသာယာ မြို့သစ်၊ (အထက)အင်္ဂမတန်း(A)မှ မခိုင်ဖြူဖြူထွန်းနှင့် တတိယတန်းမှ မသင်းရနံ့ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းညွန့်[၁၂/အစန(နိုင်)၁၅၁၁၂၉]ဖြစ်ပါသည်။ **ဦးထွန်းထွန်းညွန့်** |




Lenovo
လိုင်းဆွဲအားကောင်းမွန်ပြီး သုံးစွဲရလွယ်ကူသော
ဘက်စုံသုံး စမတ်ဖုန်းများ
အကောင်းမွန်ဆုံး ကင်မရာ စမတ်ဖုန်း
Lenovo VIBE Shot
၃၈၉,၀၀၀ကျပ်
မြန်မာစာပါဝင်ပြီး
(၁)နှစ် အာမခံ
MPT
telenor
မြန်မာနိုင်ငံရှိ ကွန်ရက်အားလုံးနှင့် အသုံးပြုနိုင်သည်
5" Display
1.7GHz (CPU)
3GB(Memory)
16 MP(Back), 8 MP(Front)Camera
32GB(Storage)
Qualcomm snapdragon
အလင်းမလုံလောက်သောအချိန်တွင် ကင်မရာတုန်ခါမှုကို လျှော့ချပေးနိုင်ပြီး အကောင်းမွန်ဆုံး ပုံထွက်ကို ရရှိစေနိုင်သော လုပ်ဆောင်ချက်ပါရှိခြင်း
ပြတ်သားမှုနယ်ပယ်ကို အမြန်ဆုံးဖမ်းယူအသုံးချနိုင်သောလုပ်ဆောင်ချက်
အလင်းဝင်ရောက်မှုကို လိုသလို ထိန်းချုပ်အသုံးပြုနိုင်သော လုပ်ဆောင်ချက်
အသင့်အသုံးပြုနိုင်သော ကင်မရာလုပ်ဆောင်ချက်များနှင့် စိတ်တိုင်းကျ ထိန်းချုပ်အသုံးပြုနိုင်သော လုပ်ဆောင်ချက်များ
Lenovo A7000
MEDIATEK
၁၈၉,၀၀၀ကျပ်
Processor 1.5GHz Octa Core
Memory 2GB
Storage 8GB
Camera 8Mp (Back), 5Mp(Front )
Display 5.5"
Lenovo VIBE X2
MEDIATEK
၂၉၉,၀၀၀ကျပ်
Processor 1.2GHz Quad Core
Memory 2GB
Storage 32GB
Camera 13Mp (Back), 8Mp(Front )
Display 5"
Lenovo A6000
၁၄၉,၀၀၀ကျပ်
Processor 1.2GHz Quad Core
Memory 1GB
Storage 8GB
Camera 8Mp (Back), 2Mp(Front )
Display 5"
Lenovo S60
၂၁၉,၀၀၀ကျပ်
Processor 1.2GHz Quad Core
Memory 2GB
Storage 8GB
Camera 13Mp (Back), 5Mp(Front )
Display 5"
DCD
Authorised Distributor
www.lenovo.com/mm
www.facebook.com/lenovo.mm

ကြော်ငြာ


LIFAN
Enjoy Lifan
Enjoy Life
"လူကြီးမင်း၏ နွေးထွေးသောကရုဏာဖြင့်၊ အနာဂတ်မျှော်လင့်ချက်အလင်းတန်း"
Lifan ၏ Customer များနှင့်အတူ Lifan မော်တော်ဆိုင်ကယ်၏ တတိယအကြိမ်မြောက် လှူဒါန်းပွဲကို "အိမ်မဲမြို့လူငယ်ဖွံ့ဖြိုးရေးစခန်း" သို့ ကျောင်းသုံးစာရေးကိရိယာများ၊ အသုံးအဆောင်ပစ္စည်းများ နှင့် အာဟာရဒါန တို့ကို လှူဒါန်းခဲ့ပါသည်။
အလားတူနေရာများသို့ လစဉ်လတိုင်း လှူဒါန်းသွားမည်ဖြစ်ပါသောကြောင့်
"အနာဂတ်လေးများအတွက် လက်တွဲကူဖို့ Lifan ဆိုင်ကယ်စီးကြစို့"
လူကြီးမင်း၏ ပူးပေါင်းပါဝင်မှုကို စောင့်ကြိုလျက် "လူကြီးမင်း၏နွေးထွေးသော ကရုဏာ၊ ကြည်နူးဖွယ်ကောင်းသောအပြုံး"
အသေးစိတ်သိရှိလိုပါက - ဆက်သွယ်ရန်ဖုန်း - ၀၁-၆၈၃၃၂၇၊ ၆၈၃၃၂၉၊ ၀၂-၅၁၅၃၄၅၄၊ ၀၉-၈၆၂၂၀၃၉
မန္တလေးရုံး - အမှတ် ဘီ-၂/အော၊ ၆၂လမ်း၊ ၇၈လမ်းသွယ်၊ စက်မှုပန်းခြံလမ်း၊ မန္တလေးမြို့။
Lifan Myanmar Motorcycle "Honlei"
Lifan Motorcycle Myanmar


TOSHIBA
Leading Innovation >>>
Personal Video Recording ပါဝင်သော
မြန်မာဘာသာနှင့် ဒစ်ဂျစ်တယ်တီဗွီ
L2550 Digital SERIES
REC PERSONAL Video RECording
ပထမဆုံးအကြိမ် ထွက်ပေါ်လာသော L 25 Digital TV ၏ မျက်နှာပြင်ဖန်သားပေါ်တွင် မြန်မာဘာသာ Menu ဖြင့် ကြည့်ရှုနိုင်ပါပြီ။ မိမိ၏ မိခင်ဘာသာ စကားဖြင့် TV တွင် ပါရှိသောအချက်အလက်များကို အသေးစိတ်လေ့လာနိုင်ပြီး၊ Setting ထဲသို့ ဝင်ရောက်ကာ လိုအပ်သလို အသုံးပြုနိုင်ပါသည်။ ထို့အပြင် အလုပ်များနေသောအချိန်များတွင် အရေးကြီးသည့် လုပ်ဆောင်ဖွယ်ရာ ကိစ္စအဝဝကို ရွှေ့ဆိုင်းစရာမလိုဘဲ သင်ကြိုက်နှစ်သက်ရာ TV အစီအစဉ်များအား Personal Video Recording လုပ်ဆောင်ချက်ဖြင့် မိမိအဆင်ပြေသည့်အချိန်တွင် ပြန်လည်ကြည့်ရှုနိုင်ရန် သိမ်းဆည်းထားနိုင်ပါသည်။
တီဗွီကြည့်ခြင်းသည် အထူးတလည်စောင့်ကြည့်ရသည့် ဖျော်ဖြေရေးမဟုတ်တော့ပါ။ L25 Digital TV တွင်ပါဝင်သော ထူးခြားသည့် အချက်အလက်များကို ကောင်းမွန်စွာ အသုံးချပြီး ရုပ်သံကြည့်ရှုမှု အတွေ့အကြုံကို မြှင့်တင်လိုက်ပါ။
Pro Theatre
Engineered in JAPAN
အသေးစိတ်ကို TOSHIBA SHOWROOM အမှတ် ၁၄၆/၁၅၂၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၂၅၂၉၉၀၊ ၀၁ ၂၅၂၉၉၁ သို့ လာရောက်ကြည့်ရှုဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပို့ဆောင်ရေးဝန်ကြီးဌာန
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## အိတ်ဖွင့်လေလံ(Open Bidding)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းနှင့် ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းတို့မှ သံပြား၊ သံကိုင်းဟောင်းခန့်မှန်းအလေးချိန် (၂၁၇)တန်ခန့်အား တည်ရှိရာဒေသနှင့် အခြေအနေအလိုက် လက်ရှိမျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံ (Open Bidding)စနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံဖွင့်ပွဲကို ၂၉-၉-၂၀၁၅ရက် ၁၄း၀၀နာရီတွင် ကျင်းပပါမည်။

၃။လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၈-၉-၂၀၁၅ရက်မှ ၂၈-၉-၂၀၁၅ရက်အတွင်း အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်) ပထမထပ်၊ စီမံရေးရာဌာနတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**သံပြား၊ သံကိုင်းဟောင်းများ ထုခွဲရောင်းချရေးအဖွဲ့.**

## တေဇ(၁၂)မှသူငယ်ချင်းများသို့

သင်တန်းဆင်း နှစ်(၃၀)ပြည့် ငွေရတုအထိမ်းအမှတ်အဖြစ် ကျဆုံး၊ ကွယ်လွန်သွားသောသူငယ်ချင်းများအား ရည်စူး၍ အလှူဒါနများပြုလုပ်ပြီး သူငယ်ချင်းမိသားစုများ ခင်မင်ရင်းနှီးစွာတွေ့ဆုံမည့် မိတ်ဆုံစားပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါ၍ မိသားစုဝင်များနှင့်အတူ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | အလှူဒါနပြုလုပ်မည့်အစီအစဉ် | မိတ်ဆုံစားပွဲပြုလုပ်မည့်အစီအစဉ် |
|---|---|---|
| နေ့ရက် | -၂၀-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) | ၂၀-၉-၂၀၁၅(တနင်္ဂနွေနေ့) |
| အချိန် | -နံနက်(၉)နာရီ | ညနေ (၆)နာရီ |
| နေရာ | -နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဗဟန်းမြို့နယ် | M-3 Food Center၊ ဗဟန်းအားကစားကွင်းအနီး။ |

**လျှပ်တစ်ပြက်ဂေါက်ရိုက်ပြိုင်ပွဲ**
**၁၉-၉-၂၀၁၅ရက် (စနေနေ့) မွန်းတည့် ၁၂နာရီ၊**
**(တပ်မတော်ဂေါက်ကွင်း)**

**GOLDEN STAR** Travels & Tours
- ပုပ္ပါး(ဖွယ်တော်လေးဆူ)-ပုဂံ(အဘထွက်ပွဲ)-ပုဂ္ဂုလ် Sep-28,29
( Popa Mountain Resort , Myanmar Treasure Hotel )
- တောင်ကြီး-အင်းလေး(တော်တော်ဦးဘုရား)-ပင်းတယ Oct-23,25
- ကျိုက်ထီးရိုး/ရွှေသောင်းသာ/ငွေဆောင်(နေ့စဉ်)

Ph;01-544383, 209200, 430480, 703448, 705968

**ဓမ္မအလင်း** တရားအသံတော်ဖြန့်ချိရေး
(MP3 စက်၊ USB-Micro Stick) တရားအသံတော်များကို သက်သာသောနှုန်းဖြင့် ဆောင်ရွက်ပေးပါသည်၊ 01 - 200747-1315, 09 - 73009841
ယဉ်ယဉ်မိသားစု - L7 - ယုဇနပလာဇာ၊ မြေညီ၊ ဝင်ပေါက် (22)

## ၃ နှစ်ပြည့် အထူးဈေးရောင်းပွဲတော်

(Karat Silk)

၁၉.၉.၂၀၁၅ (စနေနေ့) မှ ၂၁.၉.၂၀၁၅ (တနင်္လာနေ့) အထိ KARAT SILK ၏ ကိုယ်ပိုင်ဒီဇိုင်း မြန်မာ့ပိုးစစ်ချိတ် အမျိုးမျိုး၊ ပိုးစစ်ပုဆိုးအမျိုးမျိုး၊ ပွဲထိုင်ပုဝါအမျိုးမျိုး၊ ကွန်ပျူတာပန်းထိုးဒီဇိုင်းအမျိုးမျိုးနှင့် အရည်အသွေးမြင့် ဒီဇိုင်းစုံဇာအမျိုးမျိုးတို့ကို ၅% မှ ၅၀% အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါကြောင်း KARAT SILK ကို အားပေးခဲ့ကြသော မိတ်ဟောင်းများ နှင့် လာရောက် အားပေးကြမည့် မိတ်သစ်များအား သတင်းကောင်းပါး၍ ဖိတ်ခေါ်အပ်ပါသည်။

အချိန် - မနက် (၁၀)နာရီမှ ညနေ(၇)နာရီအထိ
နေရာ - 42/D, ပန်တျာလမ်း (ဦးဝိစာရလမ်းနှင့်ရွှေတိဂုံဘုရားလမ်းကြား)၊ ဒဂုံမြို့နယ်။
Ph : 01-375901, 09-73344556

**ကား** မျိုးစုံ
(Alphard/Crown/MarkII/အနံတဝဲ/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph : 09795549249, 095418126

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-6809893
09-6819020




**ကိုသန့်ဇင်**
**CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

**ဆုပြည့်** 0931815390,0931815395,09792432296
ဆုပြည့် မှ (၆၃)ကြိမ်မြောက်အဘထွက်ပွဲ Sept 28
အဘထွက်ပွဲ၊ပုပ္ပါး(သီးသန့်)(၁/၂)(ထမင်းကျွေး)35000
အဘထွက်ပွဲ၊ပုပ္ပါး၊ပုဂံ(ဖွယ်တော်လေးဆူ)၊ညောင်ဦး(၄/၅)55000
အဘထွက်ပွဲ၊ပုပ္ပါး၊မန္တလေး၊ပြင်ဦးလွင်(၄/၅)65000 ကြိုတင်လက်မှတ်

" စီးပွားရေးနှင့် အင်ဂျင်နီယာဘွဲ့ ကြိုသင်တန်းသား လျှောက်လွှာခေါ်ယူခြင်း "

STI MYANMAR UNIVERSITY

**Faculty of Business**
- Bachelor of Business
- Bachelor of Business Administration
- Bachelor of Accounting

**Faculty of Engineering**
- Bachelor of Civil & Architectural Engineering
- Bachelor of Electronic Engineering

https://www.facebook.com/STI-Myanmar-University
www.stiedu.net
Email: enquiry@stiedu.net

- တက္ကသိုလ်ဝင်တန်း (သို့မဟုတ်) IGCSE အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်၊
- STI MU ၌ ဒုတိယနှစ်အောင်မြင်ပြီးပါက တတိယနှစ်ကို အင်္ဂလန်နိုင်ငံရှိ University of Bedfordshire ၌ဖြစ်စေ၊ ဟောင်ကောင်အစိုးရတက္ကသိုလ်ဖြစ်သည့် The Open University of Hong Kong ၌ဖြစ်စေ ဆက်လက်တက်ရောက်နိုင်ပါသည်၊
- တတိယနှစ်ကို STI MU ၌ တက်ရောက်နိုင်ပြီး အောင်မြင်ပါက အဆိုပါ တက္ကသိုလ်များ၏ ဘွဲ့နှင်းသဘင်သို့ တက်ရောက်နိုင်ပါသည်၊
- ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်၊






ကြော်ငြာ

ရမ္မာ့ဂေဟာ Sep-28
(၆၃)ကြိမ်မြောက်အဘထွက်ပွဲ(သီးသန့်)
အဘထွက်ပွဲပုဂံညောင်ဦးပခုက္ကူ
အဘထွက်ပွဲပုဂံ-တောင်ကြီး
09-5194608,09-73177727,09-252899887

လပြည့် 09-50-37438
532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်
ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

# School of Engineering



အင်္ဂလန်နိုင်ငံ တက္ကသိုလ်များမှ အင်ဂျင်နီယာသိပ္ပံဘွဲ့များကို ရရှိရန်
အသက်မွေးဝမ်းကျောင်းပညာ (Vocational Training) အလေးပေးသော
MCC Polytechnic များတွင် တက်ရောက်သင်ကြားနိုင်ပါသည်။

**Middlesex University (UK)**

- B.Sc (Design Engineering)
- B.Engg (Computer System Engineering)




**Birmingham City University (UK)**

- B.Engg (Mechanical Engineering)
- B.Engg (Electrical Engineering)
- B.Sc (Hons) (Construction Management)
- B.Sc (Hons) (Architecture Management)



**Hot-Line: 01-246634, 01-2304156**

MCC Polytechnic (Yangon) - 01-245762, 249152, 395512
MCC Polytechnic (Mandalay) - 09-402671562, 09- 788411256
MCC Polytechnic (Naypyitaw) - 09-31354842, 09-254148940
MCC Polytechnic (Monywa) - 09-265 333 120, 071 -23509
MCC Polytechnic (Yatanarpon) - 02-5178112, 02-5178132

Enroll Now!

VAC® VALUE ADDED CONSULTANCY မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်ခေါ်နေပြီ

**Job Openings for Foreign Firms**

**Engineering Asst Manager** - Bago - USD 1200++ M(1)
- BE / GTI ( ME / EP ), 10yrs Exp in Factory Background & FMCG Field, Fluent in English;

**Sales / Service Engineer** - German Co - SG Co M(10)
- BE / GTI ( ME / EP / EC / MC ), 2yrs Exp in Heavy Machinery Field; Fluent in English;

**Microwave Engineer** - Thai Co - Any Engg Degree , Exp in Telecom Field; M(5)

**Site Supervisor** - Ygn - Npt - USD 300 ~ 450 M(5)
- Any Grad, 2yrs Exp in Construction & Telecom Field, Can Speak English;

**Safety Supervisor** - Japan Co - USD 500 - 3yrs Exp in Construction Field; M(1)

**Surveyor** - Japan Co - Any Grad, 2yrs Exp in Relevant Field; M(1)

**IT Executive** - Switzerland Co - USD 800 M(1)
- B.C.Sc / BE ( IT ) / Any Grad, 5yrs Exp in IT Field; Fluent in English;

**Sr IOS Mobile Developer** - Japan Co - USD 600 (1)
- B.C.Sc / BE ( IT ) / Any Grad, 5yrs Exp in PHP, .Net, Andriod Software Field; Fluent in Eng;

**Civil / Site Engineer** - Japan Co - Yangon - Mandalay M(10)
- BE / GIT ( Civil ), 3yrs Exp in Construction Field, Can Speak English;

**Site Engineer** - BE/GIT( Civil ), 3yrs Exp in Telecom Field, Can Speak English; M(10)

**Sr Interior Designer** - Canada Co - B.Arch , 5yrs Exp, Can Speak English; M(1)

**Design Engineer** - SG Co - BE / GTI ( Civil ) , 2yrs Exp in Relevant Field; (1)

**Architect** - Japan Co - French Co - M.Arch / B.Arch , 3yrs Exp in Relevant Field; (3)

**Telecom / Site Engineer M(300)**
- BE / B.Tech / AGTI ( Civil / EP / EC ), 1 ~ 5 yr Exp; Can Speak English Language;
( ထွံတေး၊ မန္တလေး၊ သီပေါ၊ ကျောက်မဲ၊ ဆင်ပေါင်ဝဲ၊ တန့်ဆည်၊ မကွေး၊ မင်းဘူး၊ ပုသိမ်၊ ဟသင်္တာ၊ ကော့ကရိတ်၊ မြဝတီ၊ တနင်္သာရီ၊ မြိတ်၊ မော်လမြိုင်၊ လှိုင်ကော်၊ တောင်ကြီး၊ လားရှိုး၊ လှိုင်လင်၊ မြစ်ကြီးနား၊ ဖိုးညွှန်း )

E-mail ဖြင့် အလုပ်လျှောက်နိုင်သည်။ CVကို MicroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ Like Value Added Consultancy

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094




ကျွန်းနသော အစားသုံး
အခန်းကာ လှျာထိုး




ရေစိုခံ
ဈေးနှုန်း
သက်သာ

» ရန်ကုန် (ဘောင်ဆန်းကွင်း) မင်္ဂလာတောင်ညွန့်။
ဖုန်း - 09 730 84 840 , 09 730 84 841
» ရန်ကုန် (သီရိရတနာ) မြောက်ဥက္ကလာပ။
ဖုန်း - 09 79 700 70 88,09 79 700 70 99
» ရန်ကုန် (လေးထောင့်ကန်) သမ်္မန်းကျွန်းမြို့နယ်။
ဖုန်း - 09 79 700 70 73 , 09 79 700 70 83
» (မန္တလေး) ၈၂ လမ်း ( ၃၄ လမ်း နှင့် ၃၅ လမ်းကြား )
ဖုန်း - 09 3311 6626 , 09 3322 6636
» ( ပဲခူး ) တမင်ရွှေထီးလမ်း၊ မဟာမြိုင်ပွတ်တိုင်။
ဖုန်း- 09 79 700 70 75 , 09 79 700 70 85
» (နေပြည်တော်) ဇက်ဂျီလမ်း ၊ ပုဗ္ဗသီရိ ။
ဖုန်း- 09 730 84 844 , 09 795900 146
» (ပေါက်ပြင်) မြေနီကုန်း အဝေးပြေးကားဝင်းအနီး။
ဖုန်း - 09 79 58 999 80 , 09 79 58 999 81
» (တောင်ကြီး) ရွှေသူငွေကုန်း။
ဖုန်း - 09 79 700 70 79 , 09 79 700 70 89
» (မုံရွာ) ဗိုလ်ချုပ်လမ်း။
ဖုန်း -09 79 700 70 87 , 09 79 700 70 97

ရန်ကုန်လမ်းညွှန်
The YANGON DIRECTORY 2016
အတွက်
ကြော်ငြာလက်ခံမည့် နောက်ဆုံးရက်မှာ...
(၃၀.၉.၂၀၁၇)




Number One Directory In Myanmar




ဘာပဲလိုလို ?
Everything U Need

SALES: 01-250 700

www.yangondirectory.com | The Yangon Directory Office No. 614, 1st Floor (Left), Mahabandoola Road, Latha Tsp, Yangon, Myanmar.

Hot Line No-0930500100

# နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးနှင့် (၂၁)ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမကြီးဆိုင်ရာများ ဆွေးနွေး



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

**နန်နင်း စက်တင်ဘာ ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ နန်နင်းမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ထွက်ခွာရာ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် အတူ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ကချင်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများ လိုက်ပါလာသော လေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီတွင် နန်နင်းမြို့သို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကွန်မြူနစ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ကွန်မြူနစ်ပါတီကော်မတီပြန်ကြားရေးဌာန ဥက္ကဋ္ဌ မစ္စတာ ရှင်ပေဟိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ခေတ္တတည်းခိုမည့် လိယွမ်အစိုးရ ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာကျန်းကောင်းလိနှင့် လိယွမ်အစိုးရဧည့်ဂေဟာခန်းမ၌ တွေ့ဆုံသည်။

အဆိုပါ နှစ်နိုင်ငံတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ကျန်းကောင်းလိနှင့်အတူ **စာမျက်နှာ ၅ ကော်လံ ၁ သို့●**

## အိုဇုန်းလွှာကိုထိန်းသိမ်း

စာမျက်နှာ - ၂

## ရွေးကောက်ပွဲတွင် ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ မျှမျှတတဆောင်ရွက်

စာမျက်နှာ - ၇

## အမှိုက်မီးရှို့စက် အသုံးပြုခြင်းဖြင့် ရရှိလာသော အကျိုးသက်ရောက်မှု

စာမျက်နှာ - ၁၁

## ဘက္ကရီအီးဒ်နေ့

**နေပြည်တော် စက်တင်ဘာ ၁၇**

၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၁၂ရက် (၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ရက်) သောကြာနေ့သည် အီဒွလ်အသွာဟာ(ဘက္ကရီအီးဒ်)နေ့ ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်သည်။ **(ကြေးမုံ)**



# အိုင်ကလောင်ကျွန်းနှင့် ဘောလည်ကျွန်းတို့ ရေကြီးရေလျှံခြင်းမှာ ပန်းလှိုင်မြစ်ပိတ်တမံနှင့် သက်ဆိုင်ခြင်းမရှိဟုဆို

**ရန်ကုန် စက်တင်ဘာ ၁၇**

ပန်းလှိုင်မြစ်ပိတ်တမံအား ဖွင့်ပေးလိုက်ပါက ပန်းလှိုင်မြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများအပါအဝင် ဒေသခံတောင်သူများ၏ လယ်ဧကတစ်သိန်းကျော်မှာ အချိန်မရွေး ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)မှ အင်ဂျင်နီယာများက ပြောကြားသည်။

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးလုပ်ငန်းတွင် လှိုင်မြစ်ဝနှင့် ဆက်စပ်နေသော အဓိကကျသည့် လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းလမ်းဆုံမှ ပန်းလှိုင်မြစ်အားဖြတ်သန်းကာ တွံတေးမြို့နယ် ဝါးရုံဆိပ်ကျေးရွာအုပ်စု နံပါတ်(၅)ရွာအထိ ပေ ၁၂၅၀ ရှည်သော ပန်းလှိုင်မြစ်ကြောင်းအား ပြန်လည်တူးဖော်ပြီး ဇွန် ၂၃ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖွင့်လှစ်လိုက်သည့်အတွက် မြစ်ကြောင်းဝန်းကျင်နေ ကျေးရွာများမှာ ရေကြီးရေလျှံမှုများမှ ကင်းလွတ်ကာ လယ်ယာမြေများကောင်းစွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိနေကြပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတစ်လျှောက် အရှည် ၃၄ မိုင် ဖြင့်စီးဆင်းနေသော ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးလုပ်ငန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ ပန်းလှိုင်မြစ်တည်ရှိရာနေရာဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီး ကုက္ကိုဝမြစ်နှင့်ထိစပ်နေသည့် ပန်းလှိုင်မြစ်ဝထိပ်တမံပိတ်ထားမှုကြောင့် ကုက္ကိုဝမြစ်တစ်ဖက်ကမ်းရှိ စံကင်းကျွန်းနှင့် အနီးအနားကျေးရွာများမှ ဒေသခံများက မိုးရာသီ ကုက္ကိုဝမြစ်ရေ မြင့်တက်နေမှုအပေါ် မြစ်ရေ၊ ကွင်းရေများ ပြန်လည်ကျဆင်းစေရေးအတွက်မဲဇလီ-ပန်းလှိုင် မြစ်ပိတ်တမံအားဖွင့်လှစ်ပေးစေလိုကြောင်း သိရသည်။

ထိုအတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံချွန်အားတွေ့ဆုံမေးမြန်းရာ ၎င်းက"ရေနစ်မြုပ်တယ်လို့ဆိုတဲ့ စံကင်းကျွန်းဧရိယာက ကျွန်တော်တို့တူးဖော်တဲ့ ပန်းလှိုင်မြစ်ကြောင်းဧရိယာထဲမှာ မပါပါဘူး၊ စံကင်းကျွန်းနဲ့ ထိစပ်နေတဲ့ ကုက္ကိုဝမြစ်ရေကြီးပြီး ရေလျှံတက်လို့ **စာမျက်နှာ ၆ ကော်လံ ၃ သို့○**

# အာရှယူ-၁၉ ခြေစစ်ပွဲအတွက် မြန်မာယူ-၁၉ အသင်း ထိုင်းနှင့် ခြေစမ်းမည်

သတင်းနှင့် ဓာတ်ပုံ - ချစ်ကိုကို

**ရန်ကုန် စက်တင်ဘာ ၁၇**

စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကျင်းပမည့် အာရှယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၁၉ အသင်းသည် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ **စာမျက်နှာ ၅ ကော်လံ ၆ သို့☆**






themirror.npt@gmail.com
www.facebook.com/themirrordaily

## မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်

### မဲဆန္ဒရှင်တစ်ဦး၏ တာဝန်

(က) ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကိုကြေညာသည့်အခါ သက်ဆိုင်ရာမဲစာရင်းတွင် မိမိ၏အမည် ပါဝင်ခြင်း ရှိ၊ မရှိကို လာရောက်ကြည့်ရှုရန်၊

(ခ) မဲရုံတွင် မဲရုံမှူးက တာဝန်အရညွှန်ကြားခြင်းကို လိုက်နာရန်။

### မဲဆန္ဒရှင်တစ်ဦး ဆောင်ရန်အချက်များ

(က) ဆန္ဒမဲလက်မှတ်ကို ကိုယ်တိုင်လာရောက်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြု၍ မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည်။

(ခ) ဆန္ဒမဲလက်မှတ်ထုတ်ယူခြင်းမပြုမီ မဲစာရင်း၌ တာဝန်ရှိသူက ပြသသောနေရာတွင် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုရမည်။

(ဂ) မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုသာ ဆန္ဒမဲပေးရမည်။

(ဃ) မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးရမည်။

(င) ဆန္ဒမဲလက်မှတ်ရရှိလျှင် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိပေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ အမှန် (✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရမည်။

(စ) မိမိဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်ကိုခေါက်၍ သတ်မှတ်ထားသည့်မဲပုံးအတွင်းသို့ ထည့်ရမည်။

(ဆ) ဆန္ဒမဲပေးခြင်းအားလုံးပြီးဆုံးလျှင် နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် တာဝန်ရှိသူက ညွှန်ကြားသည့်အတိုင်း လက်ချောင်းတစ်ချောင်းတွင် မင်တို့ခြင်းပြုလုပ်ရမည်။

### မဲဆန္ဒရှင်တစ်ဦး ရှောင်ရန်အချက်များ

**မဲဆန္ဒရှင်တစ်ဦးသည် -**

(က) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား မပေးရ။

(ခ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ မထည့်သွင်းရ။

(ဂ) အသုံးပြုဆဲဖြစ်သောမဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်းမပြုရ။

(ဃ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲမပေးရ။

(င) ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲမပေးရ။

(စ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။

(ဆ) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် ဆန္ဒမဲလက်မှတ်ပေါ်၌ အမှတ်အသားတစ်စုံတစ်ရာ မပြုလုပ်ရ။

(ဇ) ဆန္ဒမဲလက်မှတ်ကို မဆုတ်ဖြဲရ။

(ဈ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကို ဖြစ်စေ၊ အများကိုဖြစ်စေ၊ မဲပုံးအတွင်းသို့ မထည့်သွင်းရ။

(ည) ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ။

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**




**ရွေးကောက်ပွဲကျင်းပရန် ၅၁ ရက်သာ လိုတော့သည်။**

# အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ(NDPD)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ(NDPD)ဥက္ကဋ္ဌ ဦးမောင်မောင်နီက ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား-**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်ကတော့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (NDPD)ရဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်နီဖြစ်ပါတယ်။ ကျွန်တော် ယခုတင်ပြမှာကတော့(NDPD) ပါတီကိုယ်စား ပါတီရဲ့ မူဝါဒသဘောထားအကျဉ်းချုပ်နဲ့ လုပ်ငန်းစဉ်အချို့ပဲဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် သမိုင်းအဆက်ဆက်မှာ ပြည်ထောင်စုဖွား အားလုံး အေးအတူပူအမျှ ဥမကွဲ သိုက်မပျက် အတူတကွ လက်တွဲနေထိုင်ခဲ့ပြီး လူမျိုးမရွေး ဘာသာမရွေး အလွှာအသီးသီးတို့က နယ်ချဲ့တို့ကြောင့် ဆုံးရှုံးခဲ့ရတဲ့ လွတ်လပ်ရေးကို ပြန်လည်ရယူဖို့ တိုက်ပွဲဝင်ခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာလည်း ဒီမိုကရေစီထွန်းကားတဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်ဖို့ ပြည်ထောင်စုဖွားအားလုံး ကြိုးပမ်းခဲ့တယ်။

ယခုလည်းပဲ ပြည်ထောင်စုဖွား ပြည်သူပြည်သားအားလုံးက ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရန်ဆန္ဒပြုထားသည့်အတိုင်းပဲ ကျွန်ုပ်တို့ပါတီအနေဖြင့်လည်း ဒီမွန်မြတ်တဲ့ဆန္ဒကို အကောင်အထည်ဖော်ဖို့ ကြိုးပမ်းဆောင်ရွက်ဖို့ ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

**ဒီမိုကရေစီမြတ်နိုးတဲ့ မိဘပြည်သူများခင်ဗျား-**

ကျွန်တော်ယခုတင်ပြမှာကတော့ ပါတီရဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ပြည်ထောင်စုဖွားလူမျိုးအားလုံး လူမျိုး၊ ဘာသာ၊ ဒေသအဆင့်အတန်းခွဲခြားမှုမရှိဘဲ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှခြင်းတည်းဟူသော လောကပါလတရားများကို အခြေပြုတဲ့ မြန်မာ့လူ့ဘောင်သစ်တစ်ရပ် ဖော်ဆောင်ပြီး ထာဝစဉ်တည်တံ့ နိုင်ရေးအတွက် ပါတီအနေနဲ့ ဦးတည်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါတယ်။

ဒ့ါအပြင် ပြည်ထောင်စုဖွားအားလုံး အချင်းချင်း မလိုမုန်းတီးမှုဖြစ်ပေါ်စေသည့် ပယောဂများ ဖန်တီးမှုများချုပ်ငြိမ်းစေပြီး အတူတကွ လက်တွဲနေထိုင်ခဲ့သည့် အစဉ်အလာရှိသည့်အတိုင်း စိတ်ညီ၊ လက်ညီ၊ ညီညီညွတ်ညွတ်ဖြင့် ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် ပြုစုပျိုးထောင်သွားရန်လည်း ရည်ရွယ်ပါတယ်။

ပြည်ထောင်စုကြီး၊ စည်းလုံးညီညွတ်မှုနဲ့ အချုပ်အခြာအာဏာကို မထိခိုက်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ရန် ပါတီအနေဖြင့် ရည်ရွယ်ပါတယ်။

ဖော်ဆောင်ပြီးတဲ့ နိုင်ငံတော်သစ်နဲ့ မြန်မာ့လူ့ဘောင်သစ်ကို ပြည်ထောင်စုဖွားအားလုံးနဲ့အတူ ညီညီညွတ်ညွတ်ဖြင့် အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက် ပြုစုပျိုးထောင်သွားဖို့လည်း ဒီပါတီအနေနဲ့ ရည်ရွယ်ထားပါတယ်။

ပြည်ထောင်စုဖွားလူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း အပြန်အလှန် အသိအမှတ်ပြုမှု၊ ချစ်ကြည်လေးစားမှု၊ စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု ရရှိကြစေရေးနဲ့ နားလည်မှုတည်ဆောက်ရေးကိုလည်း ကျွန်တော်တို့ပါတီအနေနဲ့ ရည်ရွယ်ထားပါတယ်။

**လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား-**

အထက်ပါရည်ရွယ်ချက်များ အောင်မြင်နိုင်ရေးအတွက် အောက်ပါ နိုင်ငံရေးလုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံသားတိုင်း စည်းကမ်းပြည့်ဝသည့် မြန်မာ့လူ့ဘောင်နဲ့ ကိုက်ညီသော ဒီမိုကရေစီ ဖော်ဆောင်ရေးကို ချစ်မြတ်နိုး၍ အစဉ်လေးစားလိုက်နာရန် စည်းရုံးသွားမည်။

မြန်မာ့လူ့ဘောင်အတွက် အကျိုးမပြုတဲ့အတွေးအခေါ် အယူအဆများ ပပျောက်ချုပ်ငြိမ်းအောင် ပညာပေးစည်းရုံးသွားမည်။

မည်သည့်အကြမ်းဖက်ဝါဒနှင့် အခြားလက်ဝဲလက်ယာ အစွန်းရောက်သည့်ဝါဒမျိုးကိုမဆို အစဉ်အမြဲ ဆန့်ကျင်သွားမည်။

လောကပါလတရားကို အခြေပြုသည့် မြန်မာ့လူ့ဘောင်သစ်ကို အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ပြည်ထောင်စုဖွားလူမျိုးပေါင်းစုံ၊ အလွှာအသီးသီးတို့နှင့် တွေ့ဆုံဆွေးနွေးရေး အပြန်အလှန် ချစ်ကြည်မှုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။

ရွေးကောက်ပွဲမှာ မိမိတို့ပါတီနှင့် ပူးပေါင်းဆောင်ရွက်လိုသော(သို့) အားပေးကူညီသောပါတီများ၏ ကိုယ်စားလှယ်လောင်းများကို အားပေးကူညီသွားမည်။

တစ်နိုင်ငံလုံးရှိ မဲဆန္ဒရှင်များက တိုက်ရိုက်ရွေးချယ်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားကိုယ်စားလှယ်များနဲ့ပူးပေါင်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သွားမည်။

ပြည်ထောင်စုဖွား လူမျိုးအားလုံး၊ လူမျိုးဘာသာအဆင့်အတန်းခွဲခြားမှု မရှိသော တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှခြင်းနှင့်ပြည့်စုံသည့် မြန်မာ့လူ့ဘောင်သစ်တစ်ရပ်ကို ဖော်ဆောင်သွားမည်။

ပြည်ထောင်စုဖွား ပြည်သူပြည်သားအားလုံး ပြည်ထောင်စုတစ်ဝန်းလုံးတွင် လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားအသက်မွေးဝမ်းကျောင်းပြုနိုင်ရေးကို ဆောင်ရွက်သွားမည်။

**လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား-**

ဆက်လက်ပြီးတော့ နိုင်ငံခြားရေးမူဝါဒကို တင်ပြမှာဖြစ်ပါတယ်။

တစ်နိုင်ငံနဲ့တစ်နိုင်ငံ (အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်) အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနဲ့ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးကို အခြေခံတဲ့ ဘက်မလိုက်ပေါ်လစီကို ကျင့်သုံးမယ်။

**ပညာရေးကဏ္ဍကို တင်ပြရမယ်ဆိုရင်** နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးမြင့်တဲ့ ပညာရေးဟာ အဓိကပဲ။ လူတစ်ဦးချင်းရဲ့ ပညာအရည်အသွေးတွေ မြှင့်တင်ပေးဖို့လိုပါတယ်။ ဒ့ါကြောင့် Teacher Oriented System ကနေ Student Oriented System ကို ဖော်ဆောင်ကြိုးပမ်းအားထုတ်သွားပါမယ်။ အခြေခံပညာကိုမသင်မနေရ ပြဋ္ဌာန်းသွားမယ်။ နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် ခေတ်မီဘက်စုံပညာရေးထွန်းကားအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**စီးပွားရေးကဏ္ဍကိုတင်ပြရမယ်ဆိုရင်** ပြိုင်ဆိုင်မှုရှိတဲ့ဈေးကွက်စီးပွားရေးစနစ်ကို အားပေးသွားပါမယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ များစွာအရေးပါပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် "လွတ်လပ်သော အမျိုးသားစီးပွားရေးမူဝါဒ"ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားပါမယ်။ အခြေခံမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင် Joint Venture တို့ကို ဆောင်ရွက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာအောင် စည်းရုံးသွားပါမယ်။ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပုဂ္ဂလိက ဆေးရုံများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားပါမယ်။ Health Insurance System တစ်ခုရေးဆွဲပြဋ္ဌာန်းပြီး စွမ်းဆောင်အကောင်အထည်ဖော်သွားပါမယ်။

**လယ်ယာကဏ္ဍကိုတင်ပြရရင်** လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တိုးတက်ပြောင်းလဲနိုင်ရန် ကူညီပံ့ပိုးသွားပါမယ်။ လယ်ယာထွက်ကုန်များ ရောင်းချနိုင်ရေးအတွက် ဈေးကွက်ဖန်တီးပေးပါမယ်။ လယ်ယာလုပ်ကိုင်နိုင်သူ လယ်လုပ်ပိုင်ခွင့် ရရှိစေရပါမယ်။

**အလုပ်သမားထု** တစ်ရပ်လုံးအတွက်လည်း Social Insurance System တစ်ခုရေးဆွဲပြီး အလုပ်သမားထုတစ်ရပ်လုံး၏ အခြေခံအခွင့်အရေးများကို အပြည့်အဝခံစားနိုင်အောင် စွမ်းဆောင်အကောင်အထည်ဖော်သွားပါမယ်။

**ပြည်သူလူထုစားဝတ်နေရေးနဲ့ပတ်သက်ပြီး တင်ပြရရင်** အခြေခံစားကုန်သောက်ကုန်တွေ ဈေးနှုန်းတည်ငြိမ်ရေးနဲ့ ပြည်တွင်းဖူလုံရေးကို အဓိကထား ဆောင်ရွက်သွားပါမယ်။ တစ်ဖက်တစ်လမ်းမှ ပို့ကုန်မြှင့်တင်ရေးကို အခြေပြုတဲ့ စီးပွားရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်သွားပါမယ်။

**နိုင်ငံ့ဝန်ထမ်းအရေးနဲ့ပတ်သက်ပြီး** ဝန်ထမ်းများ၏ လုပ်ခ/လစာကို ခေတ်ကာလနဲ့ လိုက်လျောညီထွေ ဖြစ်စေရေး၊ ဖူလုံရေးကို အဓိကထားပြီး သတ်မှတ်ဆောင်ရွက်ပေးပါမယ်။ ဒ့ါအပြင် အငြိမ်းစားဝန်ထမ်းတွေအတွက်လည်း မှီခိုမှုကင်းမဲ့ပြီး စားဝတ်နေရေး ဖူလုံလောက်ငသော အငြိမ်းစားလစာများကို ချီးမြှင့်ပေးသွားပါမယ်။

**လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး တင်ပြရင်** လူမှုရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှုရှိစေရပါမယ်။ အခြေခံဥပဒေနဲ့အညီ လွတ်လပ်စွာ ရေးသားပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်၊ ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်၊ လွတ်လပ်စွာ ဝမ်းစာရှာပိုင်ခွင့်နှင့် နိုင်ငံတော်အတွင်း လွတ်လပ်စွာသွားလာနေထိုင်ပိုင်ခွင့် ရှိစေရပါမယ်။

**မျိုးဆက်သစ်လူငယ်များအရေးနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြရရင်** လူငယ်များဟာ နောင်အနာဂတ်မှာ တိုင်းပြည်ရဲ့သားကောင်းရတနာများဖြစ်ကြတဲ့အားလျော်စွာ နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ လုပ်သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်သွားပါမယ်။ ဒါကြောင့် လူငယ်များကို မိမိတတ်ကျွမ်းတဲ့ ပညာနဲ့အညီ ထူးချွန်မှုအလိုက် ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ခွင့်၊ ပညာသင်ကြားခွင့်ပေးရပါမယ်။ တစ်ဖက်မှာလည်း လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနဲ့ နိုင်ငံတကာရေးရာများအပေါ် အမြင်ကျယ်ရေးကို ပြုစုပျိုးထောင်ပေးပါမယ်။

**တပ်မတော်ကဏ္ဍကိုတင်ပြရရင်** တပ်မတော်သည်အစဉ်အလာကြီးမားခဲ့သော မျိုးချစ်တပ်မတော်အဖြစ် ရပ်တည်လျက် အချုပ်အခြာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတပ်မတော်အဖြစ်ရပ်တည်ခွင့်ရရှိစေရပါမယ်။

**စာပေယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍကို ဆက်လက်တင်ပြမှာဖြစ်ပါတယ်-**

ပြည်ထောင်စုဖွားလူမျိုးအားလုံး၏ စာပေ၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းစဉ်လာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရင်း တစ်ဖက်မှာလည်း ဖွံ့ဖြိုးမှုလုပ်ငန်းများကို အားပေးကူညီသွားမည်။ အလုပ်လက်မဲ့ဖြစ်နေသူများအတွက် အလုပ်အကိုင်ရရှိစေရန် နိုင်ငံတော်ဘဏ္ဍာငွေထဲမှ လိုအပ်သလိုသုံးစွဲပြီး အလုပ်အကိုင် ဖန်တီးပေးခြင်း၊ မိဘမဲ့ကလေးများအား ကူညီစောင့်ရှောက်ခြင်း၊ သက်ကြီးရွယ်အိုများအတွက် ဘိုးဘွားရိပ်သာများ တည်ဆောက်ပေးခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုသည် လမ်းပန်းဆက်သွယ်ရေးအပေါ် မူတည်သည့်အလျောက် တစ်နိုင်ငံလုံးလမ်းပန်းဆက်သွယ်ရေးလွယ်ကူအောင် လိုအပ်သလို ဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့ "အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ" ၏ ဆောင်ပုဒ်တွေကတော့-

၁- ပြည်ထောင်စုဖွား၊ ပြည်သူများ
ဘာသာလူမျိုး၊ မခွဲခြား
တန်းတူခွင့်ရေး၊ ရစေသား။

၂- ပြည်သူများအတွက်
လိုအပ်လာပြီ၊ ဒီမိုကရေစီ
ညီနောင်များအတွက်
ပေါ်ထွက်လာပြီ၊ NDPD

၃- အမျိုးသားတိုင်း ဒီမိုကရေစီရရှိရေးသည်. . . ပထမ
အမျိုးသားငြိမ်းချမ်းရေးသည်. . . အဓိက
အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးသည်. . . . ပဓာန

၄- အမျိုးရေးရာ ဆောင်ရွက်ဖို့
NDPD ဝင်ကြစို့။

၅- မြန်ပြည်တစ်လွှား ကျင်းပတော့မည်
ပါတီစုံညီ၊ ဒီမိုကရေစီ
အမျိုးသားတို့၊ ရွေးချယ်သင့်ပြီ
မဲတစ်ပြားနှင့် NDPD တို့ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား-**

နိဂုံးချုပ်တင်ပြရရင် ကျွန်တော်တို့ ပါတီဟာ စာအုပ်ကလောင်တံဆိပ်ဖြင့် အရွေးခံမှာဖြစ်ပါတယ်။ လာမည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်မှာ ကျင်းပမယ့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးဟာ မိမိတို့ရဲ့ မဲတစ်ပြားနဲ့ မိမိတို့လိုလားတောင့်တနေတဲ့ ဒီမိုကရေစီစနစ်၊ မိမိတို့ လိုချင်တဲ့ အခွင့်အရေး၊ မိမိတို့ဆောင်ရွက်လိုတဲ့ အမျိုးသားရေးတို့ကို ဆောင်ရွက်ခွင့်ရမှာဖြစ်တဲ့အတွက် ဒီမဲတစ်ပြားကို တန်ဖိုးရှိရှိသုံးတတ်ဖို့ အရေးကြီးလာပါတယ်။

မိမိရဲ့ မဲတစ်ပြားတန်ဖိုးကို သိရှိနားလည်ပြီး လာရောက်မဲထည့်ကြဖို့လည်း မှာကြားလိုပါတယ်။

ပြည်သူတို့အနေနဲ့ ဝေဖန်သုံးသပ်ပြီး လူမျိုးဘာသာခွဲခြားမှုမရှိဘဲ တန်းတူအခွင့်အရေးရအောင် ကြိုးပမ်းဆောင်ရွက်နေတဲ့ ဒီမိုကရေစီလိုလားတဲ့ ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ်လောင်းတွေကို အားပေးထောက်ခံပေးကြပါ။ မိမိတို့ရဲ့ မဲတစ်ပြားနဲ့ "စာအုပ်ကလောင်"တံဆိပ် NDPD ကို အမှန်ခြစ်ရွေးချယ်သင့်ပြီ။ အမျိုးသားရေးဆောင်ရွက်ဖို့ "စာအုပ်ကလောင်"တံဆိပ်ကို မဲထည့်ကြပါစို့လို့ ပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော်မူကြပါစေ။

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးတင်နိုင်သိန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားချစ်ခင်အပ်ပါသော မိဘပြည်သူများခင်ဗျား-**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အထွေထွေအတွင်းရေးမှူး ဦးတင်နိုင်သိန်း ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ၂၀၁၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်တင်မြှောက်ပွဲမှာ မိဘပြည်သူများရဲ့ ချစ်ခင်ယုံကြည်မှု၊ အားပေးထောက်ခံမှုကြောင့် အစိုးရဖွဲ့နိုင်ခဲ့တဲ့ ပါတီဖြစ်ပါတယ်။ အဲဒီအချိန်ကတည်းက မိဘပြည်သူများရဲ့ ယုံယုံကြည်ကြည် မဲပေးအပ်နှင်းလိုက်တဲ့ နိုင်ငံ့တာဝန်တွေကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူတွေအတွက် ပြန်လည်အလုပ်အကျွေးပြု၊ ကျေးဇူးဆပ်နိုင်အောင် အစဉ်တစိုက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**မိဘပြည်သူများခင်ဗျား-**

ပြည်သူတွေလိုလားနေတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် စတင်ပြောင်းလဲပေးခဲ့တဲ့ အစိုးရဟာ ကျွန်တော်တို့ပါတီရဲ့ အစိုးရဖြစ်လို့ **"ဒီမိုကရေစီပြောင်းလဲမှုအစပြည်နိုင်ဖြိုးက"**လို့ ဆိုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်ရာမှာ အဆင့်သုံးဆင့်နဲ့ ကြိုတင်ပြင်ဆင်ပြောင်းလဲခဲ့တာဖြစ်ပါတယ်။

ပထမအဆင့်ဖြစ်တဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အကြိုပြင်ဆင်မှုအဆင့်တွင် ယခင်တပ်မတော်အစိုးရက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားပြည်သူ အလွှာပေါင်းစုံနဲ့ အချိန်ယူရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပပေးပြီး လွှတ်တော်နဲ့ အစိုးရဖွဲ့စည်းနိုင်အောင်၊ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ကြိုတင်ပြင်ဆင်စီစဉ်ပေးခဲ့ပါတယ်။

ဒုတိယအဆင့်ဖြစ်တဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်အတွက် အသွင်ကူးပြောင်းရေးအဆင့်တွင် ပါတီဥက္ကဋ္ဌ ဦးသိန်းစိန်အနေနဲ့ နိုင်ငံတော်သမ္မတတာဝန် စတင်ထမ်းဆောင်ကတည်းက ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွေကို ညင်သာချောမွေ့စွာနဲ့ အောင်မြင်အောင် ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံတကာက အသိအမှတ်ပြုမှုနဲ့အတူ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးအခြေအနေဟာ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်ခဲ့တာကို မိဘပြည်သူများအားလုံး သိရှိပြီးဖြစ်ပါတယ်။

တတိယအဆင့်ဖြစ်တဲ့ ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးရင့်ကျက်ခိုင်မာသည့်အဆင့်ကို မကူးပြောင်းမီ ပြည်တွင်းပဋိပက္ခများနဲ့ တိုင်းရင်းသားလူမျိုးစုပြဿနာများ စတဲ့စိန်ခေါ်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုရရှိအောင် ဦးစားပေးဆောင်ရွက်ရန် လိုအပ်လာခဲ့ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရက အပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးနဲ့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာဆောင်ရွက်ခဲ့ပါတယ်။ ဆွေးနွေးပွဲရလဒ်အောင်မြင်မှုအဖြစ် နိုင်ငံရေးအခြေခံမူနှစ်ခုဖြစ်တဲ့ လက်နက်ကိုင် ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းနဲ့ ဆက်လက်ဆွေးနွေးအဖြေရှာ ဆွေးနွေးရန်ဆိုတဲ့မူနဲ့ တိုင်းရင်းသားများရဲ့ တန်းတူရည်တူရှိမှုအတွက် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်ရေးဆိုတဲ့မူကို သဘောတူညီချက် ရရှိခဲ့ပါတယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးကိစ္စကို ကျွန်တော်တို့ပါတီအနေနဲ့ မူအားဖြင့် သဘောတူပြီးဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပပြီး ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် လိုအပ်မည့် ဥပဒေအချက်အလက်များသာမက ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးရင့်ကျက်ခိုင်မာရေးအတွက် လိုအပ်မည့် ဥပဒေအချက်အလက်များကိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖြည့်စွက်ပြင်ဆင်ရန် မလွဲမသွေလိုအပ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ညှိနှိုင်းပြီးသည့် အချိန်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြည့်စွက်ပြင်ဆင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယခုလို ပြည်တွင်းငြိမ်းချမ်းရေး မရရှိသေးမီ ပြည်တွင်းပဋိပက္ခများရှိနေဆဲကာလတွင် တပ်မတော်ဟာ လွှတ်တော်၊ အစိုးရ၊ တိုင်းရင်းသားပြည်သူတို့နဲ့အတူ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရမယ့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ကျွန်တော်တို့ပါတီက ရှုမြင်ပါတယ်။

ထာဝရငြိမ်းချမ်းရေးရရှိပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းတဲ့အချိန်မှာ တပ်မတော်ဟာ နိုင်ငံရေးထက် နိုင်ငံကာကွယ်ရေးတာဝန်ကို ပြောင်းလဲထမ်းဆောင်သွားရမှာဖြစ်လို့ လွှတ်တော်အတွင်း နိုင်ငံရေးဟာလည်း တဖြည်းဖြည်း ပြောင်းလဲသွားမှာဖြစ်ပါတယ်။

သို့မှသာလျှင် **"နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အစွန့်ရှည်တည်တံ့ခိုင်မြဲရေး"**ဆိုတဲ့ ကျွန်တော်တို့ပါတီရဲ့ ရည်မှန်းချက်အတိုင်း တစ်နိုင်ငံလုံးအေးချမ်းသာယာပြီး စီးပွားဖွံ့ဖြိုးမှုနှင့်အတူ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုး ရင့်ကျက်ခိုင်မာတဲ့အဆင့်သို့ မလွဲမသွေ ရောက်ရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံအေးချမ်းသာယာရေးအတွက် **"စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရန်"** လိုအပ်သလို နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် **"ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး"**နဲ့ **"အလယ်အလတ်အဆင့် ဝင်ငွေရှိသော နိုင်ငံအဖြစ်သို့ ရောက်ရှိရေး"** ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဒီလုပ်ငန်းစဉ်များဟာ မြန်မာနိုင်ငံအနေနဲ့ မဖြစ်မနေလုပ်ဆောင်ရမယ့် လိုအပ်ချက်များဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ပါတီရဲ့ အဓိကဦးစားပေးတာဝန်အဖြစ် ပြည်သူများနဲ့အတူ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်တဲ့နေရာမှာ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရင့်ကျက်ခိုင်မာဖို့အတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို ခေတ်စနစ်နဲ့ကိုက်ညီအောင် လွှတ်တော်က ပြင်ဆင်ပြဋ္ဌာန်းရေး ဆောင်ရွက်လျက်ရှိပါတယ်။

အစိုးရအဖွဲ့ကလည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှာ ယခင်ခေတ်ဟောင်းစနစ်ဟောင်းက လုပ်နည်းလုပ်ဟန်တွေကို ပြင်ဆင်ရန်လိုအပ်တဲ့အတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ အရှိန်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့ အစိုးရစတင်တာဝန်ယူချိန်ကတည်းက တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝမြင့်မားရေးကို ဦးတည်ပြီး **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်"** များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး တောင်သူလယ်သမားများအတွက် အနာဂတ်ဘဝ အာမခံချက်ရအောင် ဥပဒေများပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အလားတူ ဝန်ထမ်းများလစာတိုးပေးခြင်း၊ အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခကြေးငွေ သတ်မှတ်ပေးခြင်းတို့အပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီး အလုပ်သမားများရဲ့ အနာဂတ်ဘဝ အာမခံချက်ရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ကောင်းမွန်တဲ့အနာဂတ်ကို ဖန်တီးပေးနိုင်ရန် အရည်အသွေးရှိသော နိုင်ငံတကာအဆင့်မီပညာရေးဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

တစ်မျိုးသားလုံးလွှမ်းခြုံသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်က ကျန်းမာရေးအသုံးစရိတ်များကို သိသိသာသာတိုးမြှင့် အသုံးပြုလျက်ရှိပါတယ်။

အမျိုးသမီးများနှင့်စပ်လျဉ်းပြီး ကဏ္ဍတိုင်းမှာ အမျိုးသမီးများကို အမျိုးသားများနဲ့ တန်းတူပါဝင်နိုင်ရေး၊ အမျိုးသမီးများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနဲ့ အမျိုးသမီးများရဲ့ အခန်းကဏ္ဍပိုမိုပါဝင်ရေး အားပေးမြှင့်တင်သွားမှာဖြစ်ပါတယ်။

နိုင်ငံရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းမြှင့်တင်ရန် လိုအပ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းပြီး စာပေယဉ်ကျေးမှု၊ ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်၊ ပန်းချီ၊ ပန်းပုအစရှိတဲ့ အနုပညာကဏ္ဍကို အားပေးမြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

နိုင်ငံသားအားလုံး တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ရရှိခံစားနိုင်ရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတို့ကို အလေးထားဆောင်ရွက်ပြီး တည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေး၊ အစိုးရအုပ်ချုပ်ရေးယန္တရားကို ပိုမိုသန့်ရှင်းတိုးတက် ကောင်းမွန်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံရဲ့ စီးပွားရေးအခြေအနေကိုကြည့်ရင် စီးပွားရေးတံခါးဖွင့်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ကုန်သွယ်မှုမှာ ၂၀၁၀ ခုနှစ်ကထက် ကုန်သွယ်မှုပမာဏ ၉၁ ရာခိုင်နှုန်း တိုးတက်လာသလို ရင်းနှီးမြှုပ်နှံမှု ၄၅ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ပါတယ်။

- လွန်ခဲ့တဲ့ လေးနှစ်ကျော်ကာလအတွင်းမှာ သိသာထင်ရှားတဲ့ လူမှုစီးပွား တိုးတက်မှုများအဖြစ် လျှပ်စစ်မီး၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းလိုင်းဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးနဲ့ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အပိုင်းတွေကို တွေ့ရှိရမှာဖြစ်ပါတယ်။
- ယခုအခါ လျှပ်စစ်ဓာတ်အားရရှိသော ကျေးရွာပေါင်း ၂၇၀၀၀ ကျော်အထိ တိုးတက်လာခဲ့ပြီး လျှပ်စစ်မီးသုံးစွဲနိုင်သည့် အိမ်ထောင်စု ရာခိုင်နှုန်း ၃၀ အထိ တိုးတက်ရောက်ရှိလာကြောင်း တင်ပြအပ်ပါတယ်။
- အင်တာနက်အသုံးပြုသူဦးရေ ၁၈ သန်းနီးပါးအထိရှိလာပြီး မိုဘိုင်းဖုန်းများ၊ မော်တော်ဆိုင်ကယ်များကို ကျေးလက်နေပြည်သူများ စျေးနှုန်းချိုသာစွာနဲ့ ပိုမိုဝယ်ယူသုံးစွဲလာနိုင်ခဲ့ပါတယ်။ အလားတူ မော်တော်ကားဝယ်စီးနိုင်သူ လူလတ်တန်းစားဦးရေလည်း သိသာစွာ တိုးတက်များပြားလာခဲ့ပါတယ်။ ယခုအခါ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့ပြများသာကမ ကျေးရွာချင်းဆက်လမ်းများအထိ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုကြောင့် ကူးသန်းရောင်းဝယ်မှုများ ပိုမိုလျင်မြန်ချောမွေ့လာစေခဲ့ပါတယ်။
- ပြည်သူများရဲ့ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများရဲ့ ကုန်ထုတ်လုပ်မှုတိုးတက်လာအောင် အရင်းအနှီးနဲ့ နည်းပညာ လိုအပ်ချက်များ ပေါင်းစပ်အားပေးမြှင့်တင်သွားမှာ ဖြစ်ပါတယ်။
- အနာဂတ်မှာ မြေမဲ့၊ အိမ်ရာမဲ့များအပါအဝင် ပြည်သူများရဲ့ နေထိုင်စားသောက်လုပ်ကိုင်ရေးအဆင်ပြေပြီး မြေယာပြဿနာများ မဖြစ်ပွားစေရန်နှင့် မြို့ပြကျေးရွာများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေကို ရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံအတွက် သမိုင်းမှတ်တိုင်စိုက်ထူနိုင်မယ့် လုပ်ငန်းများအဖြစ် နှစ် ၃၀ ကျော်ကြာ မဆောင်ရွက်နိုင်ခဲ့တဲ့ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပခြင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူလျက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဦးဆောင်ကျင်းပခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာပြည်သူတစ်ရပ်လုံးကိုယ်စား နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံရဲ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တင်ပြခဲ့တဲ့ ပါတီရဲ့မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များအပေါ်မှာ မိဘပြည်သူများက ခြုံငုံလေ့လာသုံးသပ်ကြည့်မယ်ဆိုရင် ပါတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့ လွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်အားလုံးဟာ ပြည်သူများကို အလုပ်အကျွေးပြု ကျေးဇူးဆပ်နိုင်အောင် အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပြည်သူအားလုံးရဲ့ လိုအင်ဆန္ဒနှင့် လိုအပ်ချက်အားလုံးကို အချိန်တိုကာလအတွင်း ရာနှုန်းပြည့်မဖြည့်ဆည်းပေးနိုင်သေးသော်လည်း အတိုင်းအတာတစ်ခုထိ ပြည်သူများရရှိခံစားနိုင်တဲ့ အကျိုးရလဒ်ရအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။

- ဒါကြောင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရင်း ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးဦးတည်နေပြီဖြစ်လို့ ဒီအရှိန်အဟုန်ကို ဆက်လက်ဖော်ဆောင်နိုင်မယ့်ပါတီကို စဉ်းစားရွေးချယ်ပေးကြပါ။
- ပြည်သူများ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်စေရန်အတွက် တိုင်းပြည်ကို တည်တည်ငြိမ်ငြိမ် ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်တဲ့အစိုးရကို ဖွဲ့စည်းပေးနိုင်မယ့်ပါတီကို ဦးစားပေးစဉ်းစားရွေးချယ်ပေးကြပါ။
- ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝ အနာဂတ်မှာပိုမိုပြောင်းလဲတိုးတက်ကောင်းမွန်အောင် အရှိန်မြှင့်တင်ဖော်ဆောင်ပေးမယ့်ပါတီနဲ့ အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်များကို ဦးစားပေးစဉ်းစားရွေးချယ်ပေးကြပါရန်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျ စည်းရုံးဟောပြောခွင့်ပြုလျက်ရှိရာတွင် တိုင်းရင်းသား လူမျိုးစုများ ဖွံ့ဖြိုးရေးပါတီအနေဖြင့် လာရောက်ဟောပြောခြင်းမပြုခဲ့၍ ဖော်ပြနိုင်မှု မရှိခြင်းဖြစ်ပါကြောင်း စာဖတ်ပရိသတ်အား အသိပေးအပ်ပါသည်။
ENDP

# တစ်နိုင်ငံလုံးထုတ်ပြန်သည့် နောက်ဆုံးမဲစာရင်းတွင် အက္ခရာစဉ်၍ ကြေညာခြင်းကြောင့် မဲစာရင်းကြည့်သူများ အခက်အခဲတွေ့ကြုံ

ရန်ကုန် စက်တင်ဘာ ၁၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် တစ်နိုင်ငံလုံးထုတ်ပြန်သည့် နောက်ဆုံးမဲစာရင်းတွင် လမ်းနှင့် အက္ခရာစဉ်၍ ကြေညာခြင်းကြောင့် မဲစာရင်းကြည့်သူများ အခက်အခဲတွေ့ကြုံရကြောင်း မဲစာရင်းလာရောက်ကြည့်သူများထံမှ သိရသည်။**

မဲစာရင်းကို အက္ခရာစဉ်၍ကြေညာလိုက်ခြင်းကြောင့် မိသားစုမဲစာရင်းမှာ တကွဲတပြားဖြစ်ကာ အလွယ်တကူ ရှာဖွေ၍မရကြောင်း၊ ထို့ပြင် ပထမအကြိမ် မဲစာရင်းမှားသောကြောင့် ပြင်ဆင်ခဲ့သော်လည်း ယခုနောက်ဆုံးမဲစာရင်းတွင် ယခင်အမှားအတိုင်း ပြန်ပါလာကြောင်း မဲစာရင်းလာကြည့်သည့် လှိုင်မြို့နယ် (၉)ရပ်ကွက်မှ မဲဆန္ဒရှင် တစ်ဦးကဆိုသည်။

"ကျွန်တော်ဖြစ်စေချင်တာက မဲစာရင်းလာကြည့်တဲ့သူတွေ လွယ်လွယ်ကူကူပေါ့။ တိုက်ဆိုလည်းတိုက် ဘယ်လောက်ကစပြီးတော့ အလွယ်တကူလေးကြည့်လို့ရအောင်ပါ။ မိသားစုတစ်ခုဆိုလည်း တောက်လျှောက်စီနီယာလေးနဲ့ အခုဟာက အဖေက ဒီစာရွက်မှာဆိုရင် ညီက ဟိုစာရွက်မှာ၊ ညီမကတခြားဘုတ်တစ်ခုမှာ ဆိုတော့ ကြည့်ရတာ အခက်အခဲဖြစ်ပါတယ်။ မဲပေးချင်တဲ့ ဆန္ဒတစ်ခုနဲ့ သာလာကြည့်ရတာ၊ ဒီရောက်တော့လည်း မဲစာရင်းက အရင်တစ်ခေါက်လိုပဲ မှားနေတော့ အချိန်ထပ်ပေးပြီး ပြင်ရပါတယ်"ဟု အထက်ပါမဲဆန္ဒရှင်က ထပ်မံပြောကြားသည်။

အဆိုပါမဲစာရင်းလာကြည့်ရာ၌ အခက်အခဲဖြစ်ကြောင်းကို ကမာရွတ်မြို့နယ် (၃)ရပ်ကွက်မှ မဲဆန္ဒရှင် တစ်ဦးကလည်း "မဲစာရင်းလာကြည့်တော့ ကြည့်တဲ့သူတွေ အကုန်လုံးအခက်အခဲတော့ရှိနေတာပဲ။ အခုသူတို့ မဲစာရင်းရေးတဲ့ပုံက ကျွန်တော်တို့ ရတနာမြိုင်လမ်းချည်းပဲဆို ကျွန်တော်တို့နာမည်ရှာရတာလွယ်တယ်။ အခုဟာက ရတနာမြိုင်လမ်းဆိုပြီး ဆယ်ယောက်လောက်ပဲလာလိုက်၊ နောက်ပတ္တမြားလမ်းဖြစ်သွားလိုက် နောက်ခိုင်ရွှေဝါဖြစ်လိုက်၊ရတနာမြိုင်လမ်းကိုတွေ့ဖို့ကိုတောင် အဲဒီမှာ ပတ်ပတ်လည်ရှာနေရတယ်" ဟုဆိုသည်။

နောက်ဆုံးမဲစာရင်းကို စက်တင်ဘာ ၁၄ ရက်မှ စက်တင်ဘာ ၂၇ရက်အထိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာသွားမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သွားရောက်ကြည့်ရှုပြီး အမည်မပါပါက ပုံစံ(၃)ဖြင့် ဖြန့်ဝေသွားခြင်း၊ မပါသင့်သူများပါနေပါက ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးခြင်း၊ အချက်အလက်မှားနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်ပေးမှသာ မဲပေးနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာထားသည်။

**(ဝဝ၄)**


ဓာတ်ပုံ- ဇေယျာဝင်း

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ ဆွေးနွေးပွဲကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၇**

ဆင်ပေါင်ဝဲမြို့တွင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ စခန်းမှူးများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဝင်များ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ရွေးကောက်ပွဲ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောင်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမော်မော်က လုံခြုံရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မောင်က ကော်မရှင်ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးတို့က ရွေးကောက်ပွဲဆိုင်ရာများနှင့် မိမိတို့တာဝန်ကျနယ်မြေများတွင် တွေ့ကြုံရသည်များကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကလေးဝမြို့တွင် ဒုတိယအကြိမ်အခြေခံမဲစာရင်းကြေညာ

**ကလေးဝ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ၂၀၁၅ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်များမှမဲစာရင်းတွင်ပါဝင်မှုမရှိခြင်း၊ မှားယွင်းခြင်းတို့ကို ပြင်ဆင်နိုင်ရန်နှင့် တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ကန့်ကွက်လွှာများတင်သွင်းနိုင်ရန်အတွက် ဒုတိယအကြိမ်အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်(၃)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၃၆)အုပ်စုတွင် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းမှစ၍ ကြေညာခဲ့သည်။

အဆိုပါအခြေခံမဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၄ ရက် မှ ၂၇ ရက်အထိ ၁၄ ရက်ကြာ ကြေညာမည်ဖြစ်ပြီး ကလေးဝမြို့တွင်သဘာဝဘေးအန္တရာယ်များကြောင့် သွားလာရန်ခက်ခဲသည့်အတွက် သတ်မှတ်ပုံစံများတင်သွင်းရန် အချိန်ပေးသည့်အနေဖြင့် နောက်ထပ် ခုနစ်ရက်ထပ်တိုးပေးထားပြီး ရက်ပေါင်း ၂၁ ရက် ကြေညာသွားမည်ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှရွှေက ပြောကြားသည်။ ကလေးဝမြို့နယ်အတွင်း မဲပေးနိုင်သူ မဲဆန္ဒရှင် ကျား/မ စုစုပေါင်းမှာ ၃၉၀၅၂ ဦးရှိကြောင်းသိရသည်။

**သီဟ(iprd)**

# မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များတွင် မဲဆန္ဒရှင်စာရင်းများ ကြေညာထား

**မင်းဘူး စက်တင်ဘာ ၁၇ ။ ။** မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ တွင် စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်ထိ မဲစာရင်းများကပ်ထားသည်။

မင်းဘူးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက မင်းဘူးခရိုင် မင်းဘူးမြို့နယ်တွင် ရပ်ကွက်/ကျေးရွာ အုပ်စု ၇၄ အုပ်စု၊ မဲရုံ ၁၇၂ ရုံ၊ အခြေခံမဲဆန္ဒရှင် စုစုပေါင်း ၁၂၈၃၄၉ ဦး၊ ပွင့်ဖြူမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာ ၅၆ အုပ်စု၊ မဲရုံ ၁၅၉ ရုံ၊ အခြေခံမဲဆန္ဒရှင် ၁၂၀၈၀၃ ဦး၊ စလင်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာ အုပ်စု ၁၀၉ အုပ်စု၊ မဲရုံ ၂၇၇ ရုံ၊ အခြေခံမဲဆန္ဒရှင် ၁၈၀၇၁၃ ဦး၊ ငဖဲမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၃၃ အုပ်စု၊ မဲရုံ ၇၂ ရုံ၊ အခြေခံမဲဆန္ဒရှင် ၃၅၇၀၀ နှင့် စေတုတ္တရာမြို့နယ်တွင် ရက်ကွက်/ကျေးရွာအုပ်စု ၄၈ အုပ်စု၊ မဲရုံ ၆၈ ရုံ၊ အခြေခံမဲဆန္ဒရှင် ၃၁၇၅၀ ရှိပြီး မင်းဘူးခရိုင်အတွင်း မဲရုံပေါင်း ၇၄၈ ရုံ၊ အခြေခံမဲဆန္ဒရှင် ၄၉၇၃၁၅ ဦးရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# မဲရုံဆောက်လုပ်ခြင်းမပြုတော့ဘဲ စာသင်ကျောင်းအများစုနှင့် အခြားနေရာများကို မဲရုံအဖြစ်သတ်မှတ်

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်အရှေ့ပိုင်းခရိုင်အနေဖြင့် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံဆောက်လုပ်ခြင်းမပြုတော့ဘဲ စာသင်ကျောင်းအများစုနှင့်အခြားနေရာများကို မဲရုံအဖြစ်သတ်မှတ်ထားကြောင်း အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ပြောသည်။

"ကျွန်တော်တို့ခရိုင်မှာ မြို့နယ်အလိုက် တင်ပြချက်အရ စုစုပေါင်း မဲရုံအရေအတွက်ဟာ ၁၆၈၆ ရုံရှိပါတယ်။ အဲဒီ ၁၆၈၆ ရုံမှာ မဲရုံအသုံးပြုတဲ့အခါ အမျိုးအစားတွေ အများကြီးရှိပါတယ်။ များသောအားဖြင့် စာသင်ကျောင်းတွေကို အသုံးပြုရပါတယ်။ ကျွန်တော်တို့မှာ မဲရုံဆောက်ဖို့အတွက် ခွင့်ပြုတဲ့ငွေနဲ့ တကယ်မဲရုံပီပြင်အောင်လုပ်ဖို့အတွက်က အဆင်မပြေနိုင်တဲ့အတွက် ကျွန်တော်တို့တတ်နိုင်သမျှ မဲရုံမဆောက်ဘဲနဲ့ အဆောက်အအုံတွေ၊ စာသင်ကျောင်းတွေကို အထူးသဖြင့် အားထားပြီးတော့ လျာထားသတ်မှတ်ရပါတယ်။ စာသင်ကျောင်းတစ်ကျောင်းဆိုရင် မဲရုံလေးငါးရုံလောက်ဖြစ်ပါတယ်"ဟု ဦးခင်မောင်ကျော်ကပြောသည်။

အဆိုပါမဲရုံ ၁၆၈၆ ရုံအနက် စာသင်ကျောင်းများတွင် ပြုလုပ်မည့် မဲရုံပေါင်း ၁၁၃၀ ရှိပြီး ဆွမ်းလောင်း ဓမ္မာရုံ ၃၃၃ ရုံ၊ ရုံးဌာန ၃၉ ဌာန၊ စက်ရုံအလုပ်ရုံများတွင် မဲရုံ ခုနစ်ရုံ၊ တပ်ရင်းတပ်ဖွဲ့များတွင် မဲရုံခြောက်ရုံ၊ ဂိုဒေါင် နှစ်နေရာ၊ သမဝါယမဆိုင်ခန်းနှစ်နေရာ၊ အိမ်ရာကွပ်ကဲရေးရုံး သုံးနေရာ၊ စာကြည့်တိုက်သုံးနေရာ၊ အားကစားရုံ ခုနစ်နေရာ၊ နေအိမ်တိုက်ခန်း ၁၂၄ ခန်း၊ မော်တော်ကားအရောင်းပြခန်း သုံးနေရာ၊ ဆေးပေးခန်းလေးနေရာ၊ ရိပ်သာနှစ်နေရာနှင့် အသင်းအဖွဲ့နေရာများတွင် ၂၂ နေရာတို့ဖြစ်ကြောင်း အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**(ဝဝ၄)**

